www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| တချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်။

# ဓဝင် ဒနိုင်းခ

# လက်ညှိုးညွှန်ရာ အချစ်ရှိစေ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၀၂၃၂၀၃၁၀ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၁၂၈၀၁၁၁၀ |
| အကြိမ် | – | ပထမအကြိမ်၊<br>၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)<br>ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊<br>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |
| အတွင်း/<br>အဖုံးပုံနှိပ်သူ | – | ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)<br>ရွှေရောင်လင်းပုံနှိပ်တိုက်<br>အမှတ်(၈၈)၊ ၅၁ လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |

"ထုတ်ဝေသည့်စာအုပ် ကက်တစလောက်အညွှန်း" (CIP)

၈၉၅.၈၃

ဒီနိုင်းခ

လက်ညှိုးညွှန်ရာ အချစ်ရှိစေ/ ဒီနိုင်းခ၊ ရန်ကုန်။

ရွှေသမင်စာပေ၊ ၂၀၁၀။

၂၃၂ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

( ၁ ) လက်ညှိုးညွှန်ရာ အချစ်ရှိစေ


BURMESE CLASSIC .com



✧ တစ်ဆိတ်လောက်...

အချစ်တွေ...

ကျေးဇူးပြုပြီး အိတ်စိုက်ထားပါ...။



www.burmeseclassic.com

www.burmeseclassic.com





မိုးလင်းလင်းချင်း နှင်းကို မြင်ချင်တဲ့စိတ်နဲ့ ပြတင်းတံခါးကို ဖွင့် လောကကြီးကို လှေလာတော့ နှစ်ဆယ့်တစ်ရာစု နှင်းတွေက ဘုရားရှူး နှင်းတွေပါလို့ ပြောရမည်ထင်ပါသည်။ တကယ်ဆို အခုလို ဇန်နဝါရီလဆန်းပိုင်းကတော့ ဘာပဲဖြစ်ဖြစ် အရုဏ်ဦးမှာ အုံ့ဆိုင်းနှင်းနဲ့ နှင်းတွေ ဝန်းကျင်ကိုလွှမ်းမိုးသင့်တာပေါ့၊ အခုဘော့ဗျာ နှင်းကိုချစ်တဲ့ ကျွန်တော် အခုလို ဆောင်းတွင်းကာလစစ်စစ်ကြီးမှ နှင်းမမြင်ရလို့ အောင့်သည်းအောင့်သက်ဖြစ်ဟာတော့ အမှန်ပင်၊ ပြောရမယ်ဆိုရင်ဗျာ ဆောင်းဆိုရင်လည်း နှင်းတွေဝေလို့၊ မိုးတွင်းဆိုရင်လည်း ရွာစမ်းကြိုက်သလောက်၊ နွေဆိုရင်တော့ (ကြိုက်သလောက်တော့ မပူပါနဲ့) တော်ရုံတန်ရုံပေါ့ . . ။





အခုတော့ အင်္ဂါမစုံတဲ့ ကောင်းကင်ကြီးမှာ နှင်းကို မတွေ့ရတော့ နေရထိုင်ရတာ စိတ်ပျက်စရာပါ . . ၊ နှင်းပျောက်တဲ့ဆောင်းလို့ ညည်းရမလိုလို . . ။ ကဝေ နှင်းမရှိတဲ့ ဆောင်းတွင်းကြီးကို စိတ်ပျက်စွာ တွေးမိဝေးမိရင်း နာရီကိုကြည့်လိုက်တော့ အလုပ်သွားဖို့ နီးပြီဆိုတာ သိလိုက်ပါသည်။

ကျွန်တော့်အကျင့်က အလုပ်သွားရင် ဘယ်တော့မှ ထမင်းချိုင့် မဆောင်၊ နေ့လယ် ထမင်းစားချိန်ဆို ကျွန်တော်တို့ဆိုင်နားက အကြော်သုပ်နဲ့ ထမင်းဖြစ်ဖြစ်၊ ထမင်းဖြူနဲ့လက်ဖက်ဖြစ်ဖြစ် ကြုံသလို တီးလိုက်တာပါပဲ . . ။

မေမေကတော့ ကျွန်တော် ထမင်းချိုင့်မယူသည့်အတွက် ဗျစ်တောက်တောက် ပြောလို့မဆုံး။ ဖေဖေက ပြောပါတယ် သူ့ရုံးကို ထမင်းစားချိန်လာပြီး ထမင်းလာစားဖို့ ပြောပေမယ့် ကျွန်တော့်အတွက် ဖေဖေ အလုပ်ရှုပ်မှာစိုးတာကြောင့် ကျွန်တော် မသွားပါ။

ပျင်းရင်ဖတ်ဖို့ စာအုပ်တစ်အုပ်ကို ယူထား၊ ပိုက်ဆံအိတ်ကို ခါးကြားထိုး၊ စာအုပ်ကိုကိုင်ထား ထွက်လာခဲ့ပါသည်။

လမ်းထိပ်ရောက်လို့ လက်ဖက်ရည်ဆိုင်ကို လှမ်းကြည့်တော့ ဦး က လက်လှမ်းပြတာကြောင့် လက်ဖက်ရည်ဆိုင်ထဲ ဝင်လာခဲ့ ပါသည်။

ဒီ (ခင်မြန်မာ)ဆိုတဲ့ လက်ဖက်ရည်ဆိုင်လေးထဲမှာ မနက်က



www.burmeseclassic.com

www.burmeseclassic.com



နေ ညအထိ ကျွန်တော်တို့အပေါင်းအသင်း တစ်ယောက်မဟုတ်ရင် တစ်ယောက်တော့ရှိစမြဲ။ အလုပ်က ပြန်လာလို့ ညနေစောင်းပြီဆိုရင် လူပိုစုံတတ်သည်။

"အစ်ကို ကျဆိမ့်ပဲလား…"

ထိုင်ထိုင်ချင်း စားပွဲထိုးလေးက မေးတော့ ကျွန်တော်က အခုလို ပြောသည်။

"လုပ်မနေပါနဲ့ကွာ…၊ ကျဆိမ့်ပဲမှာမှာ ချိုဆိမ့်ပဲမှာမှာ မင်းတို့ဆိုင်က တစ်မျိုးပဲ ဖျော်တတ်တာ မဟုတ်လား…"

ကျွန်တော့်စကားကြောင့် မနီးမဝေးက အဖျော်ခန်းထဲက အဖျော်ဆရာက ကြားတော့ စပ်ဖြဲဖြဲနဲ့ နှုတ်ခမ်းနား လက်ညှိုးတပ်ကာ 'တိုးတိုး' ဆိုတဲ့ အမူအရာကို လုပ်ပြပါသည်။

ဦးနဲ့ စကားပြောနေရင်း ငလျှင်ကြောမဖိဘဲ (လေလျှင်ကြော) မိကာ အမှတ်တမဲ့ နာရီကြည့်မိတော့မှ…။

"ဟိုက်!…"

ကျွန်တော် အလန့်တကြား ရေရွတ်သံကြောင့် ဦး က ကြောင်တောင်တောင်နဲ့ ကျွန်တော့်နာရီကို ကြည့်ကာ…"

"ဘာဖြစ်လို့လဲ…၊ နာရီနဲ့အချိန်ကိုက်ဗုံး မှားတပ်လာလို့လား"

"မင်းကြီးတော်ကို သွားတပ်…"

ဒါတောင် ဒီကောင်က…





"ဘယ်မှာ တပ်ရမှာလဲ…"

စပ်ဖြဲဖြဲနဲ့ ဦး ပြောတော့ ကျွန်တော် ထရပ်ရင်း…

"တပ်ချင်တဲ့ နေရာသာတပ်ကွာ လစ်ပြီ…၊ ဒီနေ့တော့ နောက်ကျပြီ ထင်တယ်"

"ဟေ့ကောင် လက်ဖက်ရည်ဖိုး ရှင်းခဲ့ဦးလေ"

ကျွန်တော် ကားမှတ်တိုင်ဘက် ခြေဦးတည့်ရင်း…

"မင်းပဲ စိုက်ရှင်းထားလိုက်…၊ ကိုးပြီ ဦး…"

"ဟေ့ကောင်…၊ ဟာ… ငါ့မှာ ပိုက်ဆံအပိုမပါဘူး"

နောက်မှ ကျန်ခဲ့တဲ့အသံတွေကို အတိတ်မှာထားကာ ပစ္စုပ္ပန်တာလဆီ ဦးတည်မယ့် ၃၈ ကားလေးဂိတ်ဆီ…။ မထူးတော့ပြီမို့ ရင်နာနာနဲ့ ဂိတ်က ဆိုက်ကားကို လှမ်းခေါ်ရပါတော့သည်။

ဆိုက်ကားဆရာ ကိုအညာသားက ကူရှင်ကိုပြင်ပေးရင်း…

"နောက်ကျလှချည်လား ကဝေ…"

"အေးဗျာ…၊ ဦးနဲ့ စကားဖောင်ဖွဲ့ရင် သိတဲ့အတိုင်းပဲ"

ကျွန်တော့်စကားကြောင့် ကိုအညာသားက ရယ်ရင်း…

"ဖြစ်ရမယ်…၊ မင်းပြောပုံအရဆိုရင် စကားဖောင်ဖွဲ့ရင်း ရှိန်းစုန်းမြုပ်သွားတာပေါ့…"

ကိုအညာသားစကားကြောင့် ကျွန်တော် သဘောကျစွာ ရယ်မိသည်။ ကားဂိတ်က သိပ်အဝေးကြီးမဟုတ်တော့ ရောက်သွား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုပါတော့..။

"ဟ.. များလှချည်လားဗျာ..၊ ကားဂိတ်မှာ ဆန်စေနေတာ ထင်တယ်.."

ကားဂိတ်မှာ စုအုံနေတဲ့ လူတွေ သူတို့မျက်ဝန်းတွေက အဝေးက လာမယ့်ကားကို မျှော်လင့်ခြင်းများစွာဖြင့် ချစ်သူရည်းစားအလာကို ငေးကြည့်နေတဲ့ ဟန်ပန်တွေ..။ လူအုပ်ကြီးကိုကြည့်ပြီး ကျွန်တော့်စိတ်က ပြင်လို့မရတဲ့ တရုတ်ဖြစ် နာရီအစုတ်လေးလို ပျက်ရရှာပါသည်။

ကိုအညာသားက ဆိုက်ကားကိုရပ်ပြီး...

"မင်း ဒီပုံအတိုင်းသာ ထိုင်ခုံရမှ ကားစီးရမယ်ဆိုရင် ခြင်ထောင်တွေ၊ ခေါင်းအုံးတွေ တစ်ပါတည်းယူလာမှ ဖြစ်မှာ.."

"အဲဒီတော့..."

ကျွန်တော့်စကားလမ်းကြောင်းပေးတော့ ကိုအညာသားက ဆားပုလင်းနှင်းမောင် မျက်နှာပေးနဲ့ ဘီအီးဒီအောင်သိုက် လေသံကို ပေါင်းစပ်ပြီး...

"တွယ်လို့ရလို့ကတော့ တောက်တဲ့လို ကားကို ကပ်သာသွား၊ အဲဒါ ရုံးချိန်အတွင်း ကားစီးနည်းဗျူဟာထဲကပဲ၊ ဆွန်ဇူးမောင်မေ့နေတဲ့အကွက်ပဲ၊ ကဲ... သွားတော့.."

ကိုအညာသား စကားကြောင့် ဆိုက်ကားခ ပေးပြီး စစ်ထွက်





မယ့် ရှေးသူရဲကောင်းလို ပထမဦးဆုံး လုပ်တဲ့အလုပ်က လုံချည်ကို တိုတိုပြင်ဝတ်ကာ နိုင်,မနိုင် စိစစ်ရပါသည်။ ထို့နောက် ပိုက်ဆံအိတ်ကို ခါးကြားထိုး၊ စာအုပ်ကို လက်မှာကိုင်ကာ ဂိတ်ကို ထိုးဆိုက်လာမယ့်ကားကို ကြည့်ပါသည်။ လက်ထဲမှာ ညကတည်းက အသင့်လဲထားတဲ့အကြွေကို ကိုင်ရသေးသည်။ ဒီလိုအချိန်မှာ အကြွေပြန်အမ်းဖို့ စောင့်နေလို့ကတော့ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပါပဲ..။

"ဟော..."

လိုင်းကားတစ်စီး အဝေးက မြင်ရကတည်းက ကားဂိတ်မှာ လူတွေအားလုံး ပြိုင်ကားမောင်းပြိုင်ပွဲက ပန်းဝင်လာတဲ့ ပြိုင်ကားတစ်စီးကို တစ်စချင်း ဆွဲချွတ်ဖြုတ်မယ့်ဂျူတွေလို အသင့်..။

ကျွန်တော် ကားကွေ့ပြီဆိုတာနဲ့ လူအုပ်နဲ့အတူ သူ့ထက်ငါ အရင်ပြေးရပါသည်။

"နေကြပါဦးဟဲ့..၊ ဆင်းပါရစေဦး.."

အဆင်းခရီးသည်က မဆင်းရသေးဖူး မြန်သလားမမေးနဲ့ တချို့ဆို ကားဘေးကနေ အဆင်းခရီးသည် ဖင်ကြွပြီဆိုတာနဲ့ အထုပ်တွေ၊ ဖိုင်တွေ၊ ထမင်းချိုင့်တွေ လှမ်းတင်လိုက်ပါသည်။

အမှန်တော့ ခရီးသည်က ဒီအချိန် နှစ်ယောက်သုံးယောက်သာ ဆင်းတတ်ပါသည်။ စံပြဈေးနဲ့ နီးသည်မို့ ဒီလောက်ဆင်းတာကိုပဲ ကျေးဇူးတင်နေရပါသည်။ ဘာဖြစ်လို့လဲဆိုတော့ ခရီးသည်အတော်



www.burmeseclassic.com

www.burmeseclassic.com



များများဟာ နှစ်ဂိတ်,သုံးဂိတ်လောက်ကနေ ပတ်စီးကြခြင်းဖြစ်သည်။ ဒါဟာ ကားစီးနည်း ဖော်မြူလာတစ်ခုပဲ ထင်ပါသည်။

ဒီအချိန်မှာ Lady First တွေက ယောကျ်ားရင့်မာကြီးတွေထက်တောင် မြန်သေး..၊ ကျွန်တော်ကတော့ ကားရဲ့ ဘယ်ထောင့်ခြေနင်းကို ခြေတစ်ဖက် မရမကတင်ကာ တန်းကိုနိုထားသည်။ ကားတွေက ဂိတ်မှာ လက်မှတ်ထိုးပြီး ပြန်လာတဲ့ စပယ်ယာက အတွယ်များလို့ တစ်ယောက်နှစ်ယောက် ဆင်းနိုင်းပါသည်။ တော်သေးပါရဲ့ ကျွန်တော်က ထောင့်မှာမို့လို့ စပယ်ယာက မဆင်းနိုင်းပါ..။

"တင်လို့ရလို့ကတော့ ဦးရှင်ကြီးပါ တင်ခေါ်သွားချင်တာ၊ တကယ်မရလို့ ဆင်းနိုင်းတာပါဗျာ၊ ကဲ...ဒီက အားမန္တတန္တဲ့ မိန်းမလျှာကြီးက တွယ်စီးလို့ လှမြင်မကောင်းဖူးထင်တယ်"

အလယ်မှာ ပေပြီး တွယ်ထားတဲ့ မိန်းမလျှာက ကဗျာမဆန်တဆန် မျက်စောင်းထိုးကာ...

"ဟဲ့.. စပယ်ယာ၊ လှမြင်မကောင်းအောင် ငါကိုယ်လုံးတီးလေး တွယ်နေလို့လား.."

မိန်းမလျှာသံကြောင့် ကျွန်တော်အပါအဝင် ခရီးသည်တွေက ပြုံးစိစိ။ နောက်တော့ မိန်းမလျှာခမျာ အားမတန်လို့ မာန်လျှော့လိုက်ရပါသည်။ ဒါတောင် ဆင်းသွားခါနီး...

"သူများက ဒီအချိန် ကားစီးရတာ မျှော်လင့်နေတဲ့ဟာကို





သွား... ကိုကိုစပယ်ယာ လူဆိုး..."

စပယ်ယာခမျာ အောင့်သည်းအောင့်သက် ဖြစ်ရရှာပါသည်။ ကားစထွက်ခါစက အဆင်ပြေပေမယ့် နှစ်မှတ်တိုင် သုံးမှတ်တိုင်လောက်ကြာလာတော့ လက်အံသေလာပါသည်။ မှတ်တိုင်တစ်ခုရောက်တာနဲ့ အောက်ကိုဆင်း၊ ခဏ အညောင်းဖြေပြီး ကိုယ့်နေရာလွတ်သွားမှာစိုးတာကြောင့် အမြန်ပြန်တက်ရပါသည်။ ဒါတောင်ခြေတစ်ဖက်စာ နေရာလေးက တဖြည်းဖြည်း ကျဉ်းကျဉ်းသွားလို့ အတူတွဲတဲ့လူကို နေရာနည်းနည်းပေးဖို့ ပြောရပါသည်။ ဒီကြားထဲ ကျွန်တော်နဲ့ အနီးဆုံးထိုင်နေသူလေးက ကျွန်တော့်ကို ကျောပေးထိုင်ပြီး အပြင်ကို ငေးကြည့်နေဟန်တူပါသည်။

ကားရဲ့အရှိန်ကြောင့် သူမရဲ့ လုပသေသပ်တဲ့ ဆံနွယ်တွေဟာ ကျွန်တော့်နှာခေါင်းကို ဝင်တိုးပါသည်။ နှာခေါင်းဝရဲ့ ယားယံမှုနဲ့ လက်ညောင်းတဲ့ဒဏ်ဟာ အတော်ကို ဆိုးရွားလွန်းပါသည်။

"ဟို... ဒီက.. အမျိုးသမီး..."

အမျိုးသမီးက လှည့်ကြည့်ပါသည်။ ယားယံမှုတွေ၊ ညောင်းညာမှုတွေကြားထဲ နှလုံးသားကကျဉ်တက်သွားသည်။ ဒါပေမယ့်...

"ဟိုလေ... ခင်ဗျား ဆံပင်တွေ နည်းနည်းသိမ်းပေးပါလား"

ကောင်မလေးက ဖျတ်ခနဲ ပွင့်ပြတဲ့ ပန်းပွင့်လွှာတွေလို အပြုံးသို့ လှစ်ခနဲ ထုတ်ပြပြီး သူမ ဆံနွယ်တွေကို ရှေ့ကိုသိမ်းကာ...

www.burmeseclassic.com



"ဩော်.. ဆောရီး..."

ပြောပြီးပြန်လှည့်သွားပါသည်။ တအောင့်ကြာတော့ ကျွန်တော့်ကို ပြန်လှည့်ကြည့်ကာ စာအုပ်ကိုကိုင်ပြီး တန်းကိုဖက်ထားတာကို အခုမှ သတိရပုံနဲ့...

"စာအုပ်ပေးထားလေ.."

"ကျေးဇူး..."

"ရပါတယ်.."

ကျွန်တော့်စာအုပ်ကို သူမကို ပေးထားပါသည်။ 'ဆောရီး' နဲ့ 'ကျေးဇူး' စကားနှစ်ခွန်းကြားမှာ ကျွန်တော် ပင့်သက်ရှိုက်မိပါသည်။ ကျွန်တော့်ရဲ့ပင့်သက်က နာခေါင်းယားတာရယ်၊ ညောင်းညာတာရယ်နဲ့ မဆိုင်ဘူးထင်ပါသည်။

ဘေးက အတူတွဲတဲ့လူက ကျွန်တော့်ကိုပြုံးပြီး ကိုယ်ကိုကိုင်းကာ ကျွန်တော့်နားကပ်ပြီး တိုးတိုးပြောသည်။

"ဒီလိုများသိရင်ဗျာ.. ကျွန်တော်လဲ အိမ်ကစာအုပ်တွေ၊ ဗီရိုတွေ သယ်လာပါတယ်၊ နာလိုက်တာဗျာ"

"ကျွန်တော် နင်းထားလို့လား..."

ကျွန်တော် နောက်ရွှတ်ရွှတ်နဲ့ပြောတော့ ထိုလူက ရယ်သည်။ ပုဇွန်တောင်မှတ်တိုင်ရောက်တော့ ခရီးသည်တွေ တော်တော် ဆင်းဖြစ်ကြပါသည်။ သူမ မပါသေးပါ။ ကျွန်တော် သူမကို မသိမသာ





ခိုးကြည့်ပေမယ့် သူမရဲ့ ဘေးတိုက် ခပ်ဖွေဖွေသာ မြင်ခွင့်ရသည်။ ဆံပင်ကို နားရွက်နောက်ညှပ်ပြီး ထိုးထည့်ထားတော့ ညာဘက်နားထင်အစပ် ဆံပင်တွေရဲ့နားမှာ မှဲ့စိမ်းစိမ်းသေးသေးလေးကို သတိပြုမိပါသည်။ လုံးဝန်းတဲ့ မေးဖျားလေးရဲ့အောက် လည်တိုင်ကျော့ကျော့လေးဟာ အမည်မသိ ရှေးစာဆိုတွေရော၊ သိတဲ့ ရှေးစာဆိုတွေရော ပြောလေ့ရှိတဲ့ လည်တိုင်ကျော့ကျော့ သွယ်ညွတ်ပျော့ပျောင်း ရွှေဖယောင်းလေးလို ကျိုးသွားမတတ်ဆိုတာ ဒါပဲဖြစ်မည်ထင်သည်။

"ဂလု..."

တံတွေးကို အသာမျိုချရင်း မျက်လုံးလွှဲတော့ ဘေးကလူက ကျွန်တော့်ကိုကြည့်ပြုံးတော့ ကျွန်တော် ရှက်ကိုးရှက်ကန်းဖြစ်မိသည်။

"ဘယ်လိုလဲ ချစ်ခြင်းအစ ကားစီးမှ ဆိုတာ ဖြစ်လာပြီလား"

"တိုးတိုးလုပ်ပါဗျာ..၊ ကြားသွားမှဖြင့်..."

ထိုလူက ကျွန်တော့်ပြောပုံကြောင့် အသံနှိမ့်ရင်း...

"ကျားရဲ့သွားဖြစ်ဖြစ်၊ ယုန်ရဲ့သွားဖြစ်ဖြစ် ကြားသွားလဲ ပိုကောင်းတာပေါ့.."

ကျွန်တော် ထိုလူ့ရှည်လွန်းတဲ့ သတ္တဝါကို ဆက်မပြောတော့ဘဲ အပြင်ကိုပဲ ကြည့်နေပါသည်။

သူမ ဘိုကလေးဈေးမှာ မဆင်းပါ၊ ဘိုကလေးဈေးကျော်တော့ ကျွန်တော့်ဘက် လှည့်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ရော့..၊ ကျွန်မ ရှေ့မှတ်တိုင်ဆို ဆင်းတော့မှာ..."

"ကျေးဇူး..."

ကျွန်တော် စာအုပ်ကို ပြန်ယူလိုက်သည်။ သူမ ဆင်းသွားတော့ ကျွန်တော် လှည့်ကြည့်ချင်ပေမယ့် မကြည့်ဖြစ်ပါ။ ဒါကို ဆေးကလူက ရိပ်မိကာ...

"ဟေ့လူ သိပ်အိုက်တင်ခံမနေနဲ့..၊ ဘယ်ဘက်ချိုးလဲ လှမ်းကြည့်ထားဦး၊ နောက်မှ နောင်တရနေမယ်"

ကျွန်တော်လည်း သူမမှ မရှိတော့ ဘာရှက်စရာလိုမလဲဟု ကိုယ့်ကိုယ်ကို အားတင်းရင်း နောက်လှည့်ကြည့်တော့ သူမက အမှတ်တမဲ့ မျက်ဝန်းပင့်ကြည့်တာနဲ့ ဆုံသည်။ ချက်ချင်း သူမ မျက်ဝန်းလွှဲသွားပါသည်။

ပြီးတော့ တဖြည်းဖြည်း ဝေး...ဝေး...။

❑ ✦ ❑





✧ ငါပိုင်ဆိုင်တဲ့ အရာတွေ...
စက္ကူနှုတ်ခမ်းနဲ့ သိမ်းပိုက်
အလစ်အငိုက်လေးပါ..၊
ရှိပါစေလေ...
တစ်ဆိတ်လောက်...
အချစ်တွေ...
ကျေးဇူးပြုပြီး အိတ်ပိုက်ထားပါ..။



www.burmeseclassic.com

www.burmeseclassic.com





"ဟို စုန်းကောင် နောက်ကျလှချည်လား…"

"ဟာ… ကစေ ပါ ဦးလေးရာ.."

ဆိုင်ထဲဝင်ဝင်လာချင်း ဦးလေးက ခါးထောက်ကာ နဖူးကြောရှုံ့ပြီး ကျွန်တော့်ကိုကြည့်ကာ ပြောတော့ ကျွန်တော် စပ်ဖြဲဖြဲနဲ့ အခုလိုပြောသည်။ ကျွန်တော့်အပြောကြောင့် ဦးလေး မကျေနပ်ဟန် ဆက်ကြည့်မြဲ..။

"ဟေ့ကောင် ကစေပဲဖြစ်ဖြစ် စုန်းပဲဖြစ်ဖြစ် စကားရောဖောရော လုပ်မနေနဲ့..၊ ဘာလို့ နောက်ကျတာလဲ.."

"လှည့်ကောက်လို့မှ မရတာ.."





ဘေးက ဖြတ်လျှောက်သွားတဲ့ အိဖြိုး က ကျွန်တော့်စကားကြောင့် ခစ်ခနဲ ရယ်တော့ ဦးလေးက အိဖြိုးဘက် လှည့်မဲပါသည်။

"ဟဲ့… ဘာရယ်တာလဲ.."

ဦးလေးနောက်ကျောဘက်မှာ မိတ္တူဆွဲနေတဲ့ ဇော်ထိုက်က လက်ဖျားလေးတွေကို စုလိုက်ဖြန့်လိုက်လုပ်ပြကာ (မင်းဦးလေး ပွစိပွစိ ဖြစ်နေတယ်လို့ အချက်ပြသည်) အိဖြိုးက မျက်နှာငယ်လေး လုပ်ပြကာ…

"အို.. မရယ်မိပါဘူး ဦးလေး၊ ချစ်တီးကလဲ.."

"ဘာ…"

အိဖြိုး စကားကြောင့် ဦးလေး ဒေါသနဲ့အော်တော့ ကျွန်တော်ရော ကျန်တဲ့သူတွေ မရယ်မိအောင် မနည်းနေနေရသည်။ အိဖြိုး ခေါင်းကုတ်ရင်း…

"ဟို… ဦးလေးချစ်တိုးလို့ ပြောတာ…"

"နင်တို့တွေ ကြပ်ကြပ်သတိထားနေနော်..၊ ဟိုကောင် ငါ ဒေလယ်ပြန်ခဲ့မယ်၊ အခု ဟိုဘက်ဆိုင်သွားလိုက်ဦးမယ်"

"ကောင်းတယ် ဦးလေး"

"ဘာကွ…"

ဦးလေးဒေါသကြောင့် ကျွန်တော် ကပျာကယာ ဖြေရှင်းရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ နောက်ကျနေမှာစိုးလို့ နေမြင့်လာရင် မကောင်းဖူးလေ"

"နေမြင့်ဆိုတဲ့ကောင်က ဒီကို ဘာလာလုပ်မှာမို့လို့လဲ..."

"မဟုတ်ဘူးလေ..၊ ဟိုနေပူလာရင် မကောင်းဖူးလို့၊ အဲဒါ... ပြောတာ..."

"ဟင်... ဟင်..၊ မင်းတို့နော်..."

ဦးလေးက လက်ညှိုးထောင်ကာ မရှိမယ့်ရှိမယ့် ဒေါသကို ဓာတ်ပုံဆရာလို ပုံကြီးချဲ့ကာ ထွက်သွားပါသည်။

ဦးလေး ထွက်သွားတော့...

"ဟူး...၊ ခုမှပဲ..."

အိဖြိုးက သက်ပြင်းမှုတ်ရင်း ပြောတော့ ဦးလေးပြန်ဝင်လာကာ...

"ဆက်ပြောပါဦး၊ ခုမှပဲ..."

အိဖြိုး လန့်ဖျပ်ကာ ဦးလေးဘက်လှည့်ကြည့်ပြီး ကမန်းကတန်း ပြောရပါသည်။

"ဟိုလေ.. ခုမှပဲ..၊ အင်း... ဟိုလေ... မနေ့က ပစ္စည်းတွေ ခုမှပဲ ဆက်စစ်ရမယ်လို့ ပြောတာ၊ ဦးလေး ချစ်...တိုး..."

အရေးထဲ "တိုး" ဖြစ်နေတဲ့ ပါးစပ်ကို မနည်းဘရိတ်အုပ် လိုက်ဟန်ရှိသည်။





"ဟင်း.. ဟင်း..."

ဦးလေးက ဒေါသတွေကို တဟင်းဟင်းနဲ့ ထမင်းမပါဘဲ ပြောကာ ထွက်သွားသည်။

ဦးလေး ပြန်လှည့်လာလား အိဖြိုး မသိမသာကြည့်ပြီး ထွက်သွားပြီ သေချာမှ...

"ကိုဟိန်းကိုဝေရယ်..၊ နင် နောက်ကျတာ အရေးမကြီးဘူး၊ ငါတို့ပါ ကြားက အဆစ် အကောခံနေရပြီဟဲ့.."

အိဖြိုးစကားကြောင့် ကော်ပီရာ ဆွဲနေတဲ့ မြတ်ကိုက...

"ဟုတ်ပါ့ကွာ..၊ အရေးထဲ နင်ကလဲ ဦးချစ်တီးလို့ လွှတ်ခနဲ ထွက်သေးတယ်နော်.."

မြတ်ကို စကားကြောင့် အိဖြိုးက လျှာတစ်လစ်ထုတ်ပါသည်။

ကျွန်တော် ကောင်တာမှာဝင်ထိုင်တော့ ဝင်းမာအေးက ကျွန်တော့်အားမှာ ဝယ်သူရဲ့ပစ္စည်းကို ကွန်ပျူတာနဲ့ စာရင်းမှတ်ဖြတ်ပိုင်းထုတ်ပေးရင်း ပိုက်ဆံကို သပ်သပ်စီ ခွဲနေရင်းက...

"နေပါဦး..၊ နင်က ဘာလို့ နောက်ကျနေလို့လဲ.."

ကျွန်တော် ပြုံးစိစိနဲ့ သူမကို မြင်ယောင်ကာ ရင်ဘတ်ကို ပွတ်ပြတော့..။

"ဩော်...ရင်ဘတ်အောင့်နေတာလား၊ လေအောင့်တာလား"

"ဟာ ဒီဟာမလေးကတော့ လုပ်ပြီ..၊ ကားစီးရင် လှတာတာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတစ်ယောက်ကြောင့်ဟ၊ ရင်ဘတ်ကြီးကိုစွ·· ဘာမသိ ညာမသိ မသိကိုးမသိနဲ့···"

"နှာဘူး··"

ဒီဆိုင်မှာ ကျွန်တော့်ရာထူးက ပုံသေမရှိပါ။ အမေရဲ့မောင် ဦးလေးချစ်တိုးက လူပျိုကြီး၊ အရင်က ဦးလေးက သင်္ဘောသား အခုတော့ ပျဉ်းကတိုးသား အကြောမာပါတယ်။ ဦးလေး အခုတော့ ခေါင်းအေးအေးပဲ အမိမြေမှာ အလုပ် လုပ်ချင်သည်ဆိုတော့ ရေခဲ တုံး ခေါင်းမရွက်ဘဲ အခုလို မိတ္တူဆွဲခြင်းနဲ့ စာရေးစက္ကူနဲ့ပတ်သက် တဲ့ ပစ္စည်းဆိုင်ကို ဖွင့်ထားခြင်း ဖြစ်ပါသည်။

မိတ္တူကူးစက်က လေးလုံးရှိသည်။ မိတ္တူကူးစက်ဆိုပေမယ့် ပုံနှိပ်စက်အသေးအစားလို့ ပြောလို့ရပါသည်။ ပြီးတော့ အခု ကျွန် တော်တို့ဆိုင်ရဲ့ အနီးနားမှာ ရုံးတွေ၊ ကုမ္ပဏီတွေများတာကြောင့် တစ်ခါတစ်ခါ လာရိုက်ရင် စာရွက်အရေအတွက် ထောင်ချီသည်။ ပြီးတော့ ကွန်ပျူတာ အပိုပစ္စည်းတွေ MP-3, MP-4 ကအစ သီချင်း သွင်းပေးပါသည်။ ဦးလေးမှာက ဆွေမျိုးဆိုလို့ ကျွန်တော့်အဖေသာ ရှိသည့်အတွက် ကျွန်တော် တူအရင်းမို့ ဖူးဖူးမှုတ်ထားသည်မထင်ပါ နဲ့··၊ ရှေးဘဝက ကော်ရေကျိုလုပ်ငန်းကို နှစ်ပေါင်းတစ်ရာတိတိ လုပ်ခဲ့သည်ထင်ရအောင် ကပ်စေးနဲ့တာမှ တော်တော်ကြီးကို နည်း တာပါ။ စီးပွားရေးကလွဲလို့ အပေးအကမ်းမှန်သမျှဆို အနုတ်





လက္ခဏာသီအိုရီနဲ့ ဦးလေးကို အမြဲ ဆွမ်းခံကြွတဲ့ ကိုယ်တော်က ဆွမ်းလောင်းတိုင်း (အာဟာရ မပြတ်အောင် သမာသမတ်လေးဖြစ် ဖြစ် ကိုယ့်ကိုယ်ကို အာဟာရဖြစ်ဖို့ စားဦး)လို့ အမြဲတမ်း မိန့်တော်မူ တတ်သည်။ ဒါတောင် ဦးလေးက အတွန့်တက်ပါသည်။ 'မိုက်လဲ ဖြည့်တာပဲ ဦးဇင်းရယ်၊ အစွဲအလမ်းထားရင် တဏှာဖြစ်မယ်လေ အဲဒါကြောင့်'ပါလို့ ပြောတတ်ပါသည်။

အမှန်က ဦးလေးပေးတဲ့ လခနဲ့ ကျွန်တော်တို့အားလုံး လောက် လေ့မရှိပါ။ ဦးလေးက မနက်ပိုင်းလာကြည့်တတ်ပြီး များသောအား ဖြင့် တာမွေက ဆိုင်မှာ ထိုင်တတ်တာတစ်ကြောင်း၊ သူဒီမှာ ရှိနေရင် ကျွန်တော်က ဖောက်သည်နဲ့ မိတ်ပျက်မယ်လို့ တပ်လှန့်ထားတာ ကြောင့် မလာတာပါ··။

"မြတ်ကို မနေ့က ဘယ်လောက်ရလိုက်လဲ··"

ကျွန်တော်က မြတ်ကိုကို လှမ်းမေးတော့ ကောင်တာက ဝင်း မာအေးက···

"ဂဏန်းပေါင်းစက်နဲ့ အညီအမျှ ခွဲပြီးပြီ၊ တစ်ယောက်ကို နှစ်ထောင်လေးရာဆီ ရတယ်၊ အစွန်းထွက် လေးရာက ငါတို့ မိန်းကလေး လေးယောက်မို့လို့ တစ်ယောက်တစ်ရာစီ ခွဲယူလိုက် တယ်၊ ဟဲ··· ဟဲ···"

ဝင်းမာအေး စကားကြောင့် ကျွန်တော် မျက်စောင်းထိုးရင်···



www.burmeseclassic.com

www.burmeseclassic.com



"ဪ… အလုပ်ရှာတော့ ငါနဲ့ မြတ်ကို၊ ပိုက်ဆံခွဲတော့ နင်တို့က မြန်တယ်နော်၊ အေး… ဦးလေးမိရင်တော့ ငါက အလုပ်ပြုတ်မယ့်ကိန်း၊ နင်တို့နော်…"

ကျွန်တော် ဦးလေးစတိုင်နဲ့ ဒေါသထွက်ပြတော့ အားလုံးက ရယ်ကြသည်။ ဒီအပိုဝင်ငွေက မြတ်ကိုဆီက ထွက်တာပါ။ မြတ်ကိုတို့အိမ်ဘေးက အလှူမင်္ဂလာဖိတ်စာဆိုင်က အော်ဒါကို ကျွန်တော်တို့ကိုယ်တိုင် စက္ကူလိုက်ဝယ်ပြီး ရိုက်သည်။ ရသည့်ပိုက်ဆံကို အားလုံးခွဲဝေယူကြပါသည်။

ဦးလေး သိရင်တော့ မလွယ်မှန်းသိပေမယ့် ဝမ်းရေးက မနေသာတော့ ကြံဖန်ကြခြင်းဖြစ်သည်။ အစပိုင်းက မိန်းကလေးတွေက လန့်ကြပါသည်။ နောက်ကျတော့ သူတို့ကပါ အပြင်ဖောက်သည်များများ လာပါစေ၊ နေ့စဉ် ဆုတောင်းနေကြပါသည်။

❑ ✦ ❑







ဒီနေ့ ဦးလေးဆူရုံမကလို့ နားရင်းပဲ တီးတီး… ဘာပဲလုပ်လုပ် မနေ့က ကောင်မလေးကို ရအောင်စောင့်မှယ်လို့ ကျိန်းသေတွေးထားရင်း ကားဂိတ်မှာ စိတ်ရှည်ရှည် ခြေရှည်ရှည် စောင့်နေမိသည်။ ကြိုတင်စီစဉ်ထားတဲ့အတိုင်း တွဲခိုစီးရင်း လုံချည်မကျွတ်အောင် ဘောင်းဘီရှည်ဝတ်လာခဲ့သည်။

လက်ထဲမှာလည်း သူမနဲ့ ရင်းနှီးခင်မင်မှု ဖြစ်စေမယ့် စာအုပ်သုံးလေးအုပ်ကို ယူထားပါသည်။ စာအုပ်တစ်အုပ်မှာဆို ကျွန်တော့်နာမည် သူမ သိရှိစေရန် စာအုပ်ရဲ့ထောင့်မှာ ကျွန်တော့်နာမည်ကို ရေးထိုးလာပြီး အပေါ်ဆုံးမှာ ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စီးလာတိုင်း သူမ အဲဒီကားပေါ် ပါလာသလား ကြည့်ရတာ အမောပါ။ နာရီကိုကြည့်တော့ မနေ့ကထက်တောင် နောက်ကျနေပါသည်။ ဒီနေ့တော့ နံနက်ချိန်ခါ တေးသံသာအဖြစ် ဆိုင်ရောက်လို့ကတော့ ဦးလေး ဆူပူအော်ငေါက်တော့မှာ သိသည်။ ကျွန်တော် ဆုံးဖြတ်ဖို့ ခက်နေရတာတော့ အမှန်ပါ..။ သိပ်နောက်ကျနေလို့ ကြုံရာကားနဲ့ပဲသွားရင် ကောင်းမလား စဉ်းစားနေစဉ်မှာပဲ...

"ဟော..."

ဂိတ်ကို ကွေ့ရပ်တဲ့ ကားကို ကြည့်မိတော့ သူမ ပါလာတာတွေ့သည်။ ကျွန်တော် ကားကို တန်းမတွယ်သေးပါ။ မနေ့က ဆိုင်က အပြန် ငဦးက ပြောထားသည့် အစီအစဉ်အရ စပယ်ယာကို နှစ်ရာတန်တစ်ရွက် အသာခေါက်ပေးဆိုလို့ ကျွန်တော် ဂိတ်မှာ လက်မှတ်သွားထိုးတဲ့ စပယ်ယာကို စောင့်..၊ စပယ်ယာလာမှ သူ့လက်ထဲကို အသာအယာ နှစ်ရာတန်ခေါက်ပြီး ကပ်ပေးလိုက်တော့ စပယ်ယာက အံ့ဩဟန်ရှိပြီး နောက်တော့ သဘောပေါက်မြန်ကာ လာဘ်ပေးလာဘ်ယူ အစဉ်အလာအတိုင်း...

"ဟိုအစ်ကို တက်လေ..၊ အစ်ကို မတွေ့ရတာ ကြာပြီနော်၊ သြော်... ဒီက ညီလေးက နောက်ကားစောင့်စီးလိုက်နော်၊ လမ်းမှာ မော်တော်ပီကယ်နဲ့တွေ့ရင် အဆမတန် တင်လာလို့ ဒဏ်ငွေဆောင်





နေရမှာမို့ပါကွာ..၊ အစ်ကိုတို့က တင်ချင်တာမှ ခရီးသည်အားလုံးကို ပအိုဝ်းဘာသာပင်သီးသလို တင်ချင်တာ.."

အဲဒီလို စကားတွေနဲ့ ကျွန်တော် ခြေချရမယ့် နေရာတစ်နေရာ စာဟာ နိုင်မာလာခဲ့ပါသည်။ မနက်စောစော နေရာရဖို့ (ဤငွေနှစ်ရာပေးရခြင်းကို ဘယ်သူတွေကများ တွင်လိုက်သည်မသိပါ။)

"ဟိုလေ... စာအုပ် ခဏယူထားပေးလို့ ဖြစ်မလား၊ ကျွန်တော် ကားတွယ်စီးရမှာမို့.."

ကောင်မလေးက ကျွန်တော့်အသံကြောင့် မော့ကြည့်ကာ မှတ်မိဟန်နဲ့ ပြုံး၍ ကျွန်တော့်စာအုပ်တွေကို ယူပါသည်။

"ခင်ဗျားလဲ နှစ်ရာပဲလား..."

ရုတ်တရက် ဘေးကလူရဲ့အသံကြောင့် ကြည့်တော့ မနေ့က လျှာအရွှန်းရှည်တဲ့လူ၊ ကျွန်တော် ခေါင်းညိတ်ပြတော့ သူကလည်း...

"ကျွန်တော်လဲ နှစ်ရာပဲ.."

နှစ်ဦးသား သဘောကျစွာ ရယ်မိကြသည်။ ကားထွက်တော့ ကျွန်တော့် မျက်နှာမူထားရာမှာ ထိုင်နေတဲ့ အစွန်က ကောင်မလေးကို မသိမသာကြည့်ပြီး ကျွန်တော် ခပ်တိုးတိုး ပြောပါသည်။

"ခင်ဗျား ဒီနေ့ စာအုပ်တွေ ပိုလာသလိုပဲနော်.."

ကျွန်တော် ကြားသွားမှာစိုးတာကြောင့် မျက်လုံးမြှုံးပြတော့ ထိုသူက ရယ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မကြားပါဘူးဗျာ ခင်ဗျားကလဲ..၊ ဒါနဲ့ ခင်ဗျား အဲဒီကောင်မလေး ဘယ်မှာအလုပ်လုပ်လဲ သိအောင် မကြိုးစားဘူးလား..."

ကျွန်တော် ကောင်မလေးကို မသိမသာကြည့်ပြီး ခပ်တိုးတိုးလှမ်းပြောပါသည်။

"နောက်နေ့ပေါ့ဗျာ.. အရမ်းစောမလားလို့၊ ပြီးတော့ မျက်မှန်းတန်းမိဖို့လဲ လိုတယ်လေ.."

ဘေးက လူက ကျွန်တော့်စကားကြောင့် ခေါင်းညိတ်ပြပါသည်။ ဒီလိုနဲ့ ကားစီးလာရင်း သူမ ဆင်းရမယ့်မှတ်တိုင်နားနီးရော့ ကျွန်တော်က သူမ ဆင်းရမယ့်နေရာ ရောက်ခါနီးပြီဆိုတာ သိတဲ့အဓိပ္ပာယ်နဲ့...

"ဟုတ်ကဲ့..၊ ကျေးဇူးပဲနော်.."

ကောင်မလေးက ကျွန်တော့်ကို မော့ကြည့်ပြီး တစ်ချက်ပြုံးပြသည်။ ပြီးတော့ စာအုပ်ကို ကမ်းပေးပါသည်။ သူမ ဆင်းသွားတော့ မနေကလို ကျွန်တော်မဟုတ်တော့၊ ပေါ်တင်ပဲ လှည့်ပြန်ငေးကြည့်ပါသည်။ သူမကလည်း ထုံးစံအတိုင်း ခပ်ဝေးဝေးရောက်မှ တစ်ချက်ဖျတ်ခနဲကြည့်ပြီး ခေါင်းပြန်ငုံ့သွားပါသည်။

"အခြေအနေကတော့ အိုကေပဲ..၊ ကိုယ့်လူ ပြောသင့်တာကို မြန်မြန်ပြောဖို့ ပြင်တော့..."

အရေးထဲ ဘေးက ကိုယ်တော်က မြှောက်ပေးနေပြန်ပါသည်။





ရင်ထဲမှာ မောဟိုက်ဟိုက်လို ကြည်နူးကျေနပ်မှုလို ခံစားမှုလေး ပေါ်လာပါသည်။ အဲဒီအပျော်က တာရှည်မခံပါဘူး။ ထုံးစံအတိုင်း ဆိုင်ထဲဝင်တော့ ဦးလေးက ခါးထောက်ပြီး ဒေါသကို မျက်နှာမှာ နည်းနည်း ပိုတပ်ကာ...

"ဟေ့ကောင် စုန်းကဝေကောင်..၊ ဘယ်နှစ်နာရီ ရှိပြီလဲ.."

ကျွန်တော်ကလည်း ဦးလေးဆိုရင် ခါးပိုက်ဆောင်ထဲမှာ ထည့်ထားနိုင်တဲ့ အရည်အချင်းရှိတာမို့...

"ဦးလေးရယ်..၊ အချိန်သိချင်တာများ ကိုယ့်နာရီကိုယ်ကြည့်ပေ့၊ ကိုယ့်မှာလဲ နာရီပတ်ထားတာပဲ.."

ခပ်လှမ်းလှမ်း ဟိုကောင်တွေက ကျိတ်ရယ်နေကြတာ မြင်ပေမယ့် မသိချင်ယောင် ဆောင်နေရပါသည်။

"ဘာကွ..၊ ကဆေ... မင်းတော့နော်..၊ ငါ ထလုပ်လိုက်ရ.."

ဦးလေး ဘယ်လောက်ဒေါသထွက်ထွက် ကျွန်တော့်အတွက်တော့ 'အေး...အေး...' ပဲ သဘောထားပါသည်။

"ဦးလေးကလဲ ရောက်တာနဲ့ ဆူဖို့ပဲ စဉ်းစားနေတာကိုး၊ ကျွန်တော်တို့က ဦးလေးလို ကိုယ်ပိုင်ကားလေးစီးပြီး သက်သောင့်သက်သာနဲ့ အလုပ် လာရတယ်များ ထင်နေလား၊ ကားစီးရတဲ့ဒုက္ခ ဘယ်လောက်ကြီးလဲ ဦးလေး မသိပါဘူး..၊ မယုံရင် အိမ်မှာအိပ်ပြီး ကျွန်တော်နဲ့အတူ မနက် ဆိုင်ကိုလာကြည့်..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဖြေရှင်းချက်တွေကို ဦးလေးက လက်မခံဟန်ရှိပါသည်။

"ဟော့ကောင် အပိုတွေလာပြောမနေနဲ့၊ ဒီဆိုင်မှာ မင်းထက်ဆေးတဲ့နေရာက အလုပ်လာသူတွေရှိတယ်၊ ဟိုကောင်မလေး အေးအေးစိုးဆိုရင် အင်းစိန်က လာရတာ..."

"ဩော်...သူကတော့ ထောင်တံခါး စောစောဖွင့်တာကိုး.."

အေးအေးစိုးက အဝေးကနေ လက်သီးထောင်ပြပါသည်။

"နောက်.. ဇော်ထိုက်ဆိုရင် မြောက်ဥက္ကလာက လာရတာ.."

"အဲဒါလဲ သူက ကင်းစောင့်ပြီး ကင်းတဲကနေပြီး တန်းလာတာကိုး.."

ဇော်ထိုက် ပါးစပ်လှုပ်ရုံ အဝေးတဖန် ဆဲပြပါသည်။

"ဟော့ကောင် ပါးစပ်ရှိပြီး ဘာစေ့ကို ဥဏ်ဆင်" အရေးထဲ ဦးလေးက မေ့နေတာကြောင့် ကျွန်တော် ခပ်တည်တည်နဲ့...

"မန်ကျည်းစေ့..."

"အေး... အေး..၊ မန်ကျည်းစေ့ကို ဥဏ်မဆင်နဲ့..."

နောက်တော့ ထုံးစံအတိုင်း မှာစရာရှိတာမှာကြား၊ ဆူစရာရှိတာ အပိုဆောင်းဆူပြီး ပြန်လည်ထွက်ခွာသွားပါသည်။

ဦးလေး ပြန်သွားတော့ အပ်ထည်စာမှုတွေကို မိတ္တူကူးနေတဲ့ စန္ဒီဇော်က...

"ဟဲ့.. ကဝေ..၊ နင့်ကို ကဝေလို့ ဘယ်သူပေးတာလဲ.."





"သရဲ..."

"နောက်မနေနဲ့..၊ ငါ သိချင်လို့ မေးတဲ့ဟာကို.."

ကျွန်တော့်ကို မျက်စောင်းထိုးပြီး ဘုဆတ်ဆတ် စန္ဒီကဆိုတော့ မြတ်ကိုက အလုပ်လုပ်ရင်း အခုလို လှမ်းပြောပါသည်။

"ဒီလို စန္ဒီရေ..၊ နင်က အလုပ်ဝင်တာ မကြာသေးဘူးကိုး၊ ဒီကောင့်အကြောင်း ဘယ်သိပါ့မလဲ၊ ဒီကောင့်နာမည်အရင်းက ဟိန်းဝေ ဆိုတော့ ဒီကောင်တွေ ရပ်ကွက်ထဲမှာ ဒီကောင်ကို ကိုဝေလို့ ခေါ်ကြပါလေရော..၊ နောက်တော့ ကိုဝေ ကိုဝေ လို့ အမြန်ခေါ်ရင် 'ကို'အသံက 'က'သံဖြစ်ပြီး ကဝဲ ကဝေ လို့ ထွက်သွားတာ.."

"ဩော်.. ဒီလိုလား..."

"အေး... ဒီလိုပဲ...၊ စီလိုပဲ.. အီးလိုပဲ.."

"ဒါနဲ့ နင် မနေ့က လိုက်ကြောင်တဲ့ ကောင်မလေးကို ဒီနေ့ရော တွေ့သေးလား"

ကျွန်တော် ခေါင်းညိတ်ပြပြီး မြတ်ကိုနဲ့ ဝိုင်းကူလုပ်ပေးရင်း...

"တွေ့လို့ နောက်ကျတာပေါ့ဟ.."

"ပြောပါဦးဟ.."

ကျွန်တော့်ရဲ့ဇာတ်လမ်းလေးကို စေ့စေ့ဆာဆာပြောပြတော့ မိတ္တူလာဆွဲတဲ့ ကုမ္ပဏီက ကိုညီမြင့်တို့၊ ရုံးဝန်ထမ်း ကိုအေးဆွေတို့ပါ စိတ်ဝင်စားစွာ နားထောင်ပေးကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့.. အဲဒီလောက်ဆို မဆိုးဘူးပဲဟဲ့..၊ နင် နောက်နေ့ မယောင်မလည်နဲ့ လိုက်ပေါ့၊ ဒါမှ အမြန်နီးစပ်မှာပေါ့"

စန္ဒီဇော်က အားရပါးရ စိတ်ဝင်စားစွာပြောတော့ မြတ်ကို က...

"အဲဒီလိုဆိုရင် အမြန်နီးစပ်တာပေါ့.."

စန္ဒီက ဆရာကြီးစတိုင်နဲ့...

"ဒါပေါ့..."

"နောက်နေ့ ငါလဲ အဲလို လုပ်ကြည့်ဦးမယ်"

"ဘယ်သူ့ကိုလဲ.."

"နင့်ကို..."

"အယုတ်တမာကောင်..."

စန္ဒီ မျက်နှာရှစ်ခေါက်ချိုးနဲ့ မြတ်ကို ကို မေတ္တာပို့တော့ ရယ်သံတွေ ကြားရပါသည်။

❑ ✦ ❑







"ရော့"

သော်က သူ့ကို မသိမသာကြည့်ပြီး စာအုပ်ကိုလှမ်းပေးတော့ သူက ခပ်ပြုံးပြုံးနဲ့....

"ကျေးရှူး.."

ထုံးစံအတိုင်း နှစ်ဦးနားလည်တဲ့ ဒီစကားကို သုံးရက်မြောက် နေ့အဖြစ် သုံးခွန်း ပြောလာပါသည်။ သော်က အိတ်ကိုလွယ်ပြီး လူအုပ်ကြားထဲက တိုးဝှေ့ကာ ပလက်ဖောင်းအတိုင်း လျှောက်ရင်း အား ခပ်ဝေးဝေးရောက်ပြီဆိုတော့မှ ဖျတ်ခနဲ လှမ်းကြည့်တော့ ဘွယ်စီးရာနေရာမှာ သူ့ကို မတွေ့တော့ပါ..။ ရင်ထဲမှာ ဖဝေ့ရုံဖြစ် သွားရင်း အံ့သြစိတ်နဲ့ ယောင်တိယောင်တောင်ဖြစ်ကာ နောက်ကို အမှန်ကတန်းကြည့်တော့ သူမကို ပြုံးစစနဲ့ ကြည့်နေတဲ့သူ..။



www.burmeseclassic.com

www.burmeseclassic.com



သော်က ရှက်ကိုးရှက်ကမ်းနဲ့ ခေါင်းငုံ့ပြီး သုတ်ခြေတင်ပါတော့သည်။ သော်က သိတာပေါ့..၊ ထိုသူ ကားတွယ်စီးရင်း အကြည့်တွေ၊ အပြုံးတွေဟာ (မကြာမီ လာမည်.. မျှော်...)ဆိုတဲ့ အဓိပ္ပာယ်တွေ သက်ရောက်မှန်း မိန်းကလေးပီပီ သိတာပေါ့။ ဒါပေမယ့် အခုလို မြန်မြန်ဆန်ဆန်ကြီး ရောက်လာမယ်မှန်းတော့ ဘယ်သိပါ့မလဲ..။

ဒီကြားထဲ သူမ ရှက်တဲ့စိတ်ကြောင့်လား ဘာကြောင့်မှန်းတော့ မသိ..။ ရှူးရှူးက သွားချင်နေတာကြောင့် မိုးအေးတို့ဆိုင် မရောက်မီ အများသုံးအိမ်သာရှိရာကို ချိုးကွေ့လိုက်ရပါသည်။

သူမ အိမ်သာက ပြန်လာတော့ သူ့ကို မတွေ့ရတော့ပါ။ သူမကို တစ်နေရာရာက ချောင်းနေသလား သူမ ထင်နေခဲ့ပါသေးသည်။

ဒီလိုနဲ့ ဆိုင်ရောက်တော့ ဆိုင်ထဲမှာ သူမအလာကို အပြုံးနဲ့ စောင့်ကြိုနေတဲ့ မိုးအေး..။

"ဟယ်... နင် ပြန်ရောက်ပြီ၊ စောလှချည်လားဟဲ့..."

မိုးအေး ဘေးမှာ ဝင်ထိုင်တော့ မိုးအေးက သူမအတွက် အသင့်ပြင်ပေးထားတဲ့ ကော်ဖီကို ရှေ့တိုးရင်း...

"အေးဟ.. မေမေက ပြန်သက်သာလာတော့ စောစောပြန်ရောက်လာတာပေါ့၊ ပြီးတော့ နင့်ကိုလဲ အားနာလို့ပါ၊ ကျေးဇူးပဲဟာ.."

"ဟာ...၊ နင်နဲ့ ငါနဲ့ ကြားမှာလိုလို့လား မိုးအေး..."

"အေးပါ..၊ သောကလေးရယ်.."





"နင်နော်..."

ကျွန်မကို မိုးအေးတို့ မိဖြူး အပါအဝင် ကျောင်းက သူငယ်ချင်းတွေက သောကလို့ ခေါ်တတ်ကြပါသည်။ အမှန်က သူမ လျှောက်ထားတဲ့အလုပ်မရခင်လေးမှာ ဖြစ်ချင်တော့ မိုးအေးက သူ့ဆိုင်အတွက် သူ ခရီးထွက်စဉ် ဆိုင်မှာထိုင်ပေးဖို့ သူမကို အကူအညီတောင်းခြင်း ဖြစ်ပါသည်။ ဘာမှတော့ ပင်ပန်းတာမဟုတ်ပါ..၊ မိုးအေးက ခေတ်ပေါ် အမျိုးသမီး ဖက်ရှင်ဒီဇိုင်းတွေကို ဖွင့်လှစ်ထားပါသည်။ ဈေးနှုန်းတွေလည်း အဝတ်အထည်မှာ လေဘယ်တပ်ထားတာကြောင့် ဘာမှပြဿနာမရှိ။ နေ့စဉ် အရောင်းအဝယ်ငွေနဲ့ ကောင်မလေးတွေကို နည်းနည်း ကြည့်ထိန်းပေးရုံလောက်ပါ..။

"အလုပ်မရသေးခင် ငါ့ဆိုင်မှာ အတူထိုင်ပေးပါလား သော်ကရယ်.."

သူမက ပန်းတွန့်ပြကာ...

"နင့်ဆိုင်မှာ ထိုင်ရတာ ပျင်းစရာကြီးဟ.."

"လာပါဟာ..၊ ငါ က,ပြပါ့မယ်"

မိုးအေးစကားကြောင့် နှစ်ယောက်သား ရယ်ကြပါသည်။ ကျွန်မက အပြင်ကို မသိမသာကြည့်ကြည့်မိရင်း မိုးအေး စကားကိုလည်း နားထောင်နေရပါသည်။

"ဒါနဲ့ နင် အခေါ်အိမ်မှာ ညအိပ်သွားနေရတယ်ဆို..၊ မိဖြူး



www.burmeseclassic.com

www.burmeseclassic.com



ပြောတာပဲ”

“အေးဟဲ့..၊ နင့်လိုပဲ ငါ့အခေါက သူယောကျ်ားရှိတဲ့ နေပြည်တော်ကို အလုပ်ကိစ္စနဲ့ လိုက်သွားတယ်လေ..၊ အဲ့ဒီအိမ်မှာ ခုနစ်တန်းအရွယ် ငါ့မောင်နဲ့ လေးတန်းအရွယ် ငါ့ညီမဝမ်းကွဲတွေရှိတော့ အခေါက အိမ်ဖော်တွေနဲ့ စိတ်မချတာနဲ့ လှမ်းခေါ်လို့ မေမေက သွားအိပ်နိုင်းတာ...”

“နင်လဲ အကူအညီပေးရေးကူမှုတီ ဖွင့်သင့်နေပြီ၊ ဟဲ့... ငါ ပြောတာရော ကြားရဲ့လား..၊ အပြင်ကို ခဏခဏကြည့်ရအောင် ဘာရှိလို့လဲ..”

သူမ လက်မောင်းကို လှမ်းပုတ်ကာ မိုးအေးက ပြောတော့ သော်က ရှက်ကိုးရှက်ကန်းနဲ့ ရယ်တော့ မိုးအေးက မျက်လုံးအပြူးသား ရင်ဘတ်ဖိပြီး...

“အောင်မလေး ချေးသားမိုးကြိုး..၊ ရှက်ကိုးရှက်ကန်းတွေနဲ့ ဆပ်စလူးကို ဖြစ်နေပါလား..”

“အောင်မာ..၊ ငါက ဘာဆပ်စလူးဖြစ်ရမှာလဲ..”

သူမ ခပ်တည်တည်နဲ့ ပြောပေမယ့် မိုးအေးတို့ လျှင်တာ တရုတ်သိုင်းကားထက်တောင် လျှင်ပါသေးသည်။

“လုပ်မနေနဲ့ သော်ကရယ်..၊ နင် ပြောပြစမ်း..၊ ငါမရှိတဲ့ ဒီရက်ပိုင်းအတွင်းမှာ နင် ဆပ်စလူးခါရတဲ့အဖြစ်..”





“အဲလောက်ကြီးလဲ မဟုတ်ပါဘူးဟာ...”

“ဪ... အဲလောက်ကြီး မဟုတ်တော့ အဲလောက်လေးပေါ့..၊ အဲဒီ အဲလောက်လေးကို ကျုပ်ကို ပြောပြစမ်း...”

သူမက အဖြစ်အပျက်တွေကို မိုးအေးကို ပြောပြတော့...

“ဒါဆို နင့်ကို လိုက်နေတဲ့လူက နင် ဒီမှာ အလုပ်လုပ်နေတယ် ထင်မှာပေါ့ဟဲ့..”

မိုးအေးစကားကြောင့် သော်က အခုမှ သူမ မေ့နေတဲ့အချက်ကို ...ဉ်းစားမိပါသည်။

“ဟဲ့... နောက်နေ့ နင့်နောက်က ပါလာရင် ငါကြည့်ကြည့်...မယ်၊ မနက်ဖြန် ငါ စောစောရောက်မှ ဖြစ်မှာပါ..”

မိုးအေးက စပ်စပ်စုစုနဲ့ မနက်ဖြန်အတွက် ကြံပြီး စိတ်လောနေ...ကြောင့် သော်က ရယ်ပြုံးပြုံးမိပါသည်။ ရင်ထဲမှာ ရှိန်းတိန်းတိန်း ...နေတဲ့ ခံစားချက်အသစ်က မိုးအေး ပြောသလို ဆပ်စလူးခါတာပဲ ...၊ အချစ်ပဲလား.. သော်က မတွေးတတ်ပါ။ ဒါပေမယ့် သူ့ကို ...ိုင်း ရှက်သလိုလိုဖြစ်မိသလို တွေ့ချင်မိတာလည်း အမှန်ပါ..။

တချို့ပြောနေကြတဲ့ အချစ်ဆိုတာ ဘုရားပေးတဲ့ လက်ဆောင် ...လေ..။ ဒါဆို သူမအတွက် ဘုရားသခင်က ဒီရက်ပိုင်းလက် ...င်တစ်ခု ထုတ်ပိုး စေလွှတ်လိုက်ပြီထင်ပါရဲ့..။

❏ ✦ ❏

www.burmeseclassic.com





"ဟဲ့လို မိုးအေးလား"

"အေး...၊ ငါ ဟုတ်တယ် သော်က.."

"ဟဲ့.. နှင့်ဆီကပြန်တော့ အိမ်မှာ အလုပ်ခေါ်စာ ရောက်နေပြီ ဟဲ့... အေး.. ဟုတ်တယ်..၊ မိဖြိုးပြောပေးတဲ့အလုပ်ပဲဟ..။ မနက်ဖြန် စ,ဆင်းရမှာ မဟုတ်ဘူး၊ တစ်နေ့ထဲက အိမ်ကိုရောက်နေတာ မေမေက မေ့ပြီး မခေါ်ဖြစ်မှုးလေ၊ အေး... ဒီနေ့ နင့်ဆီက ပြန်တော့ ခေါ်လေး ပြန်ရောက်နေတော့ ခေါ်လေးက ငါ့အိမ်ဝင်ရင်း ခေါ်လေးနဲ့ ပြောနိုင်းလိုက်လို့ဟဲ့..."

တစ်ဖက်က မိုးအေးက လှမ်းစ,နေပါသည်။ မနက်ဖြန် နင့်ရဲ့ ရှုံဒိုးလေးနဲ့ ဝေးပြီပေါ့တဲ့..။ ရင်ထဲမှာ မိုးအေးစကားကြောင့်





ဝမ်းနည်း သလိုလိုဖြစ်မိတာ အမှန်ပါပဲ။ သူမတို့ရဲ့ဇာတ်လမ်းက သူမတို့ လက်နှံမရေးခင် ကံကြမ္မာက ခြေနှဲ့ဖျက်ချင်နေပါပြီ..။ မိုးအေးနဲ့ ဖုန်းပြောပြီးတော့ အချစ်ဆွေ၊ အလွမ်းတွေကို ခေါင်းထဲမထည့်နိုင်သေးပါ။ မနက်ဖြန် ကုမ္ပဏီ စ,ဆင်းရမှာမို့ ကြိုတင် ပြင်ရဆင်ရပါသေးသည်။

နောက်တစ်နေ့ရောက်လို့ ထုံးစံအတိုင်း ဇာတ်လိုက်ကျော်ကြီး ကိုကဝေ ဟာ သူမကို ကားဂိတ်မှာ ကြိုစောင့်နေမယ်လို့ တွေးပြီး အိပ်ရာထပေမယ့် ဖုန်းက ကြိုတင်ဝင်လာပါသည်။

"ဟောကောင် ဝက်လိုခွေးလိုကောင် ဖုန်းဆက်နေတာကြာပြီ မင်း အခုမှ နိုးရလားကွ..၊ အဲဒါကြောင့် မင်းတို့ မကြီးပွားတာ"

ဖုန်းကို နားမှာကပ်ကပ်ချင်း ကြားလိုက်ကတည်းက ဒီလောက် အနုပညာဆန်ပြီး ကျက်သရေအပေါင်းနဲ့ ပြည့်စုံတဲ့အသံရှင်က ကျွန်တော့်ရဲ့ဦးလေးဆိုတာ ကျွန်တော် သိလိုက်ပါသည်။

"မဟုတ်ပါဘူး ဦးလေးရာ..၊ ညက ထောင်ဖောက်တဲ့ကား ကြည့်နေလို့ ညဥ့်နက်မှ အိပ်ရလို့ပါ.."

"ဟောကောင် နောက်ဆို ထောင်ဖောက်တဲ့ကား ကြည့်မနေနဲ့၊ ဂူဖောက်တဲ့ကား ကြည့်..၊ ဂူဖောက်ပြီး မကောင်းဆိုးဝါးတွေနဲ့ သွားနေ..၊ မင်းက ကဝေပဲ..."

ဘယ်တော့မှ အကောင်းမပြော၊ ကပ်စေးနှဲသလောက် စကား



www.burmeseclassic.com

www.burmeseclassic.com



အပြောအဆိုက မကောင်း။ အဲဒါကြောင့် လူပျိုကြီးဖြစ်တာလို့ ပါးစပ်က ခပ်တိုးတိုး လှုပ်လှုပ်ပြောတော့…

"ဟေ့ကောင်..၊ တိုးတိုး တိုးတိုးနဲ့ ဘာပြောနေတာလဲ..၊ ငါ့မကောင်းကြောင်း ပြောတာလား..၊ သတ္တိရှိရင် ကျယ်ကျယ်ပြော..၊ အခုထ အမြန်ဆုံး ရေမိုးချိုး ဆိုင်ကိုသွား..၊ ဆိုင်အတွက် ပစ္စည်းတွေ လာချတဲ့ကား လာလိမ့်မယ်..၊ မင်း နောက်ကျမနေနဲ့၊ သိပ်မကြာခင် ငါ လာခဲ့မယ်…"

ကျွန်တော် ဦးလေးစကားကြောင့် အစီအစဉ်ပျက်ပြီဆိုတာ သိလိုက်တာမို့ မျက်နှာကြီး ရှုံ့မဲ့ကာ…

"ဟာ.. ဦးလေးကလဲ ဒီအချိန်ကြီး အမြန် ဘယ်လိုလာလို့ရမှာလဲ၊ လိုင်းကားတွေက ကျပ်သိပ်နေတဲ့ဟာ…"

"ဟေ့ကောင် သောက်ပိုတွေ ပြောမနေနဲ့၊ မင်း ကားငှားစီးလာခဲ့၊ ဟေ့ကောင် ဈေးပိုမတင်နဲ့နော်၊ ဒီလမ်းနဲ့ဒီလမ်း ကားခ ဘယ်လောက်ပေးရလဲ၊ ငါ သိတယ်..၊ ဒါပဲ…"

သူ ပြောချင်တာပြောပြီး ဖုန်းကို ပိတ်လိုက်တော့ ကျွန်တော် ခေါင်းကို တဗျင်းဗျင်းကုတ်ကာ စောင်ကို ကန်ထုတ်ရင်း ပွစိပွစိနဲ့ အခန်းတံခါးတွန်းဖွင့်ပြီး ထွက်လာခဲ့ပါသည်။

"သူ ပြောချင်တာ ပြောပြီးရင် ဖုန်းကိုချပြီ ဩော်… ငါကတော့ ငါ့ဦးလေး သိပ်သဘောကောင်းပြီး ဖုန်းပေးထားပါလားလို့





ထူးရှူးလေး မတင်တတင် တင်ချင်နေတာ၊ သူက ငါ့ကို အချိန်ရွေး လှမ်းနိုင်းလို့ရအောင် ပေးထားတာကိုး၊ တောက်… ကော်ရာ ကပ်စေးနဲ ဦးလေး..၊ ကိုယ်ချင်းစာစိတ်မရှိတဲ့ ဦးလေး…"

"ဘာတွေဖြစ်နေတာလဲ သား.."

ကျွန်တော် ရေချိုးခန်းဝင်ဖို့ မီးဖိုခန်းက ဖြတ်တော့ မေမေကာင်းနွေးရင်း လှမ်းမေးပါသည်။

"ဘယ်သူရှိရမှာလဲ မေမေ့မောင်ပေါ့..၊ သူခိုင်းချင်တာ ခိုင်းဖို့ လျှင်တယ်၊ ပြီးရင် အကောင်းပြောတာမဟုတ်ဘူး၊ ကိုယ့်တူပြီး နည်းနည်းမှ မစာနာဘူး.."

ကျွန်တော်နဲ့ ဦးလေးရဲ့ပြဿနာကို သိနေတာကြောင့် မေမေကယ်ပြီး…

"သားရယ် ကိုယ့်ဦးလေးနဲ့ပြိုင်ပြီး ဒေါသဖြစ်မနေပါနဲ့..၊ င်းဦးလေးက နှုတ်ကဆိုးပေမယ့် စိတ်ရင်းကောင်းပါတယ်.."

"မေမေက မေမေ့မောင်ဘက်က လိုက်နေသေးတယ်..၊ အမေ့ာင်လောက် ယောကျ်ားကြီးတန်မဲ့ မိန်းမကြီးလို ဗျစ်တောက်တောက် ပြောတာ မတွေ့ဖူးသေးဘူး၊ တစ်ရာတန်တောင် ဆယ်ရွက်ောက် ခွာလို့ရရင် ခွာသုံးမှာ..၊ တကယ်စိတ်ပျက်တယ်…"

"မင်းလဲ သူပြောချင်တာပြောပေမယ့် ကိုယ်လုပ်ချင်တဲ့ဟာပ်လို့ရနေတာ သားရယ်…"



www.burmeseclassic.com

www.burmeseclassic.com



မေမေပြောတာလည်း ဟုတ်ပါသည်။ ဦးလေးကို ဆေါသ,သာ ဖြစ်နေပေမယ့် ဖေဖေ ရာထူးမတက်ခင် အခုလို ပြည့်ပြည့်စုံစုံ မနေရခင်က ဦးလေးက သဘောလိုက်ပြီး ယောက်ဖနဲ့ အစ်မကို လူတန်းစေ့နေနိုင်အောင် ထောက်ပံ့ပေးခဲ့သည်က ကျွန်တော်လည်း သိပါသည်။ ဒါပေမယ့် ဒီနေ့ ကျွန်တော့်ရဲ့နှလုံးသား အော်ပရေးရှင်း အတွက်တော့ ဦးလေးကို မကြည်..။ သူ လူပျိုကြီးဖြစ်တိုင်း ဦးလေးမသိအောင် ဦးလေး စိတ်ဝိညာဉ်က ကျွန်တော်နဲ့ သွေးသား တော်စပ်လို့ ဦးလေးလို လူပျိုကြီးဖြစ်အောင် လိုက်နှောင့်ယှက် သွေးထိုးပေးနေလားမသိလို့ ပေါက်ပေါက်ရှာရှာ တွေးမိပြန်သည်။

ရေချိုးခန်းထဲဝင်ပြီး စိတ်ရှိလက်ရှိ သီချင်းအော်ဆိုဖြစ်မိပါ သည်။

(ဘယ်ဆီမှာ မင်းရောက်နေလဲ ××× ဘယ်သူနဲ့ ချိန်းတွေ့နေ လဲ...×××)

ကဝေ ထင်ထားတာက ဟိုကောင်မလေး သူတို့ရပ်ကွက်နဲ့ မနီးမဝေးမှာ နေသည်ပဲ ထင်ထားခဲ့တာပါ..။ ပြီးတော့ ဒီနေ့လည်း ပုံမှန်အတိုင်းပဲပေါ့ ထင်ထားခဲ့သည်။ ရေမိုးချိုး အဝတ်အစားလဲပြီး ဆိုင်ကို တက္ကစီငှားကာ သွားပေမယ့် သူမ စောစောစီးစီးများ အလုပ်သွားမလား မျှော်လင့်ခြင်းများစွာနဲ့ ဘေးက ဖြတ်သွားတဲ့ လိုင်းကားတွေပေါ် ကြည့်မိပါသေးသည်။ သူလိုပါပဲ သော်က





တစ်ယောက် ကုန်းဒီကို သွားရာလမ်းမှာ စီးနေကျအတိုင်းပဲထင်ပြီး ကားတွယ်စီးတဲ့လူကို ယောင်မှားပြီး ကြည့်မိပါသေးသည်။ သော်က က အကျင့်ရှိသည်။ လိုင်းကားစီးရင်း အဆင်းအတက်က ထိုင်ခုံကို ရွှေထိုင်တတ်သည်။ မရမှသာ တစ်ယောက်ကျော် နှစ်ယောက် နေရာမှာ ထိုင်တတ်ပါသည်။ မှတ်တိုင်ရောက်လို့ ဆင်းရတာ လွယ် တာလည်း ပါလို့ပေါ့လေ..။

ဆိုင်မှာ အလုပ်လုပ်နေရပေမယ့် စိတ်က ဒီနေ့တစ်ရက်အတွက် သူမကို တွေ့ချင်နေမိတာ အမှန်ပါ..။ ဒီနေ့မှ ဦးလေးက အခု နေလယ်နေ့ခင်းထိ တစ်ဖက်ဆိုင်ကို မသွား..။

"ဟောကောင် ဘာဂနာမငြိမ်ဖြစ်နေတာလဲ ကဝေ..၊ တစ် နေကုန်လုံး မျက်နှာက ပုပ်သိုးလို့၊ ဘာလဲ.. တစ်ရက်တလေ စောစောလေး အလုပ်ဆင်းရတာ မင်းရည်းစား သရဲသဘက်ကို အခြားတစ်ယောက်က ဖြတ်ခုတ်သွားမှာစိုးလို့လား.."

"ဟာ... ဦးလေးရာ မဦးမချွတ်၊ လွှဲပါစေ.. ဖယ်ပါစေ ဗျာ.."

"ဗုဒ္ဓေါ..."

ဦးလေးက ကျွန်တော့်စကားကြောင့် မျက်လုံးပြူးပါသည်။

"သြော်... မင်းကို ကြိုက်တဲ့လူလဲ ရှိသေးတာကိုး..."

ကျွန်တော်နဲ့ ဦးလေးစကားကို ဟိုကောင်တွေက နားထောင်နေ



www.burmeseclassic.com

www.burmeseclassic.com



မှန်း ကျွန်တော်သိပါသည်။

"သြော်... ဦးလေးရယ်..၊ ယောကျ်ားမှန်ရင် ဆန့်ကျင်ဘက်မိန်းမနဲ့ပတ်သက်တာ တာဝန်ပဲလေ..၊ အင်း... အဲလိုမဖြစ်ဘဲ ဘာသာရေးကြောင့်လဲမဟုတ် ဆိုရင်တော့ အဲဒါဟာ တစ်ခုခု ဖြစ်ချက်ရှိလို့ပဲ"

"ခွေး..မ..သား...၊ မင်းက ငါ့ကို စောင်းပြောနေတာပေါ့"

"စောင်းမပြောပါဘူး..၊ နေပါဦး... ဦးလေးက ကျွန်တော်ပြောတဲ့အတိုင်း ချို့ယွင်းချက်ရှိနေလို့လား၊ ဖြစ်နိုင်ပါတယ်လေ.."

ကောင်မလေးတွေကြားထဲမှာမို့ ဦးလေး မျက်နှာပျက်ကာ ရှုံ့ရှုံ့ ရှုံ့ရှုံ့နဲ့...

"ဟေ့ကောင် သွားတော့..၊ မင်းကို တစ်ခုခု ခိုင်းနေမှဖြစ်မယ်၊ သြော်... (...)ပလာဇာက ဆိုင်ကိုသွား..၊ သူတို့မှာတဲ့ပစ္စည်း သွားပေးလိုက်..."

"ဟာ...၊ ဦးလေးကလဲ.."

ငြင်းမယ်လို့ စကားစပြီးမှ အကြံတစ်ခုရလိုက်တာနဲ့...

"ဦးလေး တက္ကစီနဲ့ သွားမှာနော်.."

"လုပ်ပြီ..၊ ဒီခရီး ဒီခရီးလေးကို တက္ကစီနဲ့မှ သွားချင်တာနဲ့၊ ပစ္စည်းက လေးတာလဲ မဟုတ်၊ မင်းတို့ကွာ... ပိုက်ဆံကို ဘယ်လိုရှာရမှန်း သိကြလား.."





"သိတာပေါ့..၊ နော်... မြတ်ကို..."

ကျွန်တော်တို့ရဲ့ ကြားပေါက်အစီအစဉ်ကို ရည်ညွှန်းပြောတာကြောင့် မြတ်ကိုက ဦးလေး သိသွားမှာ ကြောက်တာကြောင့် ကျွန်တော့်ကို ဦးလေး မမြင်အောင် မျက်လုံးပြူးပြပါသည်။

"ဦးလေး... မြတ်ကို ကို ကျွန်တော် ခေါ်သွားမယ်.."

"ခေါ်သွား..၊ ဟေ့ကောင်... စောစောပြန်ခဲ့နော်၊ ရော့... တားခ၊ ငါလဲ ဟိုဘက်ဆိုင် သွားတော့မယ်"

ကျွန်တော် ဦးလေး ပေးတဲ့ပိုက်ဆံကိုယူကာ မြတ်ကို ကိုခေါ်ပြီး လစ်မို့ပြင်တော့ ကောင်တာက ဝင်းမာအေးက လှမ်းအော်ကာ...

"ဟဲ့... ဒီနားက ကုမ္ပဏီကို ဝင်ပေး;ပေးစမ်းပါဟာ၊ နင်တို့ အပြင်ထွက်တာနဲ့ ကြုံတုန်း..."

"ပေး.. ပေး..၊ မြန်မြန်..."

ဝင်းမာအေးက အေးအေးစိုးကို လှမ်းအော်ပြီး တောင်းပါသည်။ အေးအေးစိုး လာပေးတဲ့အထုပ်ကိုယူပြီး သူတို့နှစ်ယောက်ထွက်လာကြတုန်း သူတို့ပေးရမယ့်ကုမ္ပဏီက ကိုညီမြင့်နဲ့ လမ်းမှာဆုံပါသည်။

"ဒီနှစ်ယောက် ဘယ်လဲကွ..၊ အတော်ပဲ လက်ဖက်ရည်ဆိုင်သွား..."

"ကျွန်တော်လဲ ခင်ဗျားကို တွေ့တာနဲ့ အတော်ပဲ၊ ရော့... ဆိုတွန်းနိုင် လာအပ်သွားတဲ့ ခင်ဗျားရုံးကဟာ..၊ မိတ္တူခဲ့ပြီးပြီ



www.burmeseclassic.com

www.burmeseclassic.com



ယူသွားတော့၊ နောက်မှ လက်ဖက်ရည်တိုက်မယ်ဗျာ..၊ ဦးလေးနိုင်းထားတာရှိလို့..”

ဦးလေးဆိုတာနဲ့ ကိုညီမြင့် က အကြောင်းသိမို့ မျက်နှာရှုံ့မဲ့ပါသည်။ ကိုညီမြင့် ကို နှုတ်ဆက်ပြီး ထွက်လာတော့...

“နေပါဦး...၊ မင်းက ပထမ မင်းဦးလေးကို ငြင်းပြီးတော့ နောက်တော့ ပြန်လျှော့သွားတာ ငါသိတယ် ကဝေ..၊ ဘာအစီပွားယ်လဲ...”

“ဒီလိုကွ..၊ ငါတို့ ဒီပစ္စည်းကို လိုင်းကားနဲ့ သွားပေးမယ်၊ ပြီးရင် အဲဒီကားခကို တစ်ခုခုစားကြမယ်..”

“ဟောကောင် ကြာလို့ ဦးလေး စောင့်နေဦးမယ်..”

“အိုကွာ..၊ ဦးလေးက ညနေမှ ပြန်ရောက်မယ့်ဟာ..”

“အေး.. ဟုတ်သားပဲ၊ မင်းအစီအစဉ် ဂွတ်တယ် ကဝေ..”

အားတက်သရော ထောက်ခံတဲ့ မြတ်ကိုကြောင့် ကျွန်တော်သဘောကျစွာရယ်ရင်း...

“မပြီးသေးဘူး၊ ပြန်လာရင် ငါပြောတဲ့ ဟိုကောင်မလေး အလုပ်လုပ်တဲ့နေရာကို သွားရှာရအောင် မြတ်ကို...”

“ဘယ်သူလဲ..၊ ကားပေါ်မှာတွေ့တဲ့ ကောင်မလေးလား..”

“ဒါပေါ့...”

“သွားလေ..၊ အပြင်မှာ ကြာလေကောင်းလေပဲ ကဝေ...”





“ဒါမျိုးကျရင်တော့ မတိုင်ပင်ရဘူးနော် မောင်မြတ်ကို...”

“ဆရာ စိတ်ဘိုင်းကျအေးစေ ဆရာရယ်...”

“သြော်.. ဒီလိုနေရာကျတော့ မင်းက ငါ့ကို ဆရာတင်တာပေါ့”

“ဟုတ်ကဲ့ပါ ဆရာ..၊ ဆရာ့ကို ကလပ်လေးနဲ့တင်ပြီး ပူဇော်သချင်တာ...”

“မလုပ်ပါနဲ့ကွာ..၊ လေတိုက်ရင် ဖင်ကအေးချင်ချင်နဲ့...”

ပေါက်တတ်ကရတွေပြောပြီး နှစ်ယောက်သား မှာထားတဲ့ ပစ္စည်းတွေ ပို့ရမယ့်ဆိုင်ကို လိုင်းကားစီးပြီးသွားကြပါသည်။ ပစ္စည်းပို့ပြီး နှစ်ယောက်သား တရုတ်ဆိုင်တစ်ဆိုင်မှာ ဝင်စားကြသည်။ စားသောက်ပြီးတော့ ကားစီးပြီး ဟိုတစ်ခါလို ကောင်မလေး ချိန်းတွေ့တဲ့ထိပ်ဝ ရောက်တော့...

“ဒီထဲ ချိုးကွေ့လိုက်တာပဲ မြတ်ကို...”

“ဟုတ်လား...”

မြတ်ကို ဒီထဲချိုးကွေ့လိုက်တယ်ဆိုတော့ သံသယတော့ ဖြစ်မိပါသည်။ ဒီလို တိတ်ဆိတ်တဲ့ အနေအထားနဲ့ ပြင်ဆင်မှုက လှန်းအနိုး ဆန်းဆန်း မရှိ။ ဆိုင်တွေဖွင့်လောက်တဲ့အနေအထားလည်း မပေါ်တာကြောင့် သားကဖြတ်လျှောက်သွားတဲ့ လူနယ်ရောင်းတဲ့ ကောင်လေးကို မြတ်ကို လှမ်းခေါ်ကာ မေးမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွတ်…၊ ညီလေး…"

ဂျာနယ်သည်က လှည့်ကြည့်ပြီး…

"ဂျာနယ် ဝယ်မလို့လား အစ်ကို…"

"မဟုတ်ဘူးကွ…၊ ဒီထဲမှာ ဘာဆိုင်တွေ၊ ကုမ္ပဏီတွေရှိလဲကွ"

"ဗျာ…"

ဂျာနယ်သည်က ခေါင်းကုတ်ပြီး စပ်ဖြဲဖြဲနဲ့…

"ရှုံးရှုံးဖလားဝါး ကုမ္ပဏီရှိတယ်လေ အစ်ကို…"

"ဟုတ်လား…၊ အဲဒီကုမ္ပဏီက ဘာတွေလုပ်တာလဲ…"

"သူတို့တွေက လူကိုယ်ကထွက်တဲ့ အပိုပစ္စည်းအရည်တစ်မျိုး ကို ထိန်းသိမ်းသိုလှောင်ပေးတာ အစ်ကို…"

ကျွန်တော်နဲ့မြတ်ကို အခုထိ သဘောမပေါက်သေး။ ကျွန်တော် က ဆရာကြီးစတိုင်နဲ့ ဆေးပညာနဲ့ပတ်သက်တဲ့ ကုမ္ပဏီ ထင်သွား ပါသည်။

"သြော်… ဆေးပညာနဲ့ပတ်သက်တဲ့ ဆေးသုတေသနကုမ္ပဏီ ပေါ့…"

"အဲဒါတော့ မသိဘူး အစ်ကို၊ မြန်မာလူမျိုးတွေကတော့ အခေ အိမ်သာ၊ အများသုံးအိမ်သာလို့ခေါ်ကြတာပဲ၊ သွားရင်သွားကြည့်လေ"

ကောင်လေးက ပြောပြီး ထွက်သွားပါသည်။ ကျွန်တော်တို့ နှစ်ယောက်က ပါးစပ်အဟောင်းသား။ နောက်မှ မြတ်ကိုက တခွီးခွီး





ရယ်ပါသည်။

"ဟား…ဟား…ဟား…ဟား…၊ သြော်… မင်းကောင်မလေး က ဆေးသုတေသနမှာ လုပ်တာကိုး၊ ဘာတဲ့ ရှုံးရှုံးဖလားဝါး ကုမ္ပဏီ…"

ပြောပြီး မြတ်ကိုက ရယ်လို့မဆုံး ကျွန်တော် အောင့်သည်း အောင့်သက်နဲ့ မြတ်ကို ကို မျက်စောင်းထိုးတော့…။

"မင်းကွာ ကိုယ်လိုက်တဲ့ ကောင်မလေး သေးပေါက်ချင်လို့ အိမ်သာသွားမှန်းတောင် မသိဘူး…၊ တကယ့်ကောင်ကွာ…"

ကျွန်တော် မြတ်ကိုရဲ့ အပြစ်တင်စကားကြောင့် ခေါင်းကုတ် ရင်း…

"မသိဘူးလေကွာ…၊ ငါလဲ တချို့နေရာတွေလို ဒီထဲမှာ ကုမ္ပဏီရှိမယ်ပဲ ထင်တာပေါ့…"

"လာပါကွာ် စိတ်မပျက်ပါနဲ့၊ ဒီအနီးအနားမှာပဲ ရှိလိမ့်မယ်…"

ကျွန်တော်နဲ့မြတ်ကို ဆိုင်တွေပေါတဲ့ ဒီအနီးအနားတစ်ဝိုက်ကို ဒီဆိုင်နီးနီး ဒီဆိုင်နီးနီး နှစ်ခေါက်သုံးခေါက် ဖြတ်လျှောက်ကြည့် ကြသည်။

သူတို့နှစ်ယောက် ဖြတ်လျှောက်တာကို မိုးအေးရဲ့ဆိုင်က ကောင်မလေးက သတိထားမိကာ…။

"ခမိုး… ဒီနှစ်ယောက် ဟိုဆိုင်ကြည့်လိုက် ဒီဆိုင်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လျှောက်နေတာကြာပြီ..၊ ဆိုင်ကိုဖောက်ဖို့ လှေလာနေတာထင်တယ်''

မိုးအေး ဆိုင်က ကောင်မလေးပြောတဲ့ လူနှစ်ယောက်ကို ဆိုင်ထဲကနေလှမ်းကြည့်တော့ တစ်ယောက်က သူမကို နောက်ကျော ပေးထားပါသည်။ တစ်ယောက်က အေးတစ်ဆောင်းအနေအထား မိုးအေး မျက်မှောင်တွန့်ရင်း အမှတ်တမဲ့ပြောမိပါသည်။

''ဟဲ့...၊ နင်တို့အစ်မ သော်ကရဲ့ကောင်လေးလားမှ မသိတာ...''

ခပ်လွယ်လွယ် မှန်းပြောလိုက်ပေမယ့် မှန်နေတာလည်း မိုးအေး မသိ..။ ပြီးတော့ ကိုယ့်အလုပ် ကိုယ်ဆက်လုပ်နေမိပါသည်။

နှစ်ရက်,သုံးရက်လောက် ကဝေ ကားဂိတ်မှာ စောင့်လိုက်၊ မတွေ့ရင် မိုးအေးတို့ဆိုင်တွေရှိရာဆီ ဟိုကြည့်ဒီကြည့် ကြည့်ကာ ပြန်ပြန်သွားပါသည်။ မိုးအေး ကဝေ မှန်း သတိမထားမိတာရယ် အပြင်သွားနေခိုက်ရယ်လို့ မသိလိုက်..။ ဒါတောင် မိုးအေးဆိုင်က ကောင်မလေးက ဗရုတ်ကျကျမို့ ကဝေ ဆိုင်ရှေ့မှာ လာရပ်တော့...

''အစ်ကို ဘာအလိုရှိလဲရှင်...၊ အစ်ကို အသုံးဝင်မယ့်ပစ္စည်းတွေ ရှိပါတယ်၊ ဝင်ပါဦး...''

ကဝေ ဆိုင်အတွင်းခန်းက ပစ္စည်းတွေကြည့်ပြီး 'ဟာမျာ' လို့ပြောကာ ရှက်ရမ်း,ရမ်းပြီး ထွက်ပြေးပါတော့သည်။





ကောင်မလေးတွေ ရယ်မောနေကြတာကိုကြည့်ပြီး ဆိုင်နောက်ဘက်က မိုးအေး ထွက်လာခိုက်...

''နင်တို့ ဘာရယ်နေကြတာလဲလို့...'' မေးမိပါသည်။ ကောင်မလေးတွေ ပြောပြတော့ မိုးအေးပါ သဘောကျစွာ ရယ်မိပါသည်။

မိဖြိုးက ဆိုင်ထဲဝင်လာကာ...

''ဟဲ့ မိမိုး...၊ ဘာတွေ သဘောကျပြီး နင်တို့ ရယ်နေကြတာလဲ..''

မိုးအေးက ပြောပြတော့ မိဖြိုးကပါ ရယ်ပါတော့သည်။

အဲဒီနေ့ကစပြီး ကဝေ သူမကို လက်လျှော့ကာ မရှာဖြစ်တော့ပါ၊ ဒါပေမယ့် ကားစီးတိုင်း သူမကို သတိရသည်။ တစ်ရက်ကိုအနည်းဆုံး နှစ်ခါတည်းပါ..။

❑ ✦ ❑



www.burmeseclassic.com

www.burmeseclassic.com



✧ တဓဝ ခြေလှမ်း
သောက လမ်း
လမ်းဆုံရောက်ရင် လွှမ်းလိမ့်မည်၊







“ နေ့ပါကွာ မင်းအချစ်က တကယ့် ‘သောတ’ ”

အောင်လေးက အခုလိုပြောတော့ ဥဒီးက ရယ်သည်၊ ဒီနေ့ဆိုင်ပိတ်ရက်မို့ အောင်လေးနဲ့ ဥဒီး သူ့အိမ်ရောက်လာပြီး မေမေချက်ကျွေးတဲ့ မုန့်ဟင်းခါးကို အပြတ်တီးကြပြီး သူ့အခန်းထဲမှာ သူ့မွေ့ရာပေါ်အပိုင်စားယူပြီး အစားမှိန်း မှိန်းနေကြသည်။ ကျွန်တော်ပြောပြတဲ့ ကောင်မလေးရဲ့အကြောင်းကို ပြောပြတော့ ခုနလို အောင်လေးက မှတ်ချက်ပေးပါသည်။

ဥဒီးက အိပ်ရာပေါ်မှာ စီးကရက်ဖွာနေတော့ ကျွန်တော်က…

“ဟေ့ကောင် အူတိအူကောင် မွေ့ရာပေါ်မှာ ဆေးလိပ်မသောက်နဲ့၊ တော်ကြာ ထလောင်လို့ အကုန်လုံး မီးသင်္ဂြိုဟ်ပြီးသား ဖြစ်နေမယ်..”



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ..၊ ခံတွင်းချဉ်လို့..."

ဦးက စားပွဲပေါ်က စီးကရက်ပြာခွက်ထဲကို အိပ်ရာက မထ ဘဲ မီးလှမ်းသတ်သည်။

"ကားပေါ်မှာတွေ့ခဲ့တဲ့ အချစ်ပဲကွာ ရွှေလျားနေမှာပေါ့.."

ဦးရဲ့စကားကြောင့် ကျွန်တော်က မျက်စောင်းထိုးပြီး...

"ဘာမှလဲ မဆိုင်ဘူး"

"ဒီလိုလုပ်ကွာ မင်းပြောတဲ့ အဲဒီလမ်းကို ဟိုဘက်ထိပ်ပိ ဒီဘက်ထိပ်ပိတ်ပြီး လော်စပီကာတပ်ပြီး အော်ကွာ..၊ ၃၈ စီးတက် အသက် ဘယ်နှစ်,နှစ်မှ မိန်းမပျို၊ ဆံပင်ဘယ်ပုံစံ၊ အရပ် ခန့်မှ မြေ ဘယ်လောက်၊ ကျွန်တော်တို့ ကွပ်ကဲရေးစခန်းကို အမြန်ဆ သွယ်ပါ၊ လက်ခံထားသူ လက်ဖယ်ပေးပါ၊ ဒွာဩာပေါ့..."

"တော်စမ်းပါကွာ.."

ကျွန်တော်စိတ်ပျက်ပျက်နဲ့ ပြောတော့ ဟိုနှစ်ယောက် သဘောကျနေကြသည်။

"ကဝေ.. ကဝေ.. ကားပေါ်မှာ ခဏတွေ့လိုက်တဲ့ ဟာမ ကို မင်းမို့ စွဲလမ်းနေရတယ်လို့ကွာ၊ တကယ့်ကောင်..."

"အေးလေ... လေတိုက်သလိုပါလာတဲ့ အချစ်ပါကွာ ဟေ့ကောင် မင်း နေ့တိုင်း အလုပ်သွားနေရတာကွာ၊ မင်း ကား ရင်းနဲ့ မင်းစိတ်ကြိုက် ထပ်ရှာလို့ရတာပဲ.."





ကျွန်တော် ခေါင်းခါပြသည်။

"မင်းတို့က နှာခေါင်းနဲ့ ချစ်တဲ့အချစ်တွေ ငါက ရင်ဘတ်နဲ့ ခံစားတဲ့အချစ် အမြင်ချင်းမတူဘူး"

ကျွန်တော့်စကားကြောင့် အောင်လေးက 'သောက်ပို' ဆိုတဲ့ သဘောနဲ့ နှာခေါင်းရှုံ့ပြီး...

"အမြင်ချင်းပဲ မတူတူ..၊ ငါးမြစ်ချင်းနဲ့ ငါးကြင်းပဲ တူတူ သောက်ပိုစကားတွေ ပြောမနေနဲ့..၊ ကဝေ ရှာမနေနဲ့၊ တွေ့မှာ မဟုတ်ဘူး၊ ပြီးတော့ တွေ့ပါပြီတဲ့..၊ ယောက်ျားကြီးရှိနေရင် မင်း ထွဲပြီ.."

"မင်းကြီးတော် ငါက ဘာကွဲရမှာလဲ.."

ကျွန်တော် အငေ်နဲ့တကြားပြောတော့ အောင်လေးက...

"နှလုံးသား..၊ ကဲ... သူငယ်ချင်း နှလုံးသားကို အုန်းမစား နဲ့၊ လုံးပါးပါးသွားလိမ့်မယ်၊ ကဲ... လက်ဖက်ရည်ဆိုင် သွား ရအောင်.."

ကျွန်တော် ထရပ်ပြီး အပေါ်အင်္ကျီတစ်ထည် ကောက်စွပ်ကာ ဆံပင်ဖြီးရင်း အောင်လေးကို မေးပါသည်။

"မင်း ဘယ်တော့လောက် လွှတ်မှာလဲ..."

ကျွန်တော့်စကားကြောင့် ချစ်တီးက ရယ်ရင်း အောင်လေးကို ဘယ်မနိုပ်ကွပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယမန်ကြီးနှစ်ပတ်ပေါ့ကွာ.."

ကျွန်တော်တို့နှစ်ယောက်စကားကြောင့် ချစ်တီးကို အောင်လေ က ခြေထောက်ကို လှမ်းကန်ပါသည်။

"သူတောင်းစားနှစ်ကောင် ဒီတစ်ခေါက်ထပ်ပြီး ပြန်လာ ငါ ဝယ်လာတာတွေ မယူနဲ့..."

ချစ်တီးက ဘာမှနားမလည်ဟန်နဲ့ ကျွန်တော့်ကို မေးသည်

"နေပါဦး..၊ အောင်လေးက ဒီတစ်ခေါက် ဘာဝယ်လာ လဲ.."

"မင်းက မေ့တတ်တာပဲ ချစ်တီးရာ..၊ ဒီကောင် အထင်ကြ အောင် လျှောက်လုပ်နေတာ..၊ ဘယ်ဘောထုပ်ကပါလာတဲ့ အဝ တွေလဲ မသိပါဘူးကွာ.."

"အေးကွာ နိုင်ငံခြားသင်္ဘောသားဆိုပြီး လျှောက်လိမ်နေတာ ငါတို့လာပေးတဲ့ အဝတ်တွေက ပန်းဆိုးတန်းမှာ ပုံရောင်းနေတာ မျက်မှန်လဲ လမ်းဘေးဆိုင်က ပေါချောင်ကောင်း ဝယ်လာတာ ဖြစ်မှာပါ.."

"ခွေးသူတောင်းစား နှစ်ကောင်၊ ဒီတစ်ခေါက်ပြန်လာ တွေ့မယ်"

အောင်လေး က နှာခေါင်းကြီးမှုတ်ကာ တရှူးရှူးနဲ့ ပြောသေ ဦးက...





"ဆဲပလေ့စေ ကဝေ..၊ ဒီကောင် ဒီတစ်ခေါက်ပြန်လာမှ လက်စားပြန်ချေမယ်.."

"ဘယ်လို ပြန်ချေမှာလဲ.."

"သူ့ညီမကိုယူပြီး ကလေးမွေးနိုင်းမယ်ကွာ.."

"ဟာ... ကောင်းလိုက်တဲ့ အစီအစဉ်.."

ငဦး စကားကြောင့် အောင်လေး ကျွန်တော်တို့နှစ်ယောက်ကို လိုက်ထိုးပါတော့သည်။

❑ ✦ ❑



www.burmeseclassic.com

www.burmeseclassic.com





အမည်မသိတဲ့ အိပ်မက်လေးအတွက် ကျွန်တော့်ရင်ထဲမှာ ထောင်ချောက်တစ်ခု ရှိနေမှာ သေချာပါတယ်။ အဲဒီထောင်ချောက်ဟာ ချစ်ခြင်းမေတ္တာနဲ့ ရောယှက်ထားတဲ့ မာယာတွေ ပါချင်ပါမယ်။ ဒါပေမယ့် အဲဒီ မာယာနဲ့ ခင်းကျင်းထားတဲ့ နူးညံ့တဲ့ ထောင်ချောက်ကို သူမ နစ်သက်မိမယ်လို့ ကျွန်တော် ယုံကြည်နေခဲ့ပါသည်။

ထောင်ချောက်များက လွတ်ထွက်သွားတဲ့ သူမကို ကျွန်တော် အပြစ် မတင်ချင်ပါ။ ကျွန်တော် ထောင်ချောက်မှာ အားနည်းချက် ရှိခဲ့လို့လား..၊ ဒါမှမဟုတ် ကံကြမ္မာက ကျွန်တော်တို့ကို ထောင်ချောက် ပြန်ဆင်နေသည်လား ကျွန်တော် ဝေခွဲမရဖြစ်နေခဲ့ပါသည်။





ဒါပေမယ့် ကိုယ့်ထောင်ချောက်ကို အားကောင်းအောင် ပြုပြင်ဆင်မှုဖြစ်မည်ဆိုတာကို သိနားလည်နဲ့ပါသည်။

သေချာပါတယ် ကျွန်တော့် ထောင်ချောက်ဟာ သားကောင် စွဲဆောင်မှုရှိလာမှာပါ..၊ ဘာဖြစ်လို့လဲဆိုတော့ တစ်နေ့ထက်တစ်နေ့ ပိုသတိရနေဆဲ..၊ ကျွန်တော် သူ့အပေါ်ထားခဲ့တဲ့ ချစ်တဲ့ စိတ်မေတ္တာ တရားကြောင့်လေ...။

အမှန်က လွဲချော်မှုလို့ ပြောရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့..။



www.burmeseclassic.com

www.burmeseclassic.com





"ကဲ... မိဖြိုး၊ နင်က ဟိုတစ်ခေါက်ကတည်းက မိတ် ဆက်ပေးပြီးသားဆိုတော့ မိတ်ဆက်ပေးမနေတော့ဘူး.."

သော်က မိုးအေးကို ချစ်စနိုးနဲ့ ငုံ့ကြည့်နေတဲ့ သူ့ကို ပြုံးကြည့် နေမိပါသည်။

မိုးအေးရဲ့ရည်းစား သဘော်က ပြန်လာပြီဆိုတာတော့ သိ သည်။ ဒါပေမယ့် ဟိုတစ်ခါ သူမတို့နဲ့ မိတ်ဆက်ပေးမယ် စီစဉ် တော့ အကြောင်းကြောင်းတွေကြောင့် မတွေ့ဖြစ်..၊ မိဖြိုးကတော့ တွေ့ဖြစ်ပါသည်။

"ဟိုတစ်ခေါက် မိတ်ဆက်ပေးပြီးလဲ ထပ်မိတ်ဆက်လို့ ရ တယ် မိုးအေးရယ်..၊ နင့်လူကို ငါ မလုပါဘူး.."





မိဖြိုးက ရင်းရင်းနှီးနှီး နောက်တော့ မိုးအေးရဲ့ချစ်သူက ရှက် ကိုးရှက်ကန်း..။

"အောင်မယ်..၊ ကိုအောင်က ငါကလွဲရင် ဒန်ပေါက်နဲ့ ထောပတ်ထမင်းပဲ..."

"ဟာကွာ.."

မိုးအေးက သူ့လူရှက်ကိုးရှက်ကန်း ဖြစ်နေပုံကြောင့် ဆက်နေ နေပါသေးသည်။

"ကိုအောင်က အရမ်းရိုးတာ၊ ဘယ်လောက်ရိုးလဲဆိုရင် ကမ်း တစ်ခုကပ်ပြီဆိုတာနဲ့ သူ့အခန်းထဲက မထွက်တော့ဘူး.."

သူမ ရိုးရိုးသားသား မေးမိသည်။

"ဘာဖြစ်လို့လဲ..၊ မိန်းမတွေနဲ့ ရှုပ်မှာ စိုးလို့လား"

မိုးအေးက ရယ်ချင်ဟန်နဲ့ပြောသည်။

"မဟုတ်ဘူး၊ မူးပြီး မထနိုင်တာ..."

"တော်ပါတော့ မိုးအေးရယ်၊ အဲဒါ အစွယ်အပွားလေးပဲ ရှိ သေးတယ်..."

မိုးအေး လူကလည်း ပြန်နောက်ပါသည်။ ဒီနှစ်ယောက်က ထိုက် ည်း လိုက်ပါသည်။

"ကဲ.. ကဲ... လူရှင်တော်တွေလိုပြောရရင် ပျော်စရာ ရယ် ရာတွေကို ဘေးချိတ်ထားပြီ၊ ကဲ... ရွှေမင်းသမီးနဲ့ မိတ်ဆက်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရမယ်ဆိုရင် ကိုအောင်…''

''ဒါက မိုးအေးရဲ့ အချစ်ဆုံးသူငယ်ချင်း ပွေးသောက…''

''ဗျာ!…''

သော်ကရဲ့ အပြောင်အပျက် နာမည်ကြောင့် အောင်လေး အံ့ဩသွားပုံကြောင့် သော်က မိုးအေးကို နှုတ်ခမ်းကိုက် မျက်စောင်း ထိုးတော့…

''စ,တာပါဟယ်..၊ ကိုအောင် မိုးအေးတို့ကတော့ ကျောင်းမှာ ကတည်းက သော်ကကို 'သောက' လို့ခေါ်တာ အကျင့်ပါနေပြီ''

ကိုအောင် ဆိုသူက ပြုံးရင်း…

''စကားနောက် တရားပါနေပါဦးမယ် မိုးအေးရယ်..''

ကိုအောင့်စကားကြောင့် သူမ ရင်ထဲနင့်သွားပါသည်။ မိုးအေးနဲ့ မိဖြိုးက တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်ပြီး…

''မှန်တာပေါ့ ကိုအောင်ရယ်..၊ တကယ်လဲ ကောင်လေး တစ်ယောက်ကြောင့် မိုးအေး သူငယ်ချင်းခမျာ 'သောက' တွေ ပင်လယ်ဝေနေရှာတယ်..''

''ဟာ… မဟုတ်ပါဘူးဟာ''

''ကဲ.. ကဲ… စတာပါ သူငယ်ချင်း၊ ကိုအောင် ဒါ မိုးအေးရဲ့ အရင်းနှီးဆုံး သူငယ်ချင်း မိဖြိုးလို့ပေါ့..၊ သော်က ဒါ ငါ့ရဲ့ချစ်ချစ် ကိုအောင်လေးပေါ့၊ ငါကတော့ ကိုအောင်လို့ ခေါ်တယ်…''





''ဟုတ်ကဲ့..၊ တွေ့ရတာ ဝမ်းသာပါတယ်''

ကိုအောင်လေးက ရင်းနှီးဟန်နဲ့ တလေးတစား ဦးညွှတ် အရိ သေပြုဟန်လုပ်တော့ ရယ်မိသည်။

''ကိုအောင်..၊ ဒါနဲ့ ဘယ်တော့ ပြန်ထွက်မှာလဲ..''

''ဘာလဲ.. မိုးလေးက ကိုအောင်ကို မတွေ့ချင်တော့လို့လား''

''ကြည့်…၊ ဒီက အကောင်းပြောနေတဲ့ဟာကို…''

''စ,တာပါကွာ..၊ သိပ်တော့ မကြာတော့ဘူး..''

မိဖြိုးက လက်ပိုက်ရင်း ကိုအောင်လေးကို မေးပါသည်။

''ကိုအောင်လေး က ဘယ်ကုမ္ပဏီကလဲ..''

ကိုအောင်လေးက သူ့ကုမ္ပဏီကိုပြောတော့ မိဖြိုးက မျက်ခုံးပင့် လိုက်…

''ဟင်…၊ ဟဲ့… အဲဒါ နင်တို့ကုမ္ပဏီလေ…''

''ဗျာ…၊ သော်ကတို့ကုမ္ပဏီ…''

မိဖြိုးက သူ့လက်မောင်းကိုပုတ်ပြီး ပြောတော့ ကိုအောင်လေး မျက်ခုံးပင့်ကာ အံ့ဩနေပုံရသည်။

''ဟုတ်တယ် ကိုအောင်..၊ သော်က အဲဒီကုမ္ပဏီမှာ ဝန်ထမ်း အဖြစ် အလုပ်ဝင်တာ မကြာသေးဘူး''

''သြော်… အဲဒါကြောင့် ထင်တယ်၊ ကျွန်တော် ပထမဘတ် …တ်တုန်းက ကုမ္ပဏီမှာ မမြင်ဖူးပါဘူးလို့၊ ကျွန်တော် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီက ဝန်ထမ်းတော်တော်များများနဲ့ ခင်တယ်၊ သော်က သိမလားမသိဘူး၊ ကိုညီမြင့်တို့၊ ကိုသက်ထွန်းတို့…''

အောင်လေးပြောပြတဲ့ လူတွေရဲ့နာမည်ကြောင့် သော်က က ရယ်ရင်း…

''သိတာပေါ့..၊ တကယ် ပျော်တတ်တဲ့လူတွေပဲဟာ၊ ကိုညီမြင့်ဆိုရင် ပိုဆိုးတယ်၊ အဲဒီလူကြီးခေါင်းထဲမှာ တစ်ချိန်လုံး ဘယ်သူ့ကို ဘယ်လို စ,ရမလဲဆိုတဲ့ အတွေးပဲ တွေးနေတာ..''

ကိုအောင်လေးက ရယ်ရင်း…

''ဟုတ်တယ်..၊ အဲဒီလူက တကယ့်လူ့ပျော်၊ ကျွန်တော်လဲ ဒီတစ်ရက်နှစ်ရက် လာရဦးမယ်၊ သော်ကတို့ ကုမ္ပဏီနားမှာ ကျွန်တော့်သူငယ်ချင်းဆိုင် ရှိတယ်..''

သော်က က စဉ်းစားဟန်ပြုရင်း မေးမိသည်။

''ဘယ်ဆိုင်လဲ..''

''Exhibit''

''သြော်… သိတာပေါ့၊ ကျွန်မတို့ကုမ္ပဏီရဲ့ လက်ဆွဲတော်ဆိုင်လို့ ကုမ္ပဏီကလူတွေ အပြောများတာပဲ..''

''ဟုတ်တယ်..၊ ကျွန်တော့်သူငယ်ချင်း နာမည်က ကဝေ တဲ့၊ အရင်းနှီးဆုံး သူငယ်ချင်း…''

''ရှင်…၊ ကဝေ…''





သူမက ကိုအောင်လေး သူငယ်ချင်း နာမည်ကြောင့် အထူးဆန်း ဖြစ်လို့နေသည်။ ကိုအောင်လေးက အပြုံးနဲ့ သော်ကကို ထတ်ပြရင်း….

''သော်က လိုပဲပေါ့၊ နာမည်ရင်းက ဟိန်းဝေ..၊ သူငယ်ချင်းတွေက ကိုဝေလို့ခေါ်ရင်း နောက်တော့ ကဝေ ဖြစ်လာတာပေါ့ဗျာ''

သူမ သူ့လိုလူလည်း ရှိသေးပါလားလို့ တွေးမိပါသေးသည်။ အေးက စဉ်းစားနေရင်း…

''သြော်… ဟိုတစ်ခါ ကိုအောင်နဲ့သွားတဲ့ ဆိုင်က ကိုဝေကို ပြောတာကိုး၊ နင်တို့နှစ်ယောက်က ပုံစံတူတယ် ဟိ..ဟိ…''

''နင်နော်…''

သော်က သူမ မမြင်ဖူးမတွေ့ဖူးတဲ့ လူတစ်ယောက်နဲ့ သူမကို ပြနေတဲ့ သူငယ်ချင်းကြောင့် စိတ်တိုကာ မိုးအေးကို မျက်စောင်းထိုးမိပါသည်။ မိဖြိုးကလည်း မိုးအေးနဲ့ အလိုတူအလိုပါ..။

''ဟုတ်တယ် ကိုအောင်လေး..၊ ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်က သူ့အတွက် အဖော်လိုက်ရှာပေးနေတာ..''

''ဗျာ…''

ကိုအောင်လေး အံ့သြသွားပုံကြောင့် မိဖြိုးလည်း သူမ စကားမှာ ဘာအမှားပါသွားသလဲ စဉ်းစားတော့ ကိုအောင်လေးက အားနာဟန်နဲ့…



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ… သော်ကအတွက် အဖော်ဆိုလို့…"

"ဟာ…"

မိဖြိုး သူ့စကားနဲ့သူ အိုးတိုးအမ်းတမ်းဖြစ်ရရှာသည်။ ကိုအောင်လေးက စကားလွှဲချင်တာကြောင့်…

"ကဲ… တစ်ရက်လောက် ခင်ဗျားတို့နှစ်ယောက်နဲ့ ကျွန်တော့်သူငယ်ချင်းကို မိတ်ဆက်ပေးရမယ်.."

ကိုအောင်လေးစကားကြောင့် မိဖြိုးက သော်က ကို အဓိပ္ပာယ်ပါပါ ကြည့်ပြီး…

"ကျွန်မက အရေးမကြီးပါဘူးရှင်..၊ ကျွန်မ လမ်းကြောင်းနဲ့ ကျွန်မက သွားနေတာ၊ လမ်းကြောင်းမရှိတဲ့ ကျွန်မ သူငယ်ချင်း အတွက်သာ.."

"မိဖြိုး..၊ နင် ဘယ်လို ဖြစ်နေတာလဲ…"

ကျွန်မ မိဖြိုးကို ဆွဲဆိတ်တော့ မိဖြိုးက မျက်နှာရှုံ့မဲ့နေပါသည်။ ကိုအောင်လေးက အားလုံးကို နှုတ်ဆက်သည်။

"ကဲ… ကျွန်တော် ပြန်ဦးမယ်၊ ဝင်စရာလေးတွေရှိလို့.. မိုးအေး ညမှပဲ ဖုန်းဆက်လိုက်တော့မယ်၊ အားလုံးသွားပြီ…"

ကိုအောင်လေးက အားလုံးကို လက်ပြနှုတ်ဆက်ကာ မိုးအေးရဲ့ဆိုင်ထဲကနေ ထွက်သွားပါသည်။

❑ ✦ ❑







"ဟော့ကောင် ဘာတွေ အလုပ်ရှုပ်နေတာလဲ.."

ကျွန်တော် ဖော်ထိုက်ကို ခုန လာအပ်ထားတဲ့ သီချင်းတွေ ရွေးဖို့မှာနေရင်း နောက်က သူ့ပခုံးကို လှမ်းပုတ်လိုက်တာကြောင့် လှည့်ကြည့်တော့ အောင်လေး ဖြစ်နေပါသည်။

"ဘယ်လာတာလဲ.."

"အခွန့်လာဆောင်ရင်း..၊ ပြီးတော့ ကုမ္ပဏီ…"

"ခဏလေး…"

"အေးအေးဆေးဆေး လုပ်ပါ.."

အောင်လေးက ဒိုင်ယာရီ စာအုပ်စင်ဘက်လျှောက်ကာ စာအုပ်တွေကိုကြည့်နေပါသည်။ ကျွန်တော် ဖော်ထိုက်ကိုမှာပြီး..

www.burmeseclassic.com

www.burmeseclassic.com



"ငါ သွားမယ် ဖော်ထိုက်၊ ဦးလေးလာရင် ဒီနားက လက်ဖက်ရည်ဆိုင်မှာ ရှိမယ်လို့ ဦးလေး လာတာတော့ မလာလောက်ပါဘူး.."

"မလာပါဘူးကွာ..၊ သွား..."

ဖော်ထိုက်က ကွန်ပျူတာကို အာရုံစိုက်နေရာမှ လှည့်မကြည့်ဘဲ ပြောသည်။ ကျွန်တော် ဒီကောင့်ပန်းကိုဝတ်ကာ သွားပြီဖြစ်ကြောင်း အချက်ပြကာ အောင်လေးဆီ လျှောက်လာပြီး...

"လစ်မယ် အောင်လေး..."

အောင်လေးနဲ့အတူ ဆိုင်ထဲက ထွက်လာတော့...

"မင်း အချိန်ရတယ် မဟုတ်လား"

"ဘာဖြစ်လို့လဲ.."

"ကုမ္ပဏီ ခဏဝင်မလို့..၊ လိုက်ခဲ့ကွာ..."

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါသည်။ ကျွန်တော်နဲ့ အောင်လေး ကုမ္ပဏီဘက်လျှောက်လာခဲ့ပါသည်။ ကုမ္ပဏီက ကျွန်တော်တို့ဆိုင်နဲ့ သိပ်မနီးမဝေးပါ..။

"မင်းကို မိတ်ဆက်ပေးစရာရှိလို့ကွ..."

"ဘယ်သူနဲ့လဲ..."

အောင်လေးက အသားလွတ်ကြီး ရယ်မောတော့ ကျွန်တော် မျက်ခုံးတွန့်မိပါသည်။

"ငါ့ကောင်မလေးနဲ့ သူငယ်ချင်း.."





"မိုးအေး သူငယ်ချင်း..."

"အင်း...၊ သူတို့ အခေါ်အဝေါ်က 'သောက..'"

"သောက..၊ ဟာ... နိမိတ်မကောင်းလိုက်တာကွာ.."

"နိမိတ်မကောင်းပေမယ့် တော်တော်လှတာတော့ သေချာတယ်"

ကျွန်တော်က ခေါင်းခါပြင်းရင်း...

"တော်စမ်းပါကွာ.."

"ကျော်သန်းတွေ ဖော်ဝမ်းတွေ လုပ်မနေနဲ့ ကဝေ..၊ ဘာလဲ..၊ မင်းရဲ့ ဥစ္စာစောင့်မလေးကို နှစ်ပေါင်းတစ်ရာအထိ ရှာဦးမလို့လား လုပ်မနေနဲ့ ကဝေ..၊ သူငယ်ချင်းတွေက ကောင်းစေချင်လို့ ခြေနဲ့ရေးတာကို လက်နဲ့ မဖျက်နဲ့.."

စကားပုံကို ခောက်ထိုးပြောနေတဲ့ အောင်လေး လက်မောင်းကို ကျွန်တော် လက်သီးနဲ့ထိုးရင်း နှစ်ယောက်သား ရယ်မိကြပါသည်။

ကုမ္ပဏီရှေ့ရောက်တော့...

"လာ.. ကဝေ..."

ကျွန်တော်တို့နှစ်ယောက်သား ကုမ္ပဏီထဲဝင်တော့ အပြင်ထွက်ဖို့ တံခါးဖွင့်ကာ ထွက်လာတဲ့ ကိုသက်ထွန်းက ကျွန်တော်တို့နှစ်ယောက်ကို ကြည့်ပြီး...

"ဟာ... အောင်လေး၊ မင်း ဘယ်တုန်းကရောက်လဲ.."

"သိပ်မကြာသေးဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အတော်ပဲ..၊ မင်းတို့နှစ်ယောက် ငါ့တို့ကို ပြုစုဖို့ပြင်တော့

"ဟာ... ကျွန်တော်နဲ့ ဘာဆိုင်လဲ ကိုသက်ထွန်းရာ..၊

တမလွန်က ပြန်လာတာပဲ.."

"ခွေးထဲမှပဲ.. ငါက ဘာလို့ တမလွန်က ပြန်လာရမှာလဲ"

အောင်လေးက ကျွန်တော့်ကို ဆဲသည်။

"ကဲ... နောက်မှ၊ ငါလဲ အပြင်လစ်ရဦးမယ်..၊

မြတ်ကျော်ရှိတယ်၊ ဒီကောင်ရောက်နေတာ မကြာသေးဘူးတဲ့.

"ဟုတ်လား..၊ ကျွန်တော်နဲ့ ကမ်းကပ်တော့ တစ်ခါဆုံ

တယ်"

ကိုသက်ထွန်းကို နှုတ်ဆက်ပြီး အထဲကိုဝင်တော့ ကိုညီမြင့်

ကျွန်တော်တို့ကို လက်လှမ်းပြသည်။

"ခဏစောင့်..၊ ငါ အထဲဝင်လိုက်ဦးမယ်"

ဘေးက မဝေနီကို ကျွန်တော် နှုတ်ဆက်ပြီး ကိုညီမြင့် စားပွဲ

ဝင်ထိုင်တော့...

"ဒီကောင် ရောက်တာကြာပြီလား ကဝေ.."

"သိပ်မကြာသေးဘူး၊ ကိုညီ အားလား..၊ ဒီကောင့်ကိုစွပြီးရုံ

လက်ဖက်ရည်သွားသောက်ရအောင်..."

"အိုကေ.."

အောင်လေး သူ့ကိုစွပြီးတော့ သုံးယောက်သား လက်ဖက်ရည်





ကို ထွက်ခဲ့ကြပါသည်။

"တစ်ရက်လောက် ကျွန်တော် ခင်မျိုးနဲ့ ကိုသက်ကို ဘီယာ

တိုက်မယ်"

"ဟေ့ကောင် တိုက်ရင် မြန်မြန်တိုက်၊ တော်ကြာ ဘီယာတွေ

သွားရင် မသောက်ရဘဲနေဦးမယ်.."

ကိုညီမြင့်က ထုံးစံအတိုင်း ရယ်စရာပြောသည်။ ဆိုင်ထဲရောက်

လက်ဖက်ရည်မှာပြီးမှာ အောင်လေးက ကိုညီကို မေးသည်။

"ဪ...မေ့နေတယ်၊ ကိုညီ ခင်မျိုးတို့ကုမ္ပဏီမှာ ကျွန်တော့်

ကောင်မလေးရဲ့သူငယ်ချင်း ရှိတယ်ဗျာ"

ကိုညီက စဉ်းစားဟန်ပြုရင်း...

"ဘယ်သူလဲ.."

"သော်က..."

ကိုညီက သိကြောင်း ခေါင်းညိတ်ပြီး...

"ဪ... ရှိတယ်၊ အခု လေယာဉ်ကွင်းသွားလို့ကွ..၊

ကောင်မလေးက လှတာတပတတလေး၊ သဘောလဲကောင်းတယ်.."

အောင်လေးက ကျွန်တော့်ဘက် မျက်စ,ပစ်ပြကာ...

"ဒီကောင်နဲ့ မိတ်ဆက်ပေးမလို့ဗျ..၊ ကျွန်တော့် ကောင်မလေး

သေသေချာချာ မှာလိုက်တယ်.."

"နေစမ်းပါ အောင်လေးရာ.."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် အငြင်းစကားကြောင့် ကိုသီက လက်ဖက်ရည် သောက်ဖို့ပြင်ပြီးမှ ခွက်ကိုပြန်ချကာ…

"ဟော့ကောင် မှုယာမာရာများမနေနဲ့…၊ တွေ့ကြည့်လိုက်ဦး ဒဿဂီရိ သီတာဒေဝီဓာတ်ပုံ ရတာထက် ဆိုးသွားမယ်.."

"ပန်းချီကားပါဗျာ၊ အဲလောက်လဲ ချီးမွမ်းခန်းဖွင့်မနေပါနဲ့ဗျာ.."

"ဟ.. ချီးမွမ်းခန်းဖွင့်ရမှာပဲ၊ ငါတို့မျိုးရိုးက ကျောက်တံတားတင်မောင်ဆွေပဲဟာ.."

"ဘာလဲဗျ.."

အောင်လေးက နားမလည်တာကြောင့် မေးတော့..

"ဟ… ဟိုခေတ်က ဓာတ်ပုံ ပုံကြီးချဲ့ရင် ကျောက်တံတားတင်မောင်ဆွေဆိုရင် နာမည်ကြီးပဲဟာ.."

ကိုညီစကားကြောင့် ကျွန်တော်ပါ သဘောကျကာ ပြုံးမိပါသည်။

"အတွေးမမှားနဲ့ ငါ့ညီ..၊ မင်း စိတ်မဝင်စားရင် မှားမယ်နော်၊ တွေးကြည့် ချောကလက်နဲ့စောင်းလျားသီးလို မင်းနှလုံးသား ဖြစ်သွားမယ်.."

"ဘာလဲ ချောကလက်နဲ့ စောင်းလျားသီး…"

အောင်လေးက ကျွန်တော့်အစား နားဝေတိမ်တောင်နဲ့မေးသည်။

"သေနိုင်တယ်လို့ ပြောတာကွာ..၊ ဝိန်းပါ.."





"လုပ်ပြန်ပြီ..၊ ဘာလဲ ဝိန်းပါ.."

အောင်လေးက အမှတ်မရှိမေးတော့ ကိုညီက စိတ်ပျက်ဟန်နဲ့…

"တုံးတယ်လို့ပြောတာ..၊ တုံးတာကို လက်တွေ့ပြရဦးမလား အောင်လေး"

အောင်လေးက ကြောက်လန့်ဟန်နဲ့ လက်ကားကာ…

"တော်ပါပြီ..၊ လုံလောက်ပါပြီ.."

ကိုညီက သဘောကျစွာရယ်ရင်း မေးစေ့ကိုပွတ်ကာ…

"မင်းရဲ့စီမံကိန်းကို ငါ လက်ပြောင်းယူမယ် အောင်လေး.."

"ဘာလဲ…"

ကိုညီက ကျွန်တော့်ကို ခေါင်းတညိတ်ညိတ်နဲ့ ကြည့်ကာ…

"ငါ့မှာ အစီအစဉ်တစ်ခုရှိနေတယ်..၊ ငါတို့ကုမ္ပဏီက မိတ်ဆက်ပွဲ နေ့မယ့် စာရွက်စာတမ်းတွေကျရင် ငါ သော်ကကို နိုင်းလိုက်ရင်…"

"ဟာ…၊ ကောင်းလိုက်တဲ့အကြံ…"

ကိုညီနဲ့ အောင်လေးက လက်ချင်းရိုက်ကြသည်။ ကျွန်တော်က သူနှစ်ယောက်ကိုကြည့်ကာ စိတ်ပျက်ပုံနဲ့ နှာခေါင်းရှုံ့ခေါင်းခါမိကာ…

"ကျွန်တော် မကူးပေးဘဲ ဒီပြင့်တစ်ယောက်နိုင်းလိုက်လဲ ဖြစ်တာပဲ ကိုညီရယ်..၊ လွယ်လွယ်လေးပါ…"

အောင်လေးက ကျွန်တော့်စကားကြောင့် အားကိုးတကြီး ကိုညီ ကိုကြည့်တော့ ကိုညီက ကျွန်တော့်ကို အချဉ်သဘောမျိုး ပြုံးကာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။

"မင်းလိုပဲ လွယ်လွယ်လေးပါ..၊ ငါ ဒီအစီအစဉ်ကို မင်းဆို

က မြတ်ကိုတို့၊ ဝင်းမာတို့နဲ့ ဆွေးနွေးညှိနှိုင်းလိုက်ရင်... ကဲ..

ပြောပါဦး.."

"ဟာ... ခင်ဗျားနော်.."

ကျွန်တော်နဲ့ အလန့်တကြားစကားကြောင့် ကိုညီတို့နှစ်ယော

က တဟားဟား ပွဲကျနေကြပါသည်။ ဟိုအုပ်စုကမလွယ်..၊ အဲ

လို အောင်သွယ်ရမယ်ဆိုရင် ဝါသနာကိုပါတဲ့အုပ်စု။ လူလူချင်

အောင်သွယ်လို့မရရင်တောင် ကြက်ဖနဲ့ ကြက်မကို အောင်သွယ်ပြ

မယ့် ကမ္ဘာကျော် ပုဂ္ဂိုလ်မျိုးတွေ..။

ခဏကြာတော့ အသီးသီး လမ်းခွဲကာ ပြန်ကြပါသည်။ ကိုညီ

က အစီအစဉ်ကိုစတင်ဖို့ အခွင့်ချောင်းနေပါသည်။ နေ့လယ်လော

သော်က ပြန်လာတော့...

"လူကို ခေါင်းတောက်နေတာပဲ ကိုညီရာ..."

ကုမ္ပဏီထဲဝင်ဝင်လာချင်း သော်က,က အခုလို ညည်းတော့..

"ဟုတ်တာပေါ့..၊ ငါ့ညီမလေး ပင်ပန်းနေပြီ၊ လုပ်ပေ့..

ဘီယာတစ်ခွက်..."

ကိုညီက စိတ်ပြေလက်ပျောက် နောက်နေပါသည်။

"ဟဲ့... ခုနနင့်သူငယ်ချင်းရဲ့ရည်းစား လာသေးတယ်





နင့်ကိုမတွေ့လို့ မေးနေသေးတယ်.."

သော်က ကိုအောင်လေးမှန်း ချက်ချင်းသိလိုက်ပါသည်။

"ဩော်... ကိုအောင်လေးဇော်လား.."

"အေးဟ..၊ ဒါနဲ့ ဦးကျော်က နင့်ကို ပြန်လာရင် ဘဏ်ကို

သွတ်မလို့တဲ့..၊ ငါလဲ နင်ပင်ပန်းနေပြီ ငါပဲ သွားလိုက်မယ်ပြော

ိုက်တယ်ဟ.."

"အဲဒါတွေကြောင့် တို့အစ်ကိုကြီးက ချစ်ဖို့ကောင်းနေတာ"

"တော်စမ်းပါဟာ..၊ နင်က ငါ့ကိုများ ရေနစ်လိုက် ကိုက်

ေါက်လိုက် လုပ်နေသေးတယ်..."

"ဘာတွေပြောမှန်းမသိဘူး အဲဒီ ကိုညီက..."

"ဟဲ့... အခုတစ်မျိုး တော်ကြာတစ်မျိုးလို့ ပြောတာဟဲ့၊

ိန်းပါ့.."

ကိုညီက စကားပြောတိုင်း အဲဒီ 'ဝိန်းပါ့' ကို မသုံးမဖြစ်..။

"ဩော်... တစ်ခုတော့ရှိတယ်..၊ ငါ့ကိုယ်စား မဝေနီ ပေး

ိုက်မယ့် မိတ္တူတွေ နင် Exhibit မှာ မိတ္တူသွားဆွဲပေးဟာ..."

"အမ်..."

သော်က မျက်လုံးပြူးသွားပြီး ကိုညီကို အလန့်တကြားမော့

ကြည့်တော့ ကိုညီ ရုပ်တည်တည်ကြီးနဲ့နေပေမယ့် ရယ်ချင်ဟန်လေး

တ တစ်စွန်းတစ်စ ထွက်နေတာကို သတိပြုမိပါသည်။ သူမ ကိုညီ



www.burmeseclassic.com

www.burmeseclassic.com



ကို မျက်စောင်းထိုးလိုက်ပြီး…

"ကိုညီ…၊ ကိုအောင်လေး ဘာပြောသွားသေးလဲ…"

ကိုညီ ဘာမှမသိဟန်နဲ့…

"ဪ… သူ လာသွားတယ် ပြောပေးပါတဲ့"

"ကိုညီနော်…၊ ပြောသွားပါသေးတယ်…"

"ဪ… သူ့ကောင်မလေးက သူ့ဆီ အပြန်ဝင်ခဲ့ဦးဆိုလား…"

"ကို…ညီ…"

သူမက ဆောင့်ဆောင့်အောင့်အောင့်လေး အော်တော့…

"ဟဲ့… ဘာဖြစ်နေတာလဲ…၊ အသားလွတ်ကြီး၊ ကဲ… ကဲ… သွားပြီး နင် မီတ္တူသွားဆွဲလိုက်ဦးနော်…"

ကိုညီက ခပ်တည်တည်နဲ့ ထွက်သွားပါသည်။ သူမ ထမင်းစားသောက်ပြီးတော့ မဝေနီက သူမ စားပွဲဆီလျှောက်လာပြီး…

"ရော့… သော်ကရေ…၊ ညည်း မိတ္တူသွားဆွဲမယ်ဆို… ကိုညီ ပြောသွားတာပဲ…"

"အဲဒီ ကိုညီကလေ…"

"ဟဲ့… ဘာဖြစ်လို့လဲ…"

"မဝေနီ မသိပါဘူး…၊ တမင်လုပ်တာ တွေ့မယ်…"

"ဒီကောင်မလေး ဘာဖြစ်နေလဲ မသိဘူး…"

မဝေနီ က ပွစိပွစိပြောပြီး သူမစားပွဲ သူမ ပြန်ထွက်သွားပါ





ည်။ သူမ ကူးရမယ့် စာရွက်အရေအတွက်ကို မဝေနီကို လှမ်းမေး

ြီး ထွက်လာခဲ့သည်။ သူမ ဆိုင်ရောက်တော့ ဝင်ရမှာ ရှိုးတိုးရှန့်တန့်

ဖြစ်နေပါသည်။ သူမတို့ကုမ္ပဏီ ယူနီဖောင်းကို ကောင်တာက

ာင်မလေးက သတိပြုမိပါသည်။

"ဪ… လာ အစ်မ…၊ ဘယ်နှစ်စောင်လဲ…"

သူမက ပြောပြသည်။ ကောင်မလေးက တစ်ယောက်ကိုလှမ်း

ါပြီး ကူးရမယ့် အရေအတွက်ကို လှမ်းပြောသည်။

"ထိုင် အစ်မ…၊ အစ်မကို အရင်က ကုမ္ပဏီမှာ မတွေ့ဖူးဘူး

နော်…"

"အစ်မက အလုပ်ဝင်တာ မကြာသေးဖူးလေ…"

အမှန်က ဝင်းမာအေး ဒီခပ်ချောချော အစ်မကြီးကို မြင်မြင်ချင်း

င်မင်မိတာရယ်၊ ကိုယ့်ဖောက်သည်မို့လို့ ဧည့်ခံစကားပြောမိခြင်း

ဖြစ်ပါသည်။

ဒါပေမယ့် သော်က စိတ်ထဲမှာ အနေရ အထိုင်ရ ကျပ်တာ

အမှန်ပဲ။ ပြီးတော့… 'ကဝေ'ဆိုတဲ့လူ ဘယ်သူပါလိမ့်လို့ မသိမသာ

ာမ်းမိပါသည်။ ကောင်လေး နှစ်ယောက်ထဲက တစ်ယောက်များ

ား…၊ အကဲခတ်နေစဉ် ကောင်လေးတစ်ယောက်က မိတ္တူကူး

နေရာမှ ကွန်ပျူတာရိုက်နေတဲ့ ကောင်လေးကို လှမ်းအော်မေးပါသည်။

"ဖော်ဆိုက် ကဝေရော…"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးဟော့ ခုန သူ့သူငယ်ချင်းနဲ့ ထွက်သွားတာ ပြန်မလာ
သေးဘူး၊ ဘယ်ကို သဝေထိုးနေလဲ မသိဘူး.."

ကဝေဆိုတဲ့ လူမရှိဘူးဆိုမှ သူမ စိတ်သက်သာရသွားပါသည်
ဝင်းမာအေးကလည်း စပ်စုလို့ရသမျှ စပ်စုချင်နေတဲ့ ကောင်မလေးပါ

"အစ်မနာမည်က ဘယ်သူလဲ၊ ကျွန်မနာမည်က ဝင်းမာအေး"

"သော်ကခင်..."

"နာမည်လေးနဲ့ လူနဲ့ လိုက်တယ်နော်.."

"ရပြီ..."

ကောင်လေးက သူမဆီ စာရွက်တွေ လာပေးတော့...

"ဟို... ကူမွှာကြီးက ပိုက်ဆံမပေးလိုက်ဘူး၊ ရလားဟင်..."

"ရတယ် အစ်မ..၊ နောက်မှ ကိုညီ ပေါင်းပေးလိမ့်မယ်.."

သော်က ခေါင်းညိတ်ပြီး တစ်ချိုးတည်း လစ်ပြေးပါတော့
သည်။ သော်က ထွက်လာပြီး သိပ်မကြာပါ တိုက်တိုက်ဆိုင်ဆိုင်
အပြင်ကနေ ကဝေ ပြန်ရောက်လာပါသည်။

အဲဒီလို ကံမကြုံတဲ့အခါ ပြန်ဆုံဖို့ဆိုတာ...။

❑ ✦ ❑





နင်နဲ့ငါဟာ
ကောင်းကင်နဲ့ မြေကြီးရဲ့ အပ်နှစ်ဝင်း
တိုယ်စားပြုခွင့် မရှိသူ..၊
လွဲထားကြေသလား...
ကြိုက်သလောက်လွဲပါစေ...
နှလုံးသားက စိတ်မှန်မှန်နဲ့...
အပိုင်ရှာနဲ့ထားနဲ့...။
အချစ်များ ပြည့်စီပါတ...
လက်ညှိုးညွှန်ရာ အချစ်ရှိစေ...။



www.burmeseclassic.com

www.burmeseclassic.com





"ခဏလေး သော်က…"

မိုးအေးက ထိုသို့ပြောပြီး ပလက်ဖောင်းဈေးသည်ရှေ့မှာထိုင်ပြ
လိမ္မော်သီးဝယ်ဖို့ ဈေးဆစ်နေပါသည်။

သော်က က လက်မှနာရီကိုကြည့်ပြီး မတ်တတ်ရပ်တဲ့အ
အထားနဲ့ပဲ ကားတွေကို ငေးကြည့်နေမိပါသည်။

မိုးအေးရဲ့ကားက သူမကို လာကြိုရင်း ဒီနားမှာ ရပ်ထားသည်
မို့ သူတို့နှစ်ယောက်သား ကားဆီလျှောက်လာရင်း ခေါ်ရှေ့မိုးအေးက
ထုံးစံအတိုင်း လမ်းသွားရင်း ဟိုဟာဝယ် ဒီဟာဝယ်လိုက်နဲ့ ပြီးသည်
ကို မရှိပါ…။

"မြန်မြန်လုပ်ဟ…တော်ကြာ မိုးဖြိုးပြန်သွားလို့ လွဲဦးမယ်…"





မိုးဖြိုးတို့ ရုံးဆင်းချိန်အမီ မိုးဖြိုးကိုဝင်ခေါ်ပြီး တစ်နေရာသွားစားဖို့
ချိန်းထယ်ကတည်းက မိုးအေးက မှန်းဆက်ထားတာကြောင့် သူမ
ကလို လောမိခြင်းဖြစ်ပါသည်။

"အေးပါဟယ်…၊ စောပါသေးတယ် သော်ကရဲ့…"

ဒီလိုပါပဲ…၊ အဲဒီအချိန်မှာ ကဝေ တစ်ယောက် ကိုယ်ယောင်
ဖျောက်ပြီး လာတာမဟုတ်ဘဲ မှတ်တိုင်က ကားကိုစီးလို့ စထွက်ကာ
ကျော်ကျော်ပဲ ရှိပါသေးသည်။ ကားကိုတွယ်စီးရင်း ဟိုဘက်ခြမ်း
ကလမ်းပလက်ဖောင်းမှာ သော်ကကို တွေ့လိုက်ရတာကြောင့်…

"ဟင်…"

သေချာကြည့်တော့ သူမမှ သူမ အစစ်ပါ…။

"ဟိုးထား…၊ ဆင်းမယ်ဗျို့…"

ကားက သူမတို့ကို ကျော်လွန်သွားပါပြီ။ သော်ကကလည်း
ငေးမိနေရာမို့ ကဝေကို မမြင်…၊ စပယ်ယာက အတင်းဆင်းမယ်
လုပ်နေတဲ့ ကဝေကြောင့်…

"ဟာ… မှတ်တိုင်ရောက်မှ ဆင်းလို့ရမှာပေါ့ဗျ"

"မဟုတ်ဘူး…၊ ဆင်းမယ်…"

"ဟေ့လူ…"

ကားက အရှိန်လျှော့ကာ ရပ်ပေးသည်လို့ ကဝေ ထင်လိုက်မိ
ပါသည်။ အမှန်က ဖြတ်သွားဖြတ်လာရှိသူမို့ ကားက အရှိန်နှေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာကို ကဝေ မသိဘဲ ခုန်အဆင်းမှာ…

"ဟာ… ကျပြီ…"

ကတ္တရာလမ်းမနဲ့ တင်ပါးဆုံရိုး ထိတွေ့မှုနဲ့အတူ လူ…
ထွေးမှုသွားပြီး ဒလိမ့်ခေါက်ကွေး လိမ့်ကျကာ နောက်က ကား…
ဘရိတ်အုပ်သံနဲ့ ပတ်ဝန်းကျင်မှာ ဆူညံသွားပါသည်။

"ဟယ်…"

သော်ကလည်း ခပ်ဝေးဝေးကအဖြစ်ကို မြင်လိုက်ကာ ရင်ဘတ်
ကို ဖိထားမိပါသည်။

မိုးအေးက လိမ္မော်သီးအိတ်ကိုဆွဲရင်း ထရပ်ကာ…

"ဘာဖြစ်တာလဲ သော်က…"

"ကားပေါ်က ပြုတ်ကျတာဟ…"

"သွားကြည့်ရအောင်ဟာ…"

မိုးအေးက မိန်းမပီပီ စပ်စပ်စုစုနဲ့ သွားကြည့်ချင်နေသည်။
သူမကာ ချွေးထွက်သံယိုကို မမြင်ရဲသူမို့…

"ဟာ…၊ မကြည့်ရဲပါဘူးဟယ်…"

"အိုစမာဘင်လာဒင်ရဲ့သမီး ကျနေတာပဲ…"

"လာ… လာ…၊ သွားမယ်…"

သော်က မိုးအေး လက်ကိုဆွဲကာ မိုးအေးရဲ့ကားဆီ အမြန်
လျှောက်လာခဲ့ပါသည်။





သော်က ဖြစ်ပုံကြောင့် မိုးအေးက ရယ်သည်။
ကဝေ လဲကျရာနေရာက ကားကွေ့ကာ ပြုတ်ကျော်တော့
…ဘာ မသိမသာကြည့်မိသည်။ လူအုပ်က ဝိုင်းထားလို့ ခြေ
…တ်တစ်စွန်းတစ်စသာ မြင်ခဲ့ရပါသည်။

◻ ✦ ◻



www.burmeseclassic.com

www.burmeseclassic.com





"မင်းကွာ အဲလောက်တောင် အစွဲအလမ်းထားရလို့ မသေကောင်း မပျောက်ကောင်းကွာ..၊ မင်းလုပ်ပုံနဲ့ နေရင်းထိုင်ရင်း စပယ်ယာတွေ၊ ဒရိုင်ဘာတွေ အချုပ်ထဲရောက်မယ့်ကိန်းပဲ.."

အောင်လေးက သူ့နုတင်ရဲ့ဘေးမှာ ထိုင်ရင်းပြောသည်။ နှာမလေးက အခန်းတံခါးဖွင့်ကာ အပြင်ကိုထွက်သွားပါသည်။ ဖြစ်စက သတိပါလစ်သွားပါသည်။ ဆိုးဆိုးရွားရွားမဖြစ်လို့ တော်သေးတာပေါ့၊ ညာဘက်လက်ဖျံရိုး အက်ရုံနဲ့ တင်ပါးဆုံမှာ ထိနိုက်မှု နည်းနည်းသာဖြစ်သည်ဆိုလို့ တော်ပါသေးသည်။

ပတ်တီးအဖွေးသားနဲ့ ကာဓေ နုတင်ပေါ်မှာ ပက်လက်လေးလှဲနေတာကို ငဦးက ကြည့်ပြီး သက်ပြင်းချခေါင်းခါကာ...





"မင်းကွာ အဲဒီကောင်းကျိုးမပေးတဲ့ ဒုက္ခသောကမလေးကို စွဲလမ်းနေတယ်၊ အောင်လေး ပြောတဲ့ ကောဇမလေးကို သင့်တယ်"

ကာဓေ နည်းနည်းလှုပ်မိတော့ တင်ပါးဆုံက နာလာပါသည်။ နှုတ်မှကတော့ စုပ်သပ်မိရင်း...

"မင်းတို့လုပ်ပုံက မိန်းမတစ်ယောက်ရဲ့အချစ်ကို ဈေးဝယ်သလို ဝယ်နိုင်နေပုံနဲ့ တူတယ်၊ ချစ်တယ်ဆိုတဲ့ဝေါဟာရက အဲဒီလို အလွယ်ဆန်လို့လား..."

ကျွန်တော့်ပြောပုံကြောင့် အောင်လေးက မျက်စောင်းထိုးရင်း...

"အခုထိ လေသံက မလျှော့သေးဘူး..၊ မင်းဖြစ်တာ နည်းတောင်နည်းသေးတယ်၊ ကျိုးပဲ့ပြီး ဒုက္ခိတဖြစ်သွားရတဲ့အထိ ဖြစ်ရမှာ..၊ အရူး.."

အောင်လေးက ပျစ်ပျစ်နှစ်နှစ်ပြောတော့ ကျွန်တော် မသက်သော ပြုံးမိပါသည်။

"မင်းဦးလေးရော လာသေးလား ဘာပြောသေးလဲ.."

ငဦး အမေးကြောင့် ကျွန်တော်က...

"ခုန မင်းတို့ မလာခင်မှ ပြန်သွားတာ၊ ငါ့ကို ပြောလိုက်ဆိုလိုက်တာမှ ရစရာကိုမရှိတာ၊ အသက်ကကြီးပြီး သောက်ကမြင်းက



www.burmeseclassic.com

www.burmeseclassic.com



ထရသေးတယ်လို့၊ ပြီးတော့ နမော်နမဲ့နဲ့ ဖြစ်တာတော်
နည်းသေးတယ်လို့..."

ကျွန်တော် စိတ်ညစ်ညစ်နဲ့ပြောတော့ နှစ်ယောက်သား ရယ်ကြ
ပါသည်။

"ဒရိုင်ဘာနဲ့ စပယ်ယာက မနက်က ဆေးရုံကို တစ်ခေါက်
ထပ်ရောက်လာသေးတယ်။ သူတို့ ဆေးဖိုးဝါးခ ပေးပါတယ်
ဖေဖေက မယူဘူး၊ ငါဘာသာ ငါဖြစ်တာတဲ့၊ ဖေဖေက သူတို့ကို
ပြန်အားနာနေတယ်လေ၊ အလုပ်အကိုင်ပျက်တော့ ငွေရေးကြေးရေး
ထိနိုက်တာပေါ့..."

အောင်လေးက ခေါင်းညိတ်ပြပါသည်။

"မိုးအေးတို့ မသိသေးဘူးကွ..၊ ညနေ ငါရောက်မှပဲ မင်းဆီ
လာကြည့်ဖို့ ပြောရဦးမယ်.."

"နေပါစေကွာ..၊ တာဝန်ပိုပါတယ်၊ မခေါ်နဲ့အောင်လေး.."

ကျွန်တော် အငြင်းစကားကြောင့် ဦးက...

"ခေါ်ခဲ့ အောင်လေး..၊ အဲဒီကောင်မလေးနဲ့ မရမက အောင်
သွယ်..၊ အဲဒါမှ ဟိုဟာမလေးကို သူမေ့မှာ..."

အောင်လေးကလည်း ထောက်ခံဟန် ခေါင်းညိတ်ပြီး...

"စိတ်ချ..၊ ဒီပွဲကို အဖက်ဖက်က ဝိုင်းဝန်းပံ့ပိုးပေးနေကြတာ၊
ဦး.. မင်း အဲဒီကောင်မလေးကို တွေ့စေချင်တယ်ကွာ..၊ တကယ်





ရော တကယ်လှတာ၊ အပြစ်ပြောစရာ ဘာမှမရှိတဲ့ဟာ..၊ ဒီကောင်
အခြားစီ၊ လိုက်တောင်မလိုက်ဘူး၊ ကိုယ်က ဖြစ်ပါစေဆိုပြီး
တိုက်တွန်းတာကိုကွာ..."

အောင်လေးနဲ့ ဦးက ဘေးက ဖျစ်တောက်ဖျစ်တောက်နဲ့
ပြောနေကြတာကြောင့် ကျွန်တော် အိပ်ချင်ယောင်ဆောင်နေလိုက်
ပါသည်။

ကဝေရဲ့အမေနဲ့ သူညီ ရောက်လာတာကြောင့် အောင်လေးနဲ့
ဦးလည်း နှုတ်ဆက်ကာ ပြန်သွားပါသည်။ ကဝေ့အမေက သူ့သား
အိပ်ပျော်နေတာကို ကြည့်ပြီး...

"အိပ်သွားပြီလား မောင်အောင်..."

"ဟုတ်ကဲ့ အန်တီ..၊ ကဲ... ကျွန်တော်တို့လဲ ပြန်လိုက်ဦး
မယ်"

အောင်လေးနဲ့ ဦး ကဝေ့အမေကို နှုတ်ဆက်ကာ ဆေးရုံက
ထွက်ခဲ့ကြပါသည်။

□ ✦ □



www.burmeseclassic.com

www.burmeseclassic.com





"လာစမ်းပါဟယ်..."

မိုးအေး သော်က ရုံးအဆင်းကိုစောင့်ပြီး မရမက ခေါ်လာခဲ့ပါသည်။ မိုးအေးနဲ့ အောင်လေးက ဖုန်းအဆက်အသွယ်မရသေးပါ..။ မိုးအေးရဲ့ဖုန်း ဘက်ထရီဒေါင်းနေတာကြောင့် တစ်ဖက်ကတောင် ဒီတစ်မနက်လုံး ဖုန်း ဘယ်လိုဆက်ဆက် မရခဲ့ပါ..။

မိုးအေးပိုင်ပြီဆိုတဲ့ သဘောနဲ့ ကဝေတို့ဆိုင်ထဲကို အတင်းချဲ့ခေါ်လာတော့ သော်က မျက်နှာ ခပ်ပုတ်ပုတ်နဲ့ လိုက်ဝင်ခဲ့ရပါသည်။ ဟုတ်တယ်လေ..၊ မိုးအေး လုပ်ပုံက မိန်းကလေးတန်မဲ့ ဘယ်လောက်အောက်လဲ..၊ တွေ့ချင်ရင် တွေ့ချင်သူက လာရမယ့်ဟာ..။

"ဟဲ့ နှင့်မျက်နှာ ဘယ်လိုဖြစ်နေတာလဲ.."





မိုးအေးက သော်က မျက်နှာကိုကြည့်ပြီး ခပ်တိုးတိုးပြောသည်။

"ဘာဖြစ်လဲ.. ငါ့ဘာသာ ဘယ်လိုနေနေပေါ့..၊ နင်က ...မေလား..."

မိုးအေး သော်က စကားကြောင့် တဟိဟိရယ်သည်။ ဆိုင်ထဲ ...တော့ ကဝေကို မိုးအေး ရှာသည်။ မတွေ့..၊ မြတ်ကို မိုးအေး ...ို့ သိတာမို့...

"ဟာ မမိုးအေး..၊ ကဝေဆီ လာတာလား၊ အလာကောင်းပေ ...ည့် အခါနှောင်းသွားပြီဗျ.."

မြတ်ကို ပြောင်တတ်နောက်တတ်မှန်းသိတော့ မိုးအေးကလည်း...

"ဘာဖြစ်လို့လဲ..၊ ကဝေကနေ သရဲဖြစ်သွားပြီလား.."

"ဟင်... မမိုးအေး မသိဘူးလား..၊ ဪ... ကိုအောင် ...လေးနဲ့ မတွေ့ဖူးထင်တယ်.."

"ဘာဖြစ်လို့လဲ..."

"ကဝေ ဆေးရုံမှာလေ.."

"ဘယ်လို!..."

မိုးအေး ထိတ်လန့်တကြားနဲ့မေးတော့ မြတ်ကိုက ပြောသည်။

"မနေ့က ဒီနားက မှတ်တိုင်ကျော်ကျော်မှာ ကားပေါ်က ပြုတ်ကျလို့.."

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ အံ့သြသွားသူက မိုးအေးတင်မဟုတ်ပါ။သော်က လည်း ပါပါသည်။ မိုးအေးနဲ့ သော်က တစ်ယောက်ကိုတစ်ယောက် ကြည့်မိကာ…

"ဟဲ့… ဒါဆို.. ငါတို့ လိမ္မော်သီးဝယ်တဲ့အချိန်က ကားပေါ် က ပြုတ်ကျတယ်ဆိုတာ ကဝေပေါ့.."

မိုးအေး စကားကြောင့် မြတ်ကိုက ထောက်ခံစကားဆိုသည်။

"ဖြစ်နိုင်တယ်..၊ မမိုးအေးတို့ တွေ့တဲ့အချိန်က ရုံးဆင်းချိန် ဖြစ်မယ်.."

"ဟုတ်တယ် ကိုမြတ်ကို..၊ အခု ဘယ်မှာလဲ…"

"ဆေးရုံမှာ..၊ အားရင် သွားကြည့်လိုက်ပေါ့၊ ရက်(စ်)စက်ရှင် ကိုမေးရင် သိပါတယ်.."

"ကျေးဇူးပဲ သွားပြီနော်"

နှစ်ယောက်သား ဆိုင်ထဲကထွက်လာတော့ မိုးအေးက…

"ဒီလိုမှန်းသိရင် မနေ့က သွားကြည့်ရင် ငါတို့ ကဝေကို အကူအညီပေးလို့ရတာပေါ့ဟဲ့.."

နှစ်ယောက်သား ပလက်ဖောင်းအတိုင်း လျှောက်လာရင်း မိုးအေးရဲ့မှန်းက မြည်လာတာကြောင့် မိုးအေး ဖုန်းဖွင့်နားထောင် တော့…

"ဟဲလို…မိုးအေးပါ..၊ သြော်… ကိုအောင်၊ ဟုတ်တယ်..၊





ဘက်ထရီဒေါင်းနေလို့၊ အင်း… အခုလေးတင်ပဲ ကဝေ့ဆိုင် သော်ကနဲ့ဝင်ရင်း သိရတာ..၊ အင်း… သွားကြည့်မယ်..၊ ကိုအောင် င်ခေါ်လိုက်လေ..၊ စိတ်ချ သော်ကပါ လိုက်မှာပါ.."

တစ်ထစ်ချပြောလိုက်တဲ့ မိုးအေး စကားကြောင့် သော်က ည်းနည်း စိတ်တိုသွားပါသည်။

ဖုန်းဆက်ပြီးတော့ မိုးအေးက…

"ကဲ… ကိုအောင်က နင်နဲ့ငါ့ကို လူနာသတင်းသွားမေးဖို့ ညနေဝင်ခေါ်မယ်တဲ့.."

"ငါ မလိုက်ဘူး…"

ပုံမှန်လေသံဖြစ်အောင် ကြိုးစားပြီး ယတိပြတ်ငြင်းတော့ မိုးအေး သူမကို မော့ကြည့်ပြီး…

"ဟဲ့… လိုက်ခဲ့ပါဟဲ့..၊ မကောင်းဘူးလေ.."

"ကောင်းပါတယ်..၊ သူနဲ့ ငါက တစ်ခါမှလဲ ဆုံဖူးတာ မဟုတ်ဘူး၊ ရင်းနှီးတဲ့ အသိမိတ်ဆွေလဲ မဟုတ်ဘူး၊ မိုးအေး.. နင့်ကို ငါ တစ်ခုပြောမယ် စိတ်မရှိနဲ့၊ နင်.. နင့်လူရဲ့သူငယ်ချင်းနဲ့ အိမ်မအောင်သွယ်ပေးပါနဲ့ဟာ၊ နင် လုပ်ပုံက သူငယ်ချင်းမို့လို့ဖြစ် ချင်ပေမယ့် တစ်ဖက်ကကြည့်ရင် ငါ သိက္ခာမဲ့တယ်ဟာ.."

သော်က,က အတတ်နိုင်ဆုံး လေသံလျှော့ကာ ပြောပေမယ့် မိုးအေး စိတ်မကောင်းဟန်ဖြစ်သွားပုံရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီလိုပုံစံမျိုးနဲ့ လုပ်ပေးတာ မဟုတ်ပါဘူး သူငယ်ချင်းရယ်..၊ ငါနဲ့ ကိုအောင်က နှင်တို့နှစ်ယောက်ကို နီးစပ်စေချင်တဲ့ ဆန္ဒသက်သက်ပဲ ရှိပါတယ်ဟယ်.."

သော်က ပြောပြီး မိုးအေးကို စိတ်မကောင်းဖြစ်မိကာ...

"နှင့်စေတနာကို ငါ အသိဆုံးပါ မိုးအေးရယ်..၊ ငါ ကိုအောင်လေးကိုလဲ ခင်ပါတယ်ဟယ်..၊ ဒါပေမယ့် အတင်းလုပ်ယူတဲ့ ပုံစံမျိုးကြီးနဲ့ အချစ်ဆိုတာကိုတော့ ငါ မကြိုးစားချင်ဘူး၊ ဒါကြောင့်ပါဟယ်၊ ကဲ... မျက်နှာကြီးလဲ ပြင်ဦး..."

သူမ ချော့မော့ပြောမှ မိုးအေး ပြုံးရွှင်လာပါသည်။

□ ✦ □







ခေါ်းရုံကို နှစ်ယောက်အတူ အောင်လေးကားနဲ့ မောင်းလာ
နေလယ်က သော်က ပြောပြတဲ့ ကဝေနဲ့ပတ်သက်တဲ့ စကားကို
ပြောပြတော့ အောင်လေးက မိုးအေးကို ကားမောင်းရင်း ငဲ့ကြည့်
...

"စိတ်မကောင်း မဖြစ်ပါနဲ့ မိုးအေးရယ်..၊ သော်က ပြော
လဲ မှန်ပါတယ်..၊ ကိုယ်တို့က ဘေးကနေ အတင်းကြီး လုပ်ယူ
တာကို ကာယကံရှင်တွေ အနေလို ပြောတာလဲ မဆန်းပါဘူး..."

"ဟုတ်တော့ ဟုတ်တာပေါ့ ကိုအောင်..၊ ဒါပေမယ့် မိုးအေး
သော်ကအတွက် ကဝေက အလိုက်ဖက်ဆုံးလို့ထင်လို့ တမင်
ဖြစ်အောင် ဆောင်သွယ်ပေးနေတာပါ.."



www.burmeseclassic.com

www.burmeseclassic.com



မိုးအေးက အခုအချိန်ထိ လက်မလျှော့ချင်သေးတဲ့ ပုံစံကြောင့် အောင်လေးက ရယ်ရင်း သူ့ချစ်သူကို ပြန်ဖျောင်းဖျနေရပါသည်။

"စိတ်လျှော့လိုက်ပါတော့ကွာ..၊ နှစ်ဦးနှစ်ဖက်က ငြင်းနေတာ ပဲဟာ.."

မိုးအေး လုံးဝ လက်လျှော့မယ့် အနေအထားမှာ မရှိ..။

"မလျှော့ပါဘူးနော်..၊ ကိုယ့်ဘက်က အတင်းကြီးဖြစ်နေလို့ သာ ခဏနောက်ဆုတ်လိုက်ရတာ၊ နောက်တစ်ခါကျတော့ ကြိုးစား ကြည့်ဦးမယ်.."

အောင်လေး မိုးအေးစကားကြောင့် တဟားဟားရယ်ရင်း..

"အခုတော့ စိတ်လျှော့လိုက်ဦးနော်.."

နှစ်ယောက်သား သော်ကနဲ့ ကဝေအကြောင်းကို ငြင်းခုန်လာ ရင်း ဆေးရုံကို ရောက်လာပါသည်။

ကဝေ အခန်းရောက်တော့ ကဝေက ထိုင်နိုင်နေပါပြီ၊ ကဝေ့ မေမေက သူ့သားကို ကလေးတစ်ယောက်လို မြူစွမ် ခွံ့ကျွေးနေတာ ကြောင့်...

"ဟော... ဒီကလေးက ထိုင်တောင် ထိုင်နိုင်နေပြီပဲ.."

ကဝေ့မေမေက သူစိမ်းသဲ့သည်ဖြစ်တဲ့ မိုးအေးကို ပြုံးပြပါ သည်။

"သမီး လာထိုင်..."





"ဟုတ်ကဲ့ အန်တီ..."

မိုးအေးက လူနာအတွက် ဝယ်လာတဲ့ စားစရာတွေပေးတော့ ဆေတာ အားနာဟန်နဲ့...

"မင်းကွာ ငါပြောသားနဲ့၊ အလုပ်ရှုပ်ပါတယ် မိုးအေးကို လောပါနဲ့လို့ အထပ်ထပ်မှာတဲ့ဟာကို..."

"ဩော်... ကဝေရယ် ဒီလူနဲ့ ဒီလူ အားနာရမှာလား၊ ကဝေ့ အကြောင်း ဆေကောင်းလိုး တက်ခေါက်ဝါဘာ အကြောင်းကြောင်းတွေ ကြောင့် မပါလာဘူးနော်.."

သော်က ကို ရည်ရွယ်ပြီးပြောမှန်း ကဝေ သိပါသည်။

"မိုးအေးတို့ နှစ်ယောက်ကလေ တွေ့တာနဲ့ ဒါပဲ..."

ကဝေ ပြောပုံကြောင့် မိုးအေးတို့ ရယ်ကြပါသည်။

"ဒါနဲ့ ဘယ်နေ့ ဆင်းရမှာလဲ.."

မိုးအေး အမေးကြောင့် ကဝေက သူ့အမေကို ကြည့်ပါသည်။ ကဝေ့အမေက မိုးအေးကို ပြောပြပါသည်။

"မနက်ဖြန် ဆင်းရမယ်တဲ့၊ ပြီးရင် ဆေးထည့်တာကိုတော့ ဆေးရုံကို နှစ်ရက်၊ သုံးရက်ခြားဖြစ်ဖြစ် ပြန်လာပြရမှာပေါ့.."

မိုးအေးက သက်ပြင်းချရင်း...

"တော်သေးတာပေါ့နော်... ဒီလောက်ပဲဖြစ်လို့ အဲဒီနေ့က အဲဒီနားမှာ မိုးအေးရော မိုးအေးသူငယ်ချင်း သော်ကရောရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



ကဝေရဲ့၊ မိုးအေးက လိမ္မော်သီးဝယ်နေတာလေ..၊ ဒါပေမယ့် ကား
ပေါ်က ပြုတ်ကျတာ ကဝေမှန်း ဘယ်သိပါ့မလဲ.."

မိုးအေး စကားကြောင့် ကဝေ နောက်နေပြန်သေးသည်။

"ဘာလဲ..၊ ကျွန်တော်မှန်းသိရင် မသေ,သေအောင် ကား
ထပ်ကြိတ်မယ်ထင်တယ်.."

"မဟုတ်ပါဘူး လမ်းကြိတ်စက်နဲ့လောက်ပဲ ပေါ့ပေါ့ပါးပါး"

ကဝေ့မေမေက မိုးအေး စကားကြောင့် သဘောကျပြီး ရယ်
တော့သည်။







မနက်အိပ်ရာထ မျက်လုံးဖွင့်တော့ သူမ ရင်တွေခုန်နေပါ
သည်။ မနေ့က ဒေါ်လေးဖုန်းဆက်ထားလို့ သူမ ဒေါ်လေးအိမ်မှာ
အအိပ်ပေးရပါသည်။ ဒေါ်လေးကတော့ ထုံးစံအတိုင်း ခရီးထွက်
ခဲ့ပြီလေ။

ကလေးတွေအတွက် ကျောင်းသွားဖို့ ထမင်းချိုင့်ပြင်ဆင်ပေးပြီး
မုန့်ဖိုးပေးကာ အကြီးကောင် ဇော်ဇော်ကို အထပ်ထပ်မှာရပါသည်။

"ဇော်ဇော်..၊ သား ကျောင်းသွားရင် ညီမလေးကို ဆွဲပြီးသွား
နော်၊ ကားလမ်းကူးရင် ကားရှင်း,မရှင်း ကြည့်ပြီးမှ ကားရှင်းမှ
ကူး..."

ဇော်ဇော်က ခေါင်းညိတ်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကထွက်လာတော့ သူမ နာရီကိုကြည့်ပြီး ကားဂိတ် သူမှ တွေ့ပါ့မလား စိုးရိမ်မိပါသည်။ ၃၈ ကားထိုးရပ်တော့ ကားပေါ်ဝင်ထိုင်ပြီး ရှေ့မှတ်တိုင်မှာ လူတော်တော်များများ ဆင် တော့ သူမ ထိုင်နေကျနေရာလေးမှာ ဝင်ထိုင်ပါသည်။

ဂိတ်ရောက်လို့ ကားကွေ့တော့ ကားပေါ်ပြေးတက်တဲ့ လူ ကြားမှာ သူ့ကို လိုက်ရှာဖွေကြည့်သည် မတွေ့..။

သူမနဲ့ အနီးဆုံးနေရာကို တွယ်စီးတဲ့လူကို ကြည့်တော့ ကျွန်မ ရှာနေတဲ့သူ မဟုတ်ပါ။ ဒါပေမယ့် သူနဲ့ စကားပြောပြေ တဲ့လူ..၊ ထိုသူကလည်း သူမကိုမြင်တော့ အံ့ဩဟန်ပြပြီး ပြုံးပြ သည်။ ကျွန်မလည်း ပြုံးပြ နှုတ်ဆက်မိပါသည်။ ကားထွက်တော့ အဲဒီလူက...

"ခင်ဗျား မတွေ့တာ အတော်ကြာပြီနော်..."

"ဟုတ်တယ်..၊ ကျွန်မက ဒီမှာနေတာ မဟုတ်ဘူး၊ ကျော မြောင်းမှာနေတာ၊ ဒီမှာက အဒေါ်လေ..."

"သြော်... မသိပါဘူးဗျာ..၊ ဒါနဲ့ ခင်ဗျားကို စာအုပ်ပေး နေတဲ့လူတောင် မတွေ့တာ အတော်ကြာပြီဗျ.."

သူမ ကားတွယ်စီးတဲ့လူရဲ့စကားကြောင့် ဝမ်းနည်းသလို ဖြစ် ပါသည်။ ထိုလူက သူမ ပျက်ယွင်းသွားတဲ့ မျက်နှာကို အကဲခတ် နေတာကြောင့် သူမ ခေါင်းငုံ့လိုက်ရပါသည်။ မျှော်လင့်ချက်တေ





တစ်ခု ဖြစ်မလာတဲ့အခါ ဘယ်လောက် ရင်ကိုထိခိုက်စေသလဲ သူမ အခုမှ သဘောပေါက်ခဲ့ပါသည်။ အဲဒီ ခံစားမှုဟာ ဘယ်အထိ ပါလာသလဲဆိုရင် ကုမ္ပဏီကို ရောက်တဲ့အထိပါ..။

"ဟဲ့... ခေါ်နေတာကြာပြီလေ..၊ ဘာတွေ စဉ်းစားနေတာ လဲ.."

"ဟင်... သြော်... ကိုညီ..."

ကိုညီက သူမရဲ့ ထုံထုံထိုင်းထိုင်း အမူအရာကြောင့် အကဲ ခတ်ရင်း...

"ညည်း... ဘာဖြစ်နေလို့လဲ.."

"ဟို... အိပ်ရေးပျက်လို့ပါ.."

သူမ ရှောင်ပြီး ညာလိုက်ပေမယ့် ကိုညီက စ,နေပါသေး သည်။

"မသိပါဘူးဟာ..၊ ညည်းကြည့်ရတာ အရက်နာကျနေသလို လို ရည်းစားနာကျနေတဲ့ပုံစံ..."

အရင်ကဆို သူမ ကိုညီကို ရန်တွေ့တတ်ပေမယ့် သူမ ဒီနေ့ ဘာမှပြန်မပြောတော့။ ဒါကို ကိုညီက ဆက်စ,နေပါသေးသည်။

"ဟဲ့ ပြန်ခံမပြောတော့ဘူးလား..၊ ကောန္တ ငါ့စကား မှန်နေပြီ ထင်တယ်..၊ အေးလေ ဒီအရွယ်ရောက်မှတော့ ပွင့်ချိန်တန်ပွင့် လန်းချိန်လန်းပြီပေါ့.."



www.burmeseclassic.com

www.burmeseclassic.com



သူမ ခပ်ပြုံးပြုံးနဲ့နေပြီး ကိုညီနဲ့ အတူလျှောက်လာရင်း…

"ကိုညီ…"

"ဘာလဲဟ…"

"ဆုတောင်းတိုင်း ပြည့်စုံတတ်သလား…"

"ဘိုဖြူကို မေးကြည့်လေ…"

"ဘယ်က ဘိုဖြူလဲ…"

"အဆိုတော် ဘိုဖြူလေ…၊ သူကတော့ ပြည့်စုံပါစေ ဆိုပြီး သီချင်းဆိုထားတာပဲ…"

"အကောင်းမေးနေတာပါ ကိုညီရယ်…"

ဒီတစ်ခါတော့ သူမ မျက်နှာပေါ်က မျှော်လင့်ချက်နဲ့ တည်တံ့မှုတွေကိုကြည့်ပြီး ကိုညီက တည်တည်တံ့တံ့ ပြောပါသည်။

"အင်း အရာအားလုံးတိုင်းတော့ ဆုတောင်းပြည့်မယ်လို့တော့ မထင်ဘူးပေါ့…၊ မဖြစ်နိုင်တာတွေကို ဆုတောင်းနေတာထက် ကိုယ်တိုင်ကြိုးစားရင်တော့ ဆုတောင်းတာထက် စံချိန်မီလာလိမ့်မယ်…။

အဲ… တစ်ခုတော့ရှိတယ်၊ တချို့အရာတွေကျတော့ ကိုယ့်ကံရယ်၊ ကိုယ်ယောင်ဖျောက်ထားတဲ့ ကံကြမ္မာတွေနဲ့တော့ သက်ဆိုင်မယ် ထင်တယ်…"

"ရှင်…၊ ကိုယ်ယောင်ဖျောက်ထားတဲ့ ကံကြမ္မာ…"

ကိုညီက သိမ်သိမ်မွေ့မွေ့ပြုံးပြပါသည်။





အဲဒီကိုယ်ယောင်ဖျောက်ထားတဲ့ ကံကြမ္မာက သူမနဲ့ သူ့အတွက် …ဆိုင်နေသလား မေးကြည့်ချင်သည်။

ဘာလို့ တမင်လွှဲထားတဲ့ ရထားလမ်းလွှဲလို ကိုယ်သွားချင်တဲ့ …တိုင်ကို ဦးမတည်နိုင်ခဲ့ဘဲ တစ်စုံတစ်ယောက်က လမ်းကြောင်း …ထားတာပါဆိုရင် အဲဒီပြုလုပ်တဲ့သူဟာ ကိုညီပြောသလို ကိုယ် …ောင်ဖျောက်ထားတဲ့ ကံကြမ္မာပေါ့…။

❑ ✦ ❑



www.burmeseclassic.com

www.burmeseclassic.com





"ဗျာ!..."

ကားမှတ်တိုင် ရောက်ရောက်ချင်း သူနဲ့အတူ ကားစီးရင်း ခင်မင်မိတဲ့ ကိုမြင့်နိုင်ဆိုတဲ့ လူက အခုလို ပြောပါသည်။ 'ဟိုတစ်နေ့က ခင်ဗျားလိုက်နေတဲ့ ကောင်မလေး ဒီလိုင်းကားပေါ်မှာ တွေ့ကြသေးတယ်'တဲ့လေ..။

အဲဒီစကားလေးတစ်ခွန်းဟာ အသားပေါ် အစက်ချလိုက်တဲ့ ငရုတ်မီးလို အငွေ့ပျံ လောင်ကျွမ်းစေနိုင်ပါတယ်။ ဒီလောက်လွဲချော်ချင်တဲ့ ကံကြမ္မာကို ကျွန်တော် စိတ်နာနေမိပါသည်။

ကားတစ်စီးထိုးရပ်တော့ နှစ်ဦးသား မတိုင်ပင်ဘဲ မစီးဖြစ်ကြပါ..။





"ခင်ဗျား ကောင်မလေးက ဒီမှာနေတာ မဟုတ်ဘူးဗျ..၊ ...ျောက်မြောင်းမှာ နေတာလို့ ပြောတာပဲ၊ ဒီမှာက အဒေါ်အိမ်တဲ့ ...ဝေ.."

"ကျောက်မြောင်း ဘယ်နေရာလဲ ကိုမြင့်နိုင်"

ကျွန်တော့်ရဲ့ အလောတကြီးစကားကြောင့် ကိုမြင့်နိုင်က ဟက် ...က်ပက်ပက်ရယ်ပြီး...

"ဘယ်သိမှာလဲဗျ..၊ အဲလောက်ကြီးမေးလို့မှ မကောင်းတာ၊ ...ခဲ့တော့ရှိတယ်..၊ အဲဒီကောင်မလေးကို ကျွန်တော် ဒီရက်အတွင်း ...င်ဗျား ကားလာမစီးဘူးပြောတော့ မျက်နှာပျက်သွားတယ်.."

"သူ မကြားချင်လို့နေမှာပေါ့ဗျာ..."

ကျွန်တော် စိတ်ပျက်ပျက်နဲ့ပြောတော့ ကိုမြင့်နိုင်က ကျွန်တော့် ...က်မောင်းကိုပုတ်ရင်း...

"ခင်ဗျားကဗျာ တော်တော်အ,တာပါ.."

"ဘာဖြစ်လို့လဲ"

ကျွန်တော် အခုလိုပြောတော့ ကိုမြင့်နိုင်က သဘောကျပုံရတာ ...ယ်သည်။

"မျက်နှာပျက်သွားရတဲ့ အကြောင်းရင်းက ခင်ဗျားကို တွေ့ ...င်ပါတယ်ဆိုမှ ခင်ဗျားကို မတွေ့ရတော့ စိတ်မကောင်းဖြစ်သွားပုံရ ...ယ်၊ အဲဒီသဘော..."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ…"

ကျွန်တော် မျက်ခုံးမြင့်တက်သွားပုံကြောင့် ကိုမြင့်နိုင်က သဘောကျပြီးရင်း သဘောကျနေပါသည်။ ကျွန်တော် တစ်ခု စဉ်းစားမိတာကြောင့်…

"ကိုမြင့်နိုင် သူ ဘယ်မှတ်တိုင် ဆင်းသွားတာတွေ့လဲ၊ ဟို တစ်ခါ မှတ်တိုင်ပဲလား…"

ဒီမေးခွန်းရဲ့အဖြေဟာ ကျွန်တော့်အတွက် ကယ်တင်မယ့် အလင်းရောင်ကြိုးမျှင်..။

ကိုမြင့်နိုင် စဉ်းစားဟန်ပြုသည်။ မျက်မှောင်ကြုပ်လျက် အတော်အထား ကျွန်တော်ရင်ခုန်သံက တဒိန်းဒိန်း..။

"အင်း… ဘယ်မှတ်တိုင်ဆင်းသွားလဲဆို..တော့..၊ ဟာ… အဲဒီနေ့က ကျွန်တော့်ဆရာက ခိုင်းထားတာရှိလို့ ကျွန်တော်က အရင် ကြားမှတ်တိုင်မှာ ဆင်းသွားတာဗျ.."

"သေလိုက်ပါတော့ဗျာ…"

ကျွန်တော့်ရဲ့ စိတ်ပျက်အားလျော့တဲ့ စကားကြောင့် ကိုမြင့်နိုင်က နှစ်သိမ့်ပါသည်။

"သိပ်လဲ စိတ်ဓာတ်ကျမနေပါနဲ့ဗျာ…"

"စိတ်ဓာတ်ကျလို့ မဟုတ်ဘူး ကိုမြင့်နိုင်၊ စိတ်ဓာတ်ကိုပျက်တာ..၊ ကျွန်တော် သူ့ကို ဘယ်လောက်အထိ တွေ့ချင်လဲဆိုတာ





ကျွန်တော်ကိုယ်တိုင် အသိဆုံးပါ..၊ တစ်ခါတလေ ပါးပါးလေးနဲ့ ရှိုးရှိုးလေး လှည့်ကွက်လုပ်ထားတဲ့ ကံကြမ္မာကို ကျွန်တော် မုန်းမိတယ်"

"စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ..၊ အလွယ်ဆုံးစကားနဲ့ လူတိုင်းပြောသလို ပြောရရင် ဉစ္စာရင်းမှန်ရင် ပြန်တွေ့မှာပါ၊ သူက ခင်ဗျားအတွက် ဘုရားပေးတဲ့လက်ဆောင်ဆိုရင် ခင်ဗျားဆီ ပြန်ရောက်လာမှာပေါ့.."

ကျွန်တော့်က အခုလိုအားပေးနှစ်သိမ့်တဲ့ ကိုမြင့်နိုင်ကို ကျေးဇူးတင်တဲ့အကြည့်နဲ့ ကြည့်ရင်း…

"ကျေးဇူးပဲ ကိုမြင့်နိုင်..၊ ခင်ဗျားအတွက် နှစ်ရာကို ကျွန်တော် ပေးလိုက်မယ်.."

"ကောင်းတာပေါ့.."

"ကဲ… တွယ်လိုက်ကြရအောင်…"

နှစ်ဦးသား ကျွေးဖို့တာဆူနေတဲ့ လိုင်းကားရှိရာဆီ အားနဲ့မာန်နဲ့ ပြေးသွားမိသည်။

❏ ✦ ❏



www.burmeseclassic.com

www.burmeseclassic.com





"လာ ငါက မနက်ကတည်းက နင့်ကိုစောင့်နေတာဟ.."

ဒီနေ့ မိဖြိုးတို့အိမ်မှာ ချက်ပြုတ်စားသောက်ကြမည်လို့ မနေ့က ဖုန်းထဲမှာ ချိန်းဆိုထားကြပါသည်။

"ဟဲ့ အစောကြီးကတည်းက လာမလို့ပဲ မိုးအေးကြောင့်ပေါ့၊ သွားခါနီးလာခါနီးမှ သူ့မောင်တော်က ဖုန်းလာပြီး သူ့ကို အတင်းခေါ်နေလေရဲ့.."

သော်က စကားကြောင့် မိဖြိုးက နှာခေါင်းရှုံ့ရင်း...

"အဲဒါတွေကြောင့် အတွယ်အတာ မထားချင်တာ.."

"အပြောကတော့ ကောင်း..."

ကျွန်မ အမြင်ကပ်ကပ်နဲ့ပြောတော့ မိဖြိုးက ဟက်ဟက်ပက်ပက် ရယ်ပါသည်။





မိဖြိုးရဲ့ရည်းစားက စင်ကာပူက ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်သည်။ နှစ်ဖက်သောမိဘတွေကလည်း ကြည်ကြည်ဖြူဖြူရှိသည်။

သူမတို့နှစ်ယောက် ခြံထဲဆင်းပြီး စကားကောင်းနေကြတုန်းမှာ ကားတစ်စီးဝင်လာတာကြောင့် မိဖြိုးက လှမ်းစပ်စုပါသည်။

"ဘယ်သူလဲ မိဖြိုး..."

ကားပေါ်က ဆင်းလာတဲ့ အသက် လေးဆယ့်ငါးဝန်းကျင်ခန့် အန်ကယ်ကြီးက ထောင်ထောင်မောင်းမောင်း သားသားနားနား..၊ မိဖြိုးက လက်လှမ်းပြတော့...

"ဩော်... အန်ကယ်ချစ်..၊ ခဏနော်... သော်က.."

"အေးပါ.."

သော်က မိဖြိုး ဖတ်လက်စဂျာနယ်ကိုကောက်ယူပြီး လက်ဖက်သုပ်တစ်ဇွန်းကို ခပ်စားကြည့်ပါသည်။ ခဏနေတော့ မိဖြိုး ပြန်ရောက်လာပါသည်။

"ကဲ... သော်ကရေ..၊ ငါတို့ လက်စွမ်းပြဖို့ အခွင့်အရေး ရပြီ..."

"ဘာလဲဟဲ့..."

မိဖြိုးက သူမ ဘေးမှာဝင်ထိုင်ပြီး ပြောပါသည်။

"ဩော်... ခုန ငါ့လေးလေးဆိုလဲ မမှားဘူးဟ..၊ ဖေဖေ့ သူငယ်ချင်းပေါ့၊ ဖေဖေနဲ့ သင်္ဘောအတူတက်ခဲ့တာ..."



www.burmeseclassic.com

www.burmeseclassic.com



"နင့်ဖေဖေနဲ့ ဘယ်သွားလို့လဲ..."

"အညာဟော့..."

အရေးထဲ သော်က,က နောက်နေသေးတာကြောင့် မိဖြိုးစိတ်ရှိရှိနဲ့ ပေါက်တတ်ကရ ပြောမိပါသည်။

မိဖြိုးဖေဖေက သဘော်အရာရှိတစ်ယောက်..။ ဒါဆို ဒီလူကြီးလည်း မိဖြိုး ဖေဖေလို သဘော်အရာရှိ တစ်ယောက်ဖြစ်မှာ သေချာပါသည်။

"ဒါဆို ငါတို့ကုမ္ပဏီက အန်ကယ်လင်းနဲ့ တစ်ဖွဲ့တည်းပဲပေါ့"

"အေးပေါ့.."

သော်က အခုလုပ်နေတဲ့ ကုမ္ပဏီမှာ အလုပ်ရခဲ့ခြင်းဟာ မိဖြိုး ဖေဖေ အကူအညီနဲ့ပါ..။

"ဒါဆို ဂလုမှာပေါ့.."

သူမက လက်မထောင်ပြီး ပါးစပ်နားမှာ တပ်ပြတော့ မိဖြိုးက ခေါင်းညိတ်သည်။ မိဖြိုးတို့အိမ်က အလုပ်သမားလေးတွေက ခြံထဲမှာ စားပွဲနဲ့ ကုလားထိုင်တွေ လာချပေးပါသည်။

မိဖြိုးနဲ့ သော်ကကတော့ မိဖြိုးမေမေနဲ့အတူ စားစရာသောက်စရာတွေ စီစဉ်ချက်ပြုတ်ကြပါသည်။ အမှန်က မိဖြိုးမေမေ အန်တီရွှေစင်နဲ့ သူမသာ ချက်ပြုတ်ခြင်းဖြစ်ပါသည်။ မိဖြိုးက ဟိုယောင်ဒီယောင်..၊ မိဖြိုးချက်တတ်တာဆိုလို့ ဘဲဥပြုတ်တစ်ခုသာရှိသည်။





ကြောင့် မိဖြိုး မေမေက အခုလို ပြောတာပေါ့...။

"သမီး သော်ကရေ..၊ သမီးသူငယ်ချင်းကတော့ မိန်းမပီသပါရဲ့၊ သူကျွမ်းကျင်တာဆိုလို့ ဘဲဥပြုတ်တစ်ခုပဲရှိတယ် သမီး..."

အန်တီရွှေစင် စကားကြောင့် သော်တကလည်း နည်းနည်းအောင်ပေးလိုက်ပါသည်..။

"ယောကျ်ားယူရင် ယောကျ်ားအရိုက်ခံရမှာ သေချာတယ် အန်တီ.."

မိဖြိုးက စပ်ဖြဲဖြဲမျက်နှာနဲ့ သူမကို မျက်စိမှိတ်ပြပြီး သူ့အမေ စ,ပါသည်။

"လွယ်ပါတယ် မေမေရယ်..၊ ယောကျ်ားအရိုက်မခံရအောင် ရိုးကို ယူထားရင် ကောင်းမလား မသိဘူး.."

မိဖြိုးစကားကြောင့် အန်တီရွှေစင်က ဇွန်းနဲ့ သူ့သမီးကို ခေါက်ရွယ်ပြီး...

"အေးပါ မောင်ကျော်ဇင်..၊ လာမှ ပြန်ပြောရမယ်..."

သူမတို့ ချက်ပြုတ်ပြီးတော့ ကောင်မလေးတွေက အစားသောက်တွေက ခြံထဲယူသွားပါသည်။ အန်တီရွှေစင်ကလည်း ခေါ်တာကြောင့် အန်တီနဲ့အတူ ခြံထဲလိုက်လာပါသည်။

မိဖြိုးဖေဖေ အန်ကယ်ထွန်းက သူမကို မြင်တော့...။

"လာ... သမီး..၊ သမီးလာတယ်ဆိုလို့ ဒီနေ့ အစား



www.burmeseclassic.com

www.burmeseclassic.com



အသောက်တွေ ပိုမြိုင်မှာ သေချာတယ်ဟေ့…”

အန်တီရွှေစင်ကလည်း ညှို့သည် အန်ကယ်ကြီးကို လှမ်းပြော

ပါသည်။

“ကိုချစ်… မာလာဟင်းက မိဖြိုး သူငယ်ချင်း သော်

ချက်တာလေ”

အန်ကယ်ကြီးက သူမကို အထင်ကြီးဟန်ကြည့်ပြီး ပြုံးကာ

“ဟာ… လေးစားတယ်ကွာ..၊ ဒီအသက်အရွယ်လေးနဲ့ ဒီ

ဟင်းမျိုး ချက်တတ်တယ်ဆိုတော့ မိဖြိုးနဲ့များ ကွာပါ့ကွာ..”

မိဖြိုးက အန်ကယ်ကြီးကို ရယ်ကျဲကျဲနဲ့ ကြည့်ကာ…

“သမီးလဲ အကောင်းဆုံးချက်တတ်တဲ့ ဟင်းလျာရှိတ

လေ..”

“ဘာများလဲဟ…”

“ဘဲဥပြုတ်…”

အန်ကယ်ကြီး တဟားဟား ရယ်သည်။ ပြီးတော့…

“ဒီက သမီးလဲ လမ်းမှာတွေ့ရင်ခေါ် နှုတ်ဆက်နော်၊ အ

ကယ့်နာမည်က ဦးချစ်တိုး..”

“အန်ကယ်ချစ်..၊ အန်ကယ်ချစ် ဆိုင်သစ်က ဘယ်မှာ

ဘာနာမည်လဲ..”

အန်ကယ်က နေရာကို ပြောပြပြီး…



BURMESE CLASSIC .com



“Exhibit”

“ဟင်!…”

သူမ အံ့ဩဟန်ကြောင့် အန်ကယ်ချစ်က…

“သမီး သိလို့လား…”

“ဟာ အန်ကယ်ချစ်ကလဲ အဲဒီဆိုင်က သော်ကတို့ကုမ္ပဏီ

အားမှာပဲဟာ..”

“ဟော..၊ ဒါဆို…”

အန်ကယ်ချစ်ပါ အံ့ဩဟန်ပြတော့ မိဖြိုးဖေဖေ အန်ကယ်

ထွန်းမြင့်က ..

“ဟော့ကောင် ကိုထွန်း၊ သော်က လုပ်နေတဲ့ ကုမ္ပဏီက

ကိုလင်းတို့ ကုမ္ပဏီလေ…”

“သေလိုက်ပါတော့ကွာ..၊ နီးနီးလေးပဲ…”

မိဖြိုးက အခုမှ စဉ်းစားမိကာ…

“ဒါဆို ကိုအောင်လေး သူငယ်ချင်းက…”

အောင်လေး နာမည်ပါတော့ ဦးချစ်တိုး သဘောပေါက်လိုက်

ပါသည်။

“အန်ကယ့်မှာ တူအရင်းတစ်ယောက်ရှိတယ်၊ တာမွေဆိုင်

ဆောင်းက မိဖြိုး ရောက်ဖူးပါတယ်၊ အဲဒီတုန်းက အန်ကယ့်တူ

ကဝေ က အလုပ်မလုပ်သေးဘူး ကျောင်းတက်တုန်းလေ…”



www.burmeseclassic.com

www.burmeseclassic.com



"ဩော်..."

အခုမှ ဇာတ်ရည်လည်သွားတဲ့အဖြစ်။ ဒါဆို ဒီလူတွေက ဟိုဘက်က ပတ်သက်ပြီး ရင်းနှီးလိုက်၊ ဒီဘက်က ပတ်သက်ပြီး ရင်းနှီးလိုက်နဲ့ သပ္ပတ်အူဇာတ်လမ်းပေါ့..။

"အဲဒီဆိုင်က ဒီကောင့်ကို လွှဲထားတာလေ..၊ ဒီကောင့်လက် ဒီကောင့်ခြေပဲ၊ အင်း... တစ်ခုတော့ရှိတယ်..၊ သမီးသော်က စိတ်မဆိုးနဲ့နော်..၊ အန်ကယ့်စိတ်က ဘွင်းဘွင်းပဲ"

အန်ကယ်ပြုံးစိစိနဲ့ပြောတော့ အားလုံး စိတ်ဝင်စားသွားပါ သည်။

BURMESE CLASSIC .com

"မင်းက ဘာပြောချင်တာလဲ ကိုချစ်..."

"ဒီလိုကွာ..၊ ငါ့တူကို မင်းရဲ့သမီးနဲ့ သဘောတူမယ်ပဲ ကြံတယ်..၊ မိဖြိုးတို့က ခြေသွက်လက်သွက်နဲ့ ရည်းစားတော် ယောက်ထားလိုက်ရော..၊ ငါက ကပ်စေးသာနည်းတာ အစား ကောင်း အသောက်ကောင်းတော့ ကြိုက်တယ်ဟေ့၊ မသေခင် အိမ် ကိုကြွလာတဲ့ ကိုယ်တော်ကြီး ပြောသလို အာဟာရမပြတ်အောင် သမာသမတ်လေးဖြစ်ဖြစ် အာဟာရဖြစ်အောင် စားဦး;.. ဆိုတဲ့ အတိုင်း ငါကတော့ တီးပြီ၊ အဲဒီတော့ သားသမီးမရှိတဲ့အတွက် ငါ့တူပဲ ငါက သားလိုသဘောထားတာ..၊ ဒီက သမီးသော်က ကလည်း အချက်အပြုတ်ကောင်းဆိုတော့ မိဖြိုး ကိုယ်စား..."





"ဟာ..."

သူမက စကားရဲ့အဓိပ္ပာယ်ကို သဘောပေါက်သည်မို့ ရှက်ကိုး ရှက်ကန်းနဲ့ ထမယ်ပြင်တော့ မိဖြိုးက လက်ကိုဆွဲထားပါသည်။ လူကြီးတွေက တဟားဟားနဲ့ ရယ်လို့မဆုံး...။

"ဘယ်လောက်တိုက်ဆိုင်လဲ ကြည့်စမ်း..."

"ဘာဖြစ်လို့လဲ မိဖြိုး..."

"ဟာ အန်ကယ်ချစ်ကလဲ ကိုအောင်လေးရည်းစား မိုးအေး ဆိုတာကလဲ သမီးတို့နှစ်ယောက်ရဲ့ အချစ်ဆုံးသူငယ်ချင်းလေ..."

"ပြောပါဦး..."

"ဒီလို အန်ကယ်ချစ်ရေ..၊ သမီးနဲ့ ကိုအောင်လေးရည်းစား မိုးအေးက သော်ကကို အန်ကယ့်တူနဲ့ ကြိတ်သဘောတူနေတာ..၊ ကိုအောင်လေးတို့ရော.. သော်ကတို့ရုံးက ကိုညီ..."

"သိတယ်..၊ ဒီကောင် လူပျော်..."

"သူတို့ကပါ အားဝိုင်းတီးနေတာ..."

"ဟေ..၊ ဒါဆို ငါလဲ သဘောတူတယ်.."

လူကြီးတွေကြားထဲမှာ သူမ မျက်နှာထားရ ခက်နေတာ အမှန် ပါ။ အန်ကယ်ချစ်ကလည်း သဘောကောင်း ပျော်တတ်ပုံရပါသည်။

"နေပါဦး မိဖြိုးရဲ့..၊ သမီးက သော်ကကို ခေါ်နေတာ သော်က လို့ ကြားလိုက်သလိုပဲ.."



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ချစ်က ဇဝေဇဝါနဲ့ပြောတော့ မိဖြိုးက သော်ကာကို ကြည့်ရင်း ရယ်ပြီး 'သောကာ'ဖြစ်လာပုံကို အကျယ်တဝင့် ရှင်းပြပါသည်။

"အင်း.. သဘောတူတယ်ကွာ..၊ ကဝေကို ကလေးမ ရုံးကို သွားပြီး တစ်ခုမဟုတ်တစ်ခု ခိုင်းရမယ်.."

"ကောင်းတယ် အန်ကယ်ချစ်..."

"ဟွဲ... နင် ဘာဖြစ်နေတာလဲ.."

သော်ကာ ရှက်ရမ်းရမ်းကာ မိဖြိုးခါးကို ဆွဲဆိတ်တော့ အားလုံး တဟားဟား..။

❑ ✦ ❑

BURMESE CLASSIC .com





ဖြိုက်တိ အိမ်ဝိကလိနဲ့
ကယိတာမှာ မလုပ်ပါနဲ့ အလွှမ်းရယ်...
တက်ပြားတောင်းတွေလို
ဇီရဲ့အချစ်က တတ်ပေါင်းရင် နာရအောင်
ရင်ဘတ်မှာ အက်ကြောင်းရာတွေ များခဲ့ပါရဲ့
တကယ်တော့ ဥပေက္ခာတရားမရှိ
အမုန်းတော် တားမထိ...
ဏံကြမ္မာရဲ့ လွဲချော်ရာ လုံ့ရာပဲရှိသည်..။



www.burmeseclassic.com

www.burmeseclassic.com





"ကာဝေ ငါသွားမယ်..၊ သြော်... မေ့နေတာ၊ [illegible] ကိုညီတို့ကုမ္ပဏီ သွား..၊ အဲဒီမှာ သော်ကခင် ဆိုတဲ့ ကဲ [illegible] ရှိတယ်၊ သူ့အန်ကယ်ချစ်က လက်ဆောင်ပေးလိုက်တာလို့ [illegible] ရော..."

အန်ကယ်ချစ်က သူ့အိတ်ထဲက ပါဆယ်ထုတ်လေးကို [illegible] သည်။ သော်ကခင် ဆိုကတည်းက မြတ်ကိုတို့ တစ်အုပ်လုံး ပြုံ [illegible] ဖြစ်ကုန်ပါသည်။ ဒီဇာတ်လမ်းကို ကိုညီရော အောင်လေးပါ ဆို [illegible] လာဖွထားတာကြောင့် အကုန်လုံး သိနှင့်နေသည်လေ..။

အခုလည်း အန်ကယ်ချစ်ကိုယ်တိုင်ကပါ သော်ကခင် ဖြ [illegible] နေသည်ဆိုတော့ အန်ကယ်ကို ပါပါရာဇီတွေက ဘယ်လို ဘယ် [illegible]





[illegible]လိုက်သည်မသိ..။ ကေန္တ အောင်လေး လက်ချက်လား [illegible]လက်ချက်လား မသိပါ..။

"ဟာ... မသွားချင်ပါဘူး ဦးလေးရာ.."

"ဟော့..ကောင်..."

[illegible]လေးက ဓါသနဲ့လှမ်းအော်ကာ သူ့ ဓါသဖြစ်တယ်ဆိုတာ [illegible]တအိုက်တွင်ကြီးနဲ့ လုပ်ပြနေပါသည်။

"မင်း မျက်နှာက ဘာဖြစ်တာလဲ၊ စလောင်းကမနာ တိဗွိက [illegible]နေပြန်ပြီ.."

"ဦးလေး အိုးကမနာ စလောင်းကနာနေပြန်ပြီ လုပ်ပါ.."

[illegible]ချွန်တော် ဂျစ်တစ်တစ်နဲ့ ပြောတော့....

"အတူတူပဲ..၊ ဟော့ကောင် သွားပေးပြီးရင် လမ်းသုံးဆယ်ကို [illegible] တိုစိန်မင်းကို ပစ္စည်းတွေ ပြတ်တော့မယ်လို့ သွားပြော၊ [illegible]သား၊ ငါ သွားပြီ..၊ သြော်... မေ့နေပြန်ပါပြီ.."

[illegible]ပြန်မယ်လုပ်ပြီးမှ ဦးလေးတစ်ခုခုကို သတိရသွားပုံကြောင့် [illegible]တော်က ပြန်ကိုမပြန်နိုင်ဖြစ်နေတဲ့ ဦးလေးကို အရွဲ့တိုက်တိုက်နဲ့ [illegible]လို့ ပြောပါသည်။

"ကဲပါ ဦးလေးရယ်..၊ တာမွေဆိုင်ကို မသွားနဲ့ ဒီဆိုင်မှာပဲနေ [illegible].."

"ဟော့ကောင် မင်းလျှာမရှည်စမ်းပါနဲ့..၊ မြတ်ကို မြတ်ကို..



www.burmeseclassic.com

www.burmeseclassic.com



လာဦးမှာ...''

''လာပြီ.. ဦးလေး...''

မြတ်ကိုက စန္ဒီနဲ့ ကောင်းတွတ်ထိုးနေရာမှ ပြေးလာပါသည်
ဦးလေးက မြတ်ကိုခေါင်းကို ခေါက်ခနဲ ခေါက်ပြီး...

''မင်း မနေ့က ကဝေကို အလုပ်ကိစ္စ ခဏသုံးဖို့ ပေးထား
ကားကို နိုးမောင်းတယ် မဟုတ်လား..၊ ငါ့ကို မင်း မမြင်ဘူးလေ
ကားပေါ်မှာ သူကိုယ်သူ ကုမ္ပဏီပိုင်ရှင် သူဌေးသားကိုက်ဖမ်း
မျက်နှာကို ချီထားတာ..၊ ခွေးမသား နောက်တစ်ခါ ကားနိုးမော
လို့ကတော့ မင်း အလုပ်ပြုတ်ပြီမှတ်...''

မြတ်ကို သူ့ကားနိုးမောင်းတာ ဦးလေးသိသွားတာကြော
ခေါင်းကိုပွတ် မျက်ဝန်း ပုတ်ခတ်ပုတ်ခတ်နဲ့ ကဝေကို ကြည့်သည်
ကဝေ မသိချင်ယောင်ဆောင်နေတော့...

''မင်းလဲ ကျပ်ကျပ် သတိသာထား ကဝေ..၊ မင်း.. မ
ကိုယ်တိုင်မသွားဘဲ ဒီကောင့်ကို နိုင်းလိုက်တာ မဟုတ်လား..

ကျွန်တော် ကိုယ့်အပြစ်နဲ့ကိုယ်မို့ နှုတ်ဆိတ်နေလိုက်ရပါသည်
မြတ်ကို ကို ကျွန်တော် ကားမောင်းသင်ပေးထားပါသည်။ ဒီကော
ကိုယ်တိုင်ကလည်း ကားအလွန်မောင်းချင်နေတဲ့ကောင်၊ ကျွန်တေ
ကလည်း ဒီကောင် ကားမောင်းကျွမ်းကျင်ရင် ကျွန်တော် မအား
ဒီကောင် အပြင်ကို လွှတ်လို့ရသည်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ





ဦးလေး ပြန်သွားတော့ မြတ်ကိုက ကျွန်တော့်ကို မေးသည်။

''ဦးလေး ဘယ်လို သိသွားလဲ မသိဘူး ကဝေ..''

''လမ်းမှာ တွေ့တာ ဖြစ်မှာပေါ့၊ မြတ်ကိုရာ..၊ ကဲ... မင်း ဒီလက်ဆောင်ထုပ် သွားပေးလိုက်..''

''မင်းကို သွားခိုင်းတာလေ...''

''ဟာ... ငါမသွားချင်ပါဘူး..၊ မင်း သွားပေး,ပေး၊ ငါ လစ်ပြီ..''

''ဟေ့ကောင်..၊ ဟာ.. ဒီကောင်... ဦးလေး ငါသွားပေးတာ သိရင် ပွမ်ဦးမယ် ဒီကောင်ကွာ''

ကျွန်တော် ဦးလေးခိုင်းထားတဲ့ နောက်အလုပ်တစ်ခုဖြစ်တဲ့ လမ်းသုံးဆယ်က ဦးစိန်မင်းဆီ သွားပြောဖို့ ထွက်လာခဲ့ပါသည်။ လမ်းရောက်တော့ မွေးညှပ်တို့၊ သော့ချိတ်တို့ တရုတ်ဖြစ် ပစ္စည်းလေးတွေရောင်းတဲ့ လမ်းဘေးခင်းပြီး ရောင်းတဲ့ဆိုင်မှာ ဓာဂနာတစ်ချောင်းနဲ့ အိမ်က CDကို ကလိရန် ဝက်အူလှည့်ပေါက်စတွေကို ရွေးနေတုန်း သူ့ဘေးက ဖြတ်လျှောက်သွားတဲ့ သော်က တို့ မတွေ့မိ။ သော်က ကလည်း ခုနဆိုင်ရှေ့မှာ သူ့ကုမ္ပဏီကို ပစ္စည်းသွားပို့ဖို့ မြတ်ကိုနဲ့ဆုံလို့ အရင်တစ်ခါ မြင်ဖူးနေတဲ့ မြတ်ကိုက အန်ကယ်ချစ်တို့ ပေးသွားတဲ့ လက်ဆောင်ထုပ်ကိုပေးတော့ သော်က ဆိုင်ထဲကို ရဲရဲမကြည့်ရဲ..။ အန်ကယ်ချစ် သိသိသာသာကြီး

www.burmeseclassic.com



လုပ်ငန်းစနေပြီဆိုတာ သိလိုက်ပါသည်။

သော်က ရှေ့ကသွားပြီး နည်းနည်းလေးကြာတော့ ကဆေ ဟိုကြည့်ဒီကြည့်ရင်း လျှောက်လာပါသည်။ ကဝေတို့ လျှောက်နေသည်က အနော်ရထာလမ်း..၊ ပြီးတော့ အနော်ရထာလမ်းကို ဆူးလေလမ်းမကြီးက ဖြတ်တားထားတော့ အရင်ကဆို အနော်ရထာလမ်းထောင့်က တံတားပေါ်တက်စရာမလိုဘဲ.. မီးပွိုင့်မိနေချိန်မှာ ဖြတ်ကူးလို့ရပါသည်။ နောက်ပိုင်းကျတော့ အလွန် အန္တရာယ်များတာကြောင့် ဖြတ်လျှောက်လို့မရဘဲ ပိတ်ထားတာ..၊ လမ်းစည်းကမ်းဥပဒေအရ အရေးယူမယ်ဆိုလို့ အားလုံး တံတားပေါ်ကပဲ ဖြတ်လျှောက်ကြရပါတယ်။ အဲဒီတံတားဟာ လူအများဆုံးဖြတ်တဲ့ တံတားလို့ ပြောရမှာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ မျက်နှာချင်းဆိုင်လာတဲ့ သူနဲ့ ရှေ့က တက်သွားတဲ့လူဟာ ရှောင်ရတိမ်းရနဲ့ အလွန်အလုပ်များပါတယ်။ ခရီးမတွင်တဲ့ သဘောပေါ့..။

ကျွန်တော် တံတားပေါ်တက်ဖို့ ကြံရင်း ဟိုဘက်တံတားပေါ်က ဆင်းစပြုပြီး ပလက်ဖောင်းအတိုင်း လျှောက်သွားတဲ့ မိန်းကလေးကို ကျွန်တော် လှမ်းမြင်လိုက်ပါတယ်။ ဒီလို လူတွေကြားထဲမှာ ကျွန်တော် သူ့ကို အမှတ်တမဲ့ မြင်မိလိုက်တာဟာ တစ်ခုခုက စေညွှန်းခိုင်းစေလိုက်တာလား..၊ ကျွန်တော့်ရဲ့ တဏှာအာရုံကပဲ ပြင်းထန်လို့လား မသိ..။





"ဟာ... ဟော.. ဟော..."

ကျွန်တော့်ရဲ့ လှမ်းခေါ်သံကြောင့် သူမက မကြား၊ ဒါပေမယ့် ...န်းကျင်က လူတွေက ကျွန်တော့်ကို ဖူးစမ်းလေ့လာကြပါ ... မီးပွိုင့်ထောင့်ချွန်မှာ ကျွန်တော့်ရဲ့ ပြုအမူက စိတ်မနှံ့သူလိုလို၊ ... ဘယ်ကြားပါ့မလဲ..။ သူ့အာရုံနဲ့သူပေါ့..၊ ကျွန်တော် ...သမ်းမကို အတင်းပဲ ဖြတ်ပြေးသွားလိုက်ချင်ပါသည်။ ဒါပေ... တစ်ဖက်က မော်တော်ပီကယ်ကလည်း ဝီစီက တရှီးရှီးနဲ့ ...ဆုံးတော့ ဖြစ်နိုင်ချေကိုရွေးကာ တံတားဘက်လှည့်ပြီး ပြေး...ပါသည်။

"ဟဲ့... ဘာဖြစ်တာလဲ.."

"တော်တော်ရိုင်းလှချည်လား..."

"ရေနွေးပူပါတယ်..."

ကျွန်တော်လည်း ကျိုက်ထီးရိုးတောင်တက်တုန်းကလို ရေနွေး...းကာ လူကိုရှင်းရင်း တိုးဝှေ့ကာ ပြေးလာပါတော့သည်။

"သူ့အမေ မျောက်လေးမွေးလို့ထင်တယ်.."

"အဲလောက် လောနေရင် မနေ့တည်းက ဖြတ်ပါလား.."

ဩဘာပေးသံတွေကို ဂရုမပြုမိအားပါ..။ ကိုယ်တွေ့ချင်လွန်း...တဲ့ ကောင်မလေးအတွက် ကျွန်တော် အရောင်မှိန်မှိန် အခွင့်အရေး...းအပေါ် လက်ဦးမှုရဖို့ အရေးကြီးပါသည်။ ကျွန်တော် တံတား



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြေးဆင်းသွားရင်း ဟိုကြည့်ဒီကြည့်နဲ့ အဝတ်ဟောင်းထဲ လူတွေကြားထဲ တိုးဝှေ့သွားရင်း လိုက်ရှာသော်လည်း မတွေ့ရ ပါ။ အရောင်မှိန်မှိန် အခွင့်ရေးလေးဟာ လုံးဝချုပ်ငြိမ်းသွားပါသည် ဒီလို မထိတထိ စ,နေတဲ့ ကံကြမ္မာကိုလည်း ကျွန်တော် ခံပြင်းလှ မိပါသည်။

နောက်ဆုံးတော့ စိတ်လျှော့ကာ ဦးစိန်မင်းဆီဝင် ဦးလေးနိုင် တာမှာပြီး ဆိုင်ကို ပြန်လာခဲ့ပါသည်။ ဆိုင်ရောက်တော့ မြတ် ဘေးမှာ ငူငူကြီး ဝင်ထိုင်တော့…

"ဟ… ဘယ်လိုဖြစ်တာလဲ..၊ တစ်ကိုယ်လုံး ချွေးတွေနဲ့ လား၊ ဟောကောင် သော်က ဆိုတဲ့ ကောင်မလေး ဆိုင်ရှေ့ကဖြတ် အဆင်သင့်တာနဲ့ ဦးလေးနိုင်းတဲ့အထုပ် ပေးလိုက်ပြီနော်.."

ကျွန်တော် ခေါင်းညိတ်ပြမိပါသည်။

"ဘာဖြစ်တာလဲ.."

မြတ်ကိုက အူကြောင်ကြောင်နဲ့မေးတော့.. ကျွန်တော် လူမှ တစ်ယောက်လို နုံးချိနေပါသည်။

'ဟိုတစ်ခါ မင်းရယ် ငါရယ် သွားရှာတဲ့ ကောင်မလေး လမ်းမှာ တွေ့လိုက်တယ် မြတ်ကို.."

"ဘယ်သူလဲ၊ ဪ… သိပြီ..၊ ဟား ဟား ဟား ဟို အိမ်သာနဲ့မှားတဲ့ ကောင်မလေးလား၊ မင်း အိုကေတယ်ပေါ့.."





ကျွန်တော် ခေါင်းခါပြမိကာ….

"မတွေ့လိုက်ရပါဘူးကွာ..၊ ငါ အဲဒီနေရာကို အမြန်သွား သော့ သူ လူအုပ်ထဲမှာ ပျောက်သွားတယ် မြတ်ကို…"

မြတ်ကိုက အရွက်ရေ ခလုတ်ကိုနှိပ်ပြီ စက်ဖွင့်ကာ ကျွန်တော့် ကို ပြောသည်။

"မင်းကောင်မလေး သူယောင်မယ်လေးများလား မသိတာ..၊ သောကမဖြစ်နဲ့ ကဝေ…၊ ကဝေနဲ့ သူယောင်မယ် ပေါင်းစပ်သင့်ပါ တယ်.."

မြတ်ကိုက သဘောကျပြီး ရယ်သည်။ ကျွန်တော်က ကျွန်တော့် အချစ်ရေးအတွက် သဘောမကျ..။

ကံတရားတွေရဲ့ လှည့်စားခြင်း နှလုံးသားက ဘုန်းနိမ့်နေမှု ဒါဟာ အယူသီးစရာမဟုတ်ပေမယ့် ဘယ်သူက အယူခံဝင်ခွင့်ရမလဲ ငါက တကယ်ကို ချစ်ခဲ့သူပါ အမည်မသိ ကောင်မလေးရေ..။

အုံစာတုံးကို မြေပေါ်ခေါက်ချသလို ကိုယ်အလိုရှိတဲ့ ဂဏန်း က မင်းနဲ့ နီးစပ်ခွင့်ဆိုရင် ကျန်တဲ့မျက်နှာစာပေါင်းစုံက ငါ့ကို တားမြစ်တဲ့ပုံရိပ်တွေပဲ ဖြစ်မှာပါ..။ အခုထိတော့ မင်းနဲ့ နီးစပ်ခွင့်ဆို တဲ့ မျက်နှာစာ ငါမရဖူးသေးပါဘူး ချစ်တဲ့သူ..။

❑ ✦ ❑



www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော် အဲဒီအဖြစ်အပျက်တွေကို ပြောပြတော့ ဥဦးနဲ့ အောင်လေး မျက်ရည်စို့မတတ်ရယ်သည်။ ဥဦးဆိုရင် ရေနွေးတောင် သီးပါသည်။ ဆိုင်ကအပြန် လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာ ဒီကောင်တွေနဲ့တွေ့လို့ ကျွန်တော့်ရင်ထဲက နာကျင်မှုကို ဒီကောင်တွေကို မျှဝေ ရင်ဖွင့်ချင်တဲ့စိတ်နဲ့ ပြောမိတာပါ..။ ဒါဟာ ရယ်စရာ တစ်ခုလို့ သူတို့ ဘာလို့ သတ်မှတ်တာလဲ..၊ ကျွန်တော် မေးကြည့်ချင်ပေမယ့် မမေးဖြစ်..။

"မင်း တကယ်တော့ သောက်ရူးပဲ၊ မင်း မှန်ပြီး ဖြတ်ကူးလို့က တော့ အဖမ်းခံရမှာ သေချာတယ်၊ မိန်းမတစ်ယောက်အတွက်နဲ့ ပေါသင့်သလောက် ပေါပါကွာ..၊ ဒါပေမယ့် ရူးသွားလောက်တဲ့ အထိတော့ မဖြစ်နဲ့.."





အောင်လေးပြောတဲ့ စကားက ရင်ကိုနာစေပါသည်။ ဥဦးက လည်း အောင်လေးဘက်ကနေ ပြောသည်။

"ဟုတ်တယ် ကဝေ..၊ နှစ်ရက်သုံးရက်လေး ခဏလေးတွေ့ရုံ လောက်နဲ့ ဒီလောက် မဖြစ်သွားလောက်သင့်ဖူးထင်တယ်၊ အောင် လေး ပြောတဲ့ သော်ကခင်ဆိုတဲ့ ကောင်မလေးကို မင်း စဉ်းစားသင့် တယ်..၊ တွေ့သင့်တယ်.."

ဒီကောင်တွေ ကျွန်တော် ပြောလာမယ့်စကားကို နားစွင့်နေပါ သည်။ ပြီးတော့ အကြည့်တွေက မင်းဒီပွဲကို ဘယ်လိုသိမ်းမလဲဆိုတဲ့ မေးခွန်း..။

"ငါ သူ့ကိုချစ်တာ လုပ်ယူထားတာ မဟုတ်ဘူး..၊ သူ့ဘာသာ ဖြစ်လာတာ၊ တစ်နေ့ သူနဲ့ငါ ဆုံမယ်လို့ ယုံကြည်တယ် သူငယ်ချင်း"

ကျွန်တော့် စကားကြောင့် ဒီကောင်တွေ စိတ်ပျက်သွားပုံရပါ သည်။

"မင်းကတော့ ဘယ်လိုပြောပြောရမှာ မဟုတ်ဘူး ကဝေ.."

"အေးကွာ..၊ ဒီကမ္ဘာမှာ မင်းလောက်မိုက်တဲ့လူ မရှိဘူး.."

"ရှိပါတယ်ကွာ..၊ ရှူဋလိပ်ကို ရေထဲလွှတ်တဲ့အမတ်လေ.."

ကျွန်တော့်စကားကြောင့် အောင်လေးက ပြောသည်။

"ဟိုက စကားနားယောင်လို့ဖြစ်တာ..."

အောင်လေး စကားကြောင့် ဥဦးက...



www.burmeseclassic.com

www.burmeseclassic.com



"ဘာထူးလဲကွာ..၊ ဒီကောင် မျက်လုံးယောင်ခြီးဖြစ်တာပဲ"

"ဒါဆို ဒီကောင့်မျက်လုံးထုတ်ပြီး တစ်ခုခုတပ်ထားမှရမယ်"

"တပ်ရင်လဲ အဝေးကြီးကို ကြည့်လို့ရတဲ့ အားကောင်းတဲ့ မျက်ဝန်းတစ်စုံတော့ လိုချင်တယ် အောင်လေး..၊ ဒါမှ သူ့ကို ငါ လူအုပ်ကြားထဲမှာ ရှာနိုင်မှာ..."

အောင်လေးနဲ့ ဥိးက သူ့စကားကြောင့် သူ့ကို စိတ်ပျက်နေပုံနဲ့ ငေးကြည့်နေသည်။ ပြောကြပါစေတော့..၊ ငါချစ်တဲ့ ရှူဠလိပ်လေး ရယ်..၊ ဒီယုံကြည်မှုနဲ့ ဆင်နွှဲရမယ့်တိုက်ပွဲမှာ ငါ အနိုင်ရဖို့ မင်းကိုတွေ့အောင် ရှာမှ ဖြစ်မယ်လေ..။

ဒီကောင်တွေဆီကပြန်တော့ အိမ်မှာ ရေမိုးချိုး ထမင်းစားပြီး...

"အမေ..၊ အောင်လေးတို့လာရင် လက်ဖက်ရည်ဆိုင်က စောင့်လို့.."

"အေး.. အေး..."

ကျွန်တော် ကိုမျိုးခြယ်တို့အိမ်ဘက် လျှောက်လာခဲ့ပါသည်။ လမ်းမှာ ကိုမျိုးခြယ်ဇနီးမ မသုနဲ့တွေ့တော့...

"ကိုကြီးမျိုး ရှိလား..၊ မသု..."

"အေး.. ရှိတယ်ကွယ့်..၊ ထမင်းစားပြီး ဇိမ်ယူနေလေရဲ့.."

"မသုက ဘယ်လဲ..."

မသုက ရယ်ရင်း...





"ငါလဲ ဖျင်းတာနဲ့ လွင်လွင်အေးတို့ဆီ စကားလေးဘာလေး ပြောဖို့..."

"ဒါဆို အတင်းလား..၊ သတင်းလား..."

ကျွန်တော့်စကားကြောင့် မသုက ခွေးကောင်လေးလို့ ပြောပြီး ဆက်ဆက်ရှာပါသည်။ ကိုမျိုးခြယ်အိမ်ရောက်တော့ အိမ်ရှေ့ကွပ်ပျစ် ပေါ်မှာ အိမ်နံ့ရံကိုမှီပြီး စာအုပ်တစ်အုပ်၊ ဆေးလိပ်တစ်လိပ်နဲ့ ဇိမ်ယူ နေတဲ့ ကိုကြီးမျိုးကို တွေ့ပါသည်။

"ကိုကြီးမျိုးတို့ တွေ့လိုက်ရင်တော့ ဇိမ်ကျနေတာပဲဗျို့.."

ကိုကြီးမျိုးက ကျွန်တော့်အသံကြောင့် မော့ကြည့်ပြီး စာအုပ် ကို ဘေးမှာမှောက်ကာ...

"ဟာ... ကဝေ..၊ မင်းပျောက်ချက်သား ကောင်းနေပါ သား..၊ ဘာလဲ..၊ အခုမှ လာ သရဲခြောက်တာလား"

ကျွန်တော် ကိုကြီးမျိုး စကားကြောင့် ဟယားဟားရယ်ပြီး...

"ကဝေက သရဲမှမဟုတ်တာ၊ သရဲခြောက်လို့ မရဘူးလေ.."

"ထားပါ..၊ ငါ့ဆီ သီးသန့်လာပုံထောက်တော့ သတိရလို့ ဖြစ်နိုင်ဘူးထင်တယ်.."

ခန့်မှန်းချက်ကောင်းတဲ့ ကိုကြီးမျိုး စကားကြောင့်...

"အဲလောက်မှန်နေရင် ဘောလုံးပွဲ ကစားပါလား.."

ကိုကြီးမျိုးက ဆလိုသဟာန်ပြုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးမျိုးကို အကူအညီတစ်ခု တောင်းချင်လို့.."

ကိုကြီးမျိုးက ပြုံးသည်။

"ထင်သားပဲ..၊ ဆိုပါဦး..."

ကျွန်တော် ကားပေါ်က ကောင်မလေးအကြောင်းကို အ မျှင်းသဘောမျိုး ကျွန်တော် ပြောပြသည်။ ရှာရမွေ့ရ ခက် အကြောင်းရင်းလည်း ပါတာပေါ့..။

"အဲဒီတော့ ငါက ဘာလုပ်ပေးရမလဲ..၊ FBI ခေါ်ရမလား CID ကို ခေါ်ရမလား..၊ ရုရှား KGB ..."

"အဲလောက် မလိုပါဘူး ကိုကြီးမျိုးရာ..၊ ကျွန်တော် ခန့် ပြောတဲ့ပုံရိပ်ကို ပုံဆွဲ သရုပ်ဖော်ပေးဖို့..."

"ဗုဒ္ဓေါ..."

ကျွန်တော့်စကားကြောင့် ကိုကြီးမျိုး မျက်လုံးကြီးပြူး ဘုရား တ,ပါသည်။

"ဟာ... တော်တော် အစွဲအလမ်းကြီးတဲ့ကောင်ပဲ ကဲ..

ကျွန်တော် ခေါင်းညိတ်ပြမိပါသည်။ ကျွန်တော် မျက်ဝန်း ထဲက စွဲလမ်းမှုကို ကိုကြီးမျိုး မြင်နေပုံရသည်။ ကျွန်တော့်မျက် တွေကို ငေးစိုက်ကြည့်ပြီး...

"ကောင်းပြီလေ..၊ မင်းအတွက်ဆို ငါ လုပ်ပေးရမှာပေါ့..

"ပြီးရင် ကျွန်တော် ဘီယာတိုက်ပါ့မယ်..."





"မလိုပါဘူးကွာ..၊ အဲဒါဆိုရင် ငါ့ကူညီမှုကို တန်ဖိုးဖြတ် လို့ ဖြစ်သွားမှာပေါ့.."

"အဲဒါဆိုရင်..."

"အရက်ဆိုင်မှာ တိုက်..."

ကိုကြီးမျိုးစကားကြောင့် နှစ်ယောက်သား သဘောကျစွာ ည်ကြပါသည်။ ကိုကြီးမျိုးက လိုအပ်တဲ့ ပုံဆွဲစက္ကူ၊ ခဲတံ လိုအပ် တွေရှိရာ သူ့အလုပ်ခန်းကို ခေါ်သွားပါသည်။ စက္ကူကို ညှပ်နဲ့ ညှပ်ပြီးတော့...

"ကဲ... မင်း စ,ပြောတော့..."

ကျွန်တော် မျက်ဝန်းကို မှိတ်လိုက်ပါသည်။ အာရုံမှာ သူ့မပုံရိပ် ဝေဝေဝါးဝါး ရင်းနှီးစွဲလမ်းတယ်ထင်ပြီးမှ သူမပုံရိပ်က ပျောက် သွားပြန်သည်။

"ကဲ... စ,ပြောလေကွာ.."

"ခဏလေး..."

ကျွန်တော် စိတ်တွေကို ငြိမ်သက်အောင် ဖမ်းခေါ်သည်။ မျက် နေးလေးပေါ်လိုက် နှုတ်ခမ်းလေးပေါ်လိုက် နောက်မှိန်သွားလိုက် ထင်ရှားလာလိုက်..၊ နောက်တော့...။



www.burmeseclassic.com

www.burmeseclassic.com





“ဟော့ကောင် ယပါဦး”

အိပ်လို့ကောင်းရုံ ရှိပါသေးသည်။ အော်ကျယ်ဟစ်ကျယ်နဲ့ သူ့အခန်းထဲဝင်ကာ သူ့စောင်ကိုခွာပြီး ပါးနှစ်ဖက်ကိုဆွဲကာ လှုပ်ရမ်းနေတဲ့ အောင်လေးကြောင့် အိပ်မှုန်စုံမွှားနဲ့ထပြီး…

“ဘာလဲကွာ…၊ ဒီမှာ အိပ်ကောင်းတုန်း ရှိသေးတယ်”

အိပ်ချင်မူးတူးနဲ့ မျက်လုံးကိုပွတ် ဓာတ်ကြောချိုးရင်း မျက်လုံးဖွင့်ကြည့်တော့…

“ဟောကောင် ရော့… ကားလက်မှတ်…၊ ဒါက မှတ်ပုံတင်..”

ကျွန်တော် အိပ်ရာထထချင်း လက်ထဲကို အတင်းထည့်ပေးတဲ့ မှတ်ပုံတင်နဲ့ ကားလက်မှတ်ကြောင့်…





“ငါက ဒီကားလက်မှတ် မှတ်ပုံတင်တွေယူပြီး ဘယ်ခရီး …ရမှာလဲ..”

ကျွန်တော် အူကြောင်ကြောင်နဲ့ပြောတော့ အောင်လေးက ရယ် …ည်၊

“မင်း ခရီးသွားရမှာ မဟုတ်ဘူး…၊ သွားရမယ့်လူက မိုးအေး …ဒီ…၊ သူ့အကူအညီတောင်းလို့ မနေ့ညနေက ငါ လက်မှတ်ဖြတ် …တာ၊ ညက အိမ်ကို ပဲခူးကဖုန်းဝင်လို့ အလုပ်တွေရှုပ်နေတာနဲ့ …မပေးဖြစ်တာ…၊ ငါ အခုချက်ချင်း မေမေ့ညီမ ဒေါ်လေးရဲ့ …ကိစ္စနဲ့ ပဲခူးကို သွားရမယ်၊ မင်း ဒီလက်မှတ်နဲ့ မှတ်ပုံတင်၊ …အေးတို့ဆိုင် သွားပေး,ပေး…”

“ဦး နိုင်းလဲဖြစ်တဲ့ဟာကွာ…၊ ငါမှ မိုးအေးရဲ့ဆိုင်ကို မသိ …”

“ငါ လိပ်စာကတ်ပေးလိုက်ပါ့မယ်…၊ မင်းမြို့ထဲသွားရင်း …လိုက်ပေါ့ကွာ..”

“အေးပါ.. နိုင်းစရာရှိရင် သတိရ…”

ကျွန်တော့်စကားကြောင့် အောင်လေးက ကျွန်တော့် လက် …င်းကိုထိုးပြီး…

“ကဲ… သွားမယ်…၊ အိမ်မှာ မေမေ စောင့်နေတာကွ..”

အောင်လေး ပြန်သွားတော့ ကျွန်တော်လည်း ရေမိုးချိုးပြီ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သွားဖို့ ပြင်ပါသည်..။

"ဟဲ့.. အလုပ်သွားတာ စောလှချည်လား.."

"စောစောသွားရမယ် မေမေရေ..၊ ဟိုကောင် အောင်လေ
သူ့ကောင်မလေးဆိုင်ကို ကားလက်မှတ် လမ်းကြုံပေးခိုင်းလို့..."

ကျွန်တော် ဆောင့်ဆောင့်အောင့်အောင့် ပြောတော့ မေမေ
ရယ်သည်။ ကျွန်တော် ကားစီးရင်း လိပ်စာကတ်ကိုကြည့်
လမ်းညွှန်ထားတဲ့မှတ်တိုင်မှာ ဆင်းရင်း လျှောက်လာတော့ ကျွန်တော်
ဟိုကောင်မလေးကို လိုက်ရှာတဲ့လမ်းမှန်း သိရပါသည်။ ဘယ်
နည်းနဲ့ဖြစ်ဖြစ် သူမနဲ့ပတ်သက်မှုက ကျွန်တော့်ဝန်းကျင်မှာ ကပ်ငြိ
သည်။ အနောက်ဟောင်းကို လာဆွတဲ့လမ်းလေးတိုင်း လျှောက်လာရင်
ဆိုင်နာမည်ကိုတွေ့တော့ ကျွန်တော် မြတ်ကို သတိရမိပါသည်
ဆိုင်ထဲက ကောင်မလေးတွေ ကျွန်တော့်ကို နောက်ပြောင်ဖူးတာ
ကြောင့် ကျွန်တော် ဝင်ရမှာ ရှက်ကိုးရှက်ကန်း ဖြစ်မိပါသည်
နောက်တော့ အားတင်းကာ ဝင်တော့ မိုးအေးက လှမ်းမြင်ကာ..

"ဟော... ကဝေ ဘယ်လာတာလဲ..၊ ရှင့်ရည်းစားအတွက်
အဝတ်အစား လာဝယ်တာလား.."

မိုးအေးက နောက်ပေမယ့် ကျွန်တော် ဝန်ထမ်းကောင်မလေး
တွေကိုကြည့်တော့ ကျွန်တော့်ကို အမိကထားပြီးနောက်တဲ့ ကောင်မ
လေးတွေမရှိပါ..။ အမှန်က ဝန်ထမ်းကောင်မလေး သုံးယောက်





ရှိစဉ်က တစ်ယောက်က အလုပ်ထွက်သွားပါပြီ။ သူ့အစား
နောက်တစ်ယောက်ဝင်လာတော့ အဲဒီကောင်မလေးက ကဝေကို
သိ၊ ကဝေကို ဦးတည် စ,နောက်တဲ့ ကောင်မလေးက မနက်စာ
အတွက် မုန့်သွားဝယ်နေခိုက်ပေါ့။ နောက်တစ်ယောက်က ကဝေကို
ကြည့်ပြီး ဘယ်မှာ မြင်ဖူးမှန်း စဉ်းစားနေပါသည်။

"ထိုင်လေ.. ကဝေ..၊ အေးအေး ကော်ဖီ တစ်ခွက်လောက်
ဖျော်ပါကွာ.."

"ဟာ... နေပါစေ..၊ ကျွန်တော်..."

"ဟာ... အားမနာပါနဲ့..၊ ဘာလဲ စားစရာမပါလို့လား.."

"ဟာဗျာ..."

အေးအေးက ကဝေကို စောင်ပေစောင်ပေကြည့်ပြီး ထွက်သွား
ပါသည်။ ကဝေ.. အဲဒီကောင်မလေး မှတ်မိလို့ သူ့ကိုကြည့်နေတာ
လားလို့ စိုးရိမ်နေမိပါသည်။ ဘာဖြစ်လို့လဲဆိုတော့ မိုးအေး ရှေ့မှာ
သိများသိသွားရင် အရှက်ကွဲပြီလို့ ထင်နေလို့ပါ..။

ကဝေ ကော်ဖီသောက်ပြီး အောင်လေးပေးတဲ့ မှတ်ပုံတင်နဲ့
ကားလက်မှတ်ကိုပေးတော့ မိုးအေးက ကျေးဇူးတွေ တင်နေပါသည်။

"ကျေးဇူးပဲ ကဝေရယ်..၊ ဒီနေ့ မေမေ အလုပ်ကိစ္စနဲ့ မန္တလေး
သွားမှာလေ၊ ကိုအောင်ကလဲ သူ့အဒေါ်ကိစ္စ ရုတ်တရက်ဆိုတော့
မိုးအေးတောင် သူ့ကို ခိုင်းမိတာ အားနာနေတာ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒီကောင့်ကို နာနာသာခိုင်း..၊ ဒီကောင့်ကျောမှာ အို
တယ်..၊ အေးဆေးပဲ..."

ကျွန်တော်က အပြောင်အပြက်စတော့ မိုးအေး သဘောကျ
ရယ်သည်။ ကျွန်တော် မိုးအေးကို နှုတ်ဆက်ကာ ထွက်လာရင်
ဆိုင်နဲ့မှားခဲ့တဲ့ အိမ်သာသို့ ဆိုင်းဘုတ်လေးကို ငေးရင်း သတိရစ
လား..၊ ဘာကြောင့်လဲ မသိပါ။ ကိုယ်ပါ ဝမ်းရစ်လာပါသည်
ါကြောင့် ကျွန်တော် အဲဒီကိစ္စကို ဖြေရှင်းဖို့ အိမ်သာဆိုတဲ့ ဦးတည်
ရာကို လျှောက်ခဲ့ပါသည်။

မိုးအေးရဲ့ဆိုင်ထဲမှာပဲ အေးအေး ကဝေ သောက်သွားတဲ့ ကေ
ဖီခွက်ကို သိမ်းရင်း...

"အစ်မမိုး ကျွန်မလေ အဲဒီ ကဝေဆိုတဲ့ လူကို မြင်ဖူးသလိုပဲ"

အေးအေး စကားကြောင့် မိုးအေးက...

"ဟဲ့ ဒီဆိုင်ကို တစ်ခါမှ မလာဖူးပါဘူး..."

"မဟုတ်ဘူး၊ ဘယ်မှာ မြင်ဖူးမှန်းမသိ စဉ်းစားရခက်နေတာ..."

အေးအေးက စဉ်းစားဟန်ပြုကာ ကော်ဖီခွက်ကိုင်ရင်း ပြော
တော့ မိုးအေး အခုလို ပြောမိပါသည်။

"လုပ်မနေနဲ့ အေးအေး၊ နင်က မေ့တတ်တာ လွန်ကိုလွန်လွန်း
တယ်၊ နင် ဆိုင်ကိုလာရင် ဘယ်တစ်ဖက် ညာတစ်ဖက် မှားလာ
တယ်။ မျက်နှာသစ်ရမှာ မေ့ပြီး အလုပ်ကို လာတယ်၊ စဉ်းစားမနေနဲ့





အေးအေး..."

မိုးအေး ပြောတာ ဟုတ်လည်း ဟုတ်ပါသည်။ အေးအေးဆိုတဲ့
အဲဒီကလေးမဟာ မေ့တဲ့နေရာမှာ မေ့ရမှာကို မေ့တတ်တဲ့ ကောင်
လေးတစ်ယောက်ပါ..။

"ဟဲ့ ဘာတွေ စဉ်းစားနေတာလဲ..၊ ရော့..."

ကဝေကို ဦးတည်နောက်ခဲ့တဲ့ သူဇာ ဆိုတဲ့ ကလေးမက
နံ့ဝယ်ရာမှပြန်လာပြီး မိုးအေးနဲ့ အားလုံးစားဖို့ ဝယ်လာတဲ့ စတီး
ချိုင့်ကို အေးအေးကိုပေးရင်း ပြောသည်။

"မဟုတ်ဘူးဟ..၊ ခုနက မမိုးဆီလာတဲ့ အစ်မမိုး မိတ်ဆွေက
ငါ ဘယ်မှာမြင်ဖူးလဲ မသိဘူး..၊ နင်ရှိရင် ငါ့ကိုယ်စား မှတ်မိချင်
မှတ်မိမှာ..."

"ဟာ နင်က အရေးထဲတစ်မျောက်..၊ နင်မြင်တဲ့လူ ငါမြင်ဖူး
ပါ့မလား"

"အေးနော်..."

သူဇာက အေးအေးကို ချိုင့်လှမ်းပေးပြီး မိုးအေးကို ပြောပါသည်။

"မမိုး... အန်တီစိန် ဆိုင်ရှေ့ကဖြတ်တော့ သူ့သမီးရောက်နေ
တယ်တဲ့၊ မနေ့က သူပြောတဲ့အကျႌ သူ့သမီး ကြည့်ချင်တယ်တဲ့၊
သမီး သွားပေးလိုက်ရမလား.."

"စားပြီးမှ သွားလေ..."



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်..၊ ပြန်လာမှ စားတော့မယ်..."

"အေး.. အေး... ယူသွား..."

သူဇာ မနေ့က ဖယ်ထားတဲ့ဆိုင်တံဆိပ်ပါတဲ့အထုပ်ကိုအထွက် အစ်မမိုး သူငယ်ချင်း မသော်ကနဲ့တွေ့တော့ ပြုံးပြကာ ခေါင်းငုံ့ပြီး ဖြတ်သွားပါသည်။

"ဟဲ့.. ဘယ်လာတာလဲ.."

"ဒီနားက ကုမ္ပဏီရောက်ရောက်ချင်း ဝယ်စရာရှိလို့ ဒရိုင်ဘာ ကိုတင်စန်းနဲ့ အတူလာဝယ်ရင်း ကိုတင်စန်းကို ဝယ်ခိုင်းထားပြီး နင့်ဆီ ထွက်လာတာ..."

"သော်က ကော်ဖီသောက်မလား..."

သူမက ခေါင်းခါပြရင်း...

"မလုပ်နဲ့ဟ..၊ စကားပဲ အချိန်ရမှာ၊ ဟော..."

အပြင်က လှမ်းခေါ်သံကြောင့် မိုးအေးက မျက်စောင်းထိုးရင်း..

"ဒါများ ဝင်လာရသေးတယ် သော်ကရယ်၊ ကဲ..ကြွ..ကြွ.."

သော်က ရယ်ပြီး လက်ပြကာ ထွက်သွားပါသည်။ မိုးအေး စောစောကသာ သော်ကလာရင် ကောင်းမှာပဲလို့ တွေးနေမိတ် ပြန့်စားကြီး ဝင်ချလာတဲ့ ကဝေကြောင့် ကမန်းကတန်း အပြင်ထွက် ကြည့်တော့ သောကရဲ့ ကုမ္ပဏီကကား မရှိတော့ပါ..။ အဲဒီတော့ သက်ပြင်းချပြီး...





"ဘာဖြစ်လို့လဲ ကဝေ..."

ကဝေက ရယ်ကျဲကျဲနဲ့...

"ကျွန်တော့်ဖုန်း စားပွဲပေါ်မှာ ကျန်ခဲ့လို့ မိုးအေး..."

အဲဒီတော့မှ တစ်ချိန်လုံး စားပွဲပေါ်မှာ ရှိနေတဲ့ ကဝေရဲ့ဖုန်းကို မိုးအေး အခုမှ မြင်ပါသည်။

"ဘယ်ကနေ လှည့်ပြန်လာတာလဲ ကဝေ..."

"အိမ်...."

အိမ်သာလို့ ပြောဖို့ ပြင်ပြီးမှ ရှက်တာနဲ့...

"ဆိုင်မရောက်သေးပါဘူး..၊ နည်းနည်းတော့ ဝေးတာပေါ့၊ သွားပြီ မိုးအေး..၊ နောက်မှပဲ လာတော့မယ်..."

"အဲဒါဆိုရင် ကျွန်မ ရှင့်အတွက် ထဘီစကတ်တွေ ဖယ်ထား ရမလား"

"ဟာဗျာ..."

"မဟုတ်ပါဘူး..၊ ရှင့်ကောင်မလေးအတွက်..."

မိုးအေး စ,တော့ ကဝေ ခေါင်းကုတ်ပြီး ပြောပါတော့သည်။ ခဏနေတော့ သူဇာ ပြန်ဝင်လာပါသည်။ အေးအေးကတော့ စဉ်းစား နေတုန်း..။

❑ ✦ ❑



www.burmeseclassic.com

www.burmeseclassic.com





"ငါ့တူ နည်းနည်းလေးဖြစ်ဖြစ် မြည်းကြည့်လိုက်ပါကွာ"

"ဟာ... မသောက်ရပါစေနဲ့ ဦးလေးရာ.."

ကျွန်တော့်စကားကြောင့် ဦးလေးရော မေမေနဲ့ မေမေပါ ပြုံးတုံးကြောင်တောင်တွေ ဖြစ်သွားပါသည်။

"နေပါဦး..၊ မင်းက ဘာကို မသောက်နိုင်းတာလဲ.."

"ဟင်.. ဦးလေးပဲ အရက်သောက်ပြီး အမြည်းစားနိုင်းတာ မဟုတ်ဘူးလား..."

"သေပါရောကွာ.."

ဦးလေးက ပြောင်နေတဲ့ သူ့နဖူးကို သူရိုက်တော့ မေမေနဲ့ မေမေက ပြုံးစိစိ..။





"ငါ ပြောနေတာ...သော်ကခင်ကို မြည်းနိုင်းတာ.."

"ဗျာ..."

"ဟဲ့... မောင်ချစ်..."

ဦးလေးစကားက ကျွန်တော်အံ့သြရသလို မေမေက အလန့်တကြား သူ့မောင်ကို လှမ်းအော်တာကြောင့်...

"ဟို... မင်း သော်ကခင်နဲ့ ခဏလေးဖြစ်ဖြစ် တွေ့ကြည့်နိုင်းတာ..၊ မင်းကိုပြောရတာနဲ့ပဲ ရှုပ်ကုန်ပြီ.."

ကျွန်တော် ငြင်းဖို့ကြံရွယ်နေစဉ် မေမေက ကြားဖြတ်ပြောလာပါသည်။

"ခဏလေး သား..၊ မင်းဦးလေး စိတ်ကျေနပ်အောင် ခဏဖြစ်ဖြစ်တွေ့ပြီး စကားလေး ဘာလေးပြောလိုက်ပါကွာ..၊ နောက်မှ ကြိုက်ရင်လည်း မကြိုက်သလို အေးအေးဆေးဆေး ငြင်းပေါ့"

"ဟုတ်တယ် သား..၊ တွေ့ရုံလောက်နဲ့တော့ တာဝန်မကြီးပါဘူး"

ကျွန်တော် လေပူမှုတ်ထုတ်ရင်း သက်ပြင်းချမိပါသည်။ ဆားမှာထိုင်နေတဲ့ အောင်လေးနဲ့ ငဦးကလည်း မျှော်လင့်တကြီး မျက်နှာလေးနဲ့ ကျွန်တော့်အဖြေကို စောင့်နေပါသည်။

"အင်းလေ... ကျွန်တော် ခဏဖြစ်ဖြစ်တွေ့လိုက်ပါ့မယ်.."

"ဒီလို လုပ်စမ်းပါ..."



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ကျေနပ်သွားဟန် ပီတိက သိသာစေပါသည်။ သူ့စေတနာနဲ့ စီစဉ်နေမှန်းသိပေမယ့် ကျွန်တော့်ရင်ထဲက တန်ဖိုး... သော်ကခင်အတွက် မဟုတ်၊ နောက်မှ နောက်တစ်မျိုး စီစဉ်မယ်... တေးမှတ်ထားလိုက်ပါသည်။

"တစ်ခုတော့ ရှိတယ်နော်..၊ ကျွန်တော့်ဘက်က အဆင်မပြေလို့ ကျွန်တော် သဘောမကျဖူးဆိုရင် ယတိပြတ်ငြင်းမှာနော်.."

ကျွန်တော့်စကားကြောင့် ယုံကြည်ပိုင်နိုင်တဲ့ လေသံနဲ့ အခုလို ပြောသည်။

"စိတ်ချ..၊ ငါတူ မကြိုက်ဖူးဆိုရင်ငြင်း..၊ သေချာပါတယ် မင်းတို့ နှစ်ယောက်တွေ့လိုက်ရင် အဆင်ပြေကြမှာပါ"

ဘာကိုကြည့်ပြီး ဘာကို ယတိပြတ် သေချာနေသည်မသိ..၊

"ဒါဆို ငါ စီစဉ်လိုက်တော့မယ်နော် ကဝေ.."

အောင်လေးက ဝမ်းသာအားရပြောတော့ ကျွန်တော် ခေါင်းညိတ်သည်။ ငဦးက ကျွန်တော့်ကိုကြည့်ပြီး...

"ဟောကောင် သိပ်ပဲများမနေနဲ့..၊ မင်း မယူရင် ငါယူလိုက်ရမလား..၊ သိပ်စိတ်ရှည်တာ မဟုတ်ဘူးနော်၊ ပိုက်ဆံမရ၊ အကျိုးမရှိဘဲ ကိုယ့်သူငယ်ချင်း ကောင်းကောင်းကန်းကန်းလေး ဝတ်နိုင်ပါစေဆိုပြီး..."

"ဟဲ့..၊ ဘာကို ဝတ်ရမှာလဲ..."





မမေက ငဦး ခေါင်းကိုခေါက်ပြီး ပြောတော့ ငဦးက ရယ်ကျဲကျဲ...

"ဟို အင်္ကျီလုံချည်နဲ့ မှားသွားတာပါ အန်တီရယ်.."

ဦးလေးနဲ့ အောင်လေးက ကျွန်တော်နဲ့ သော်ကကို တွေ့ဆုံဖို့ နေရာကိုရွေးကြရင်း မကြိုက်ဘူး၊ ကြိုက်တယ် ငြင်းခုံနေကြပါသည်။

❑ ✦ ❑



www.burmeseclassic.com

www.burmeseclassic.com





"နှင် ငါတို့ မျက်နှာပျက်အောင် မလုပ်နဲ့နော် သော်က…"

"ဟာ ဖွတ်ပဲ‥၊ ငါ မတွေ့ချင်ပါဘူးဆိုမှဟာ၊ နေပါဦး… ငါ့နောင်ရေး စိတ်ချရအောင် နှင်တို့က ငါ့အမေလား‥၊ ပြောကြစမ်း…"

သော်က စိတ်ရှုပ်ရှုပ်နဲ့အော်တော့ မိဖြိုးနဲ့ မိုးအေး တဟိဟိနဲ့ ရယ်ကြသည်။

ကုမ္ပဏီပိတ်ရက်လေး နားအေးပါးအေး အခန်းထဲမှာ စာအုပ်ဖတ်ရင်း ဇိမ်ကျရမလား အောက်မေ့ပါတယ်။

အခုလို အိမ်တိုင်ရာရောက် ရောက်လာပြီး သူမအခန်းထဲဝင်ပြီး အဲဒီကဝေမှင်စာနဲ့ တွေ့ဖို့ပဲ ပြောနေတော့တာပဲ‥ဖြ





"မဟုတ်ပါဘူးဟယ်‥၊ ဟိုကလဲ နှင်နဲ့တွေ့ချင်လို့ ခွင့်တောင်းတာဟယ်၊ နှင် ခဏလေးဖြစ်ဖြစ် တွေ့လိုက်ပါဟယ်‥"

မိုးအေးရဲ့စကားကို မိဖြိုးက ထောက်ခံသည်။

"ဟုတ်ပါတယ် သော်ကရယ်‥၊ နှင် မတွေ့ချင်ရင်တောင် ယဉ်ကျေးတယ်ချစ် မျက်နှာထိပြီး သွားတွေ့သင့်ပါတယ်‥"

"ဟဲ့… ဘာကို ထိရမှာလဲ…"

"ကြော်… ထောက်လဲ ယိုတာပဲဟာ…"

မိဖြိုး စကားကြောင့် မိဖြိုးကို မိုးအေးက လှမ်းရိုက်သည်။

"နော်… သော်က‥"

"အေးဟယ်‥၊ တွေ့မယ်ဟယ်‥၊ အခုလား ထ…"

သော်က ရှဲ့ပြီး ချက်ချင်းထရပ်ကာ သွားတွေ့မည်လို့ သူတို့ထက်ကို အတင်းဆွဲတော့…

"ဟဲ့… နေပါဦးဟဲ့‥၊ အစီအစဉ်တွေ ဆွဲရဦးမယ်ဟာ…"

"အခုချက်ချင်းမဟုတ်ရင် မသွားဖူးဟာ…"

ကျွန်မ နှုတ်ခမ်းစူစူနဲ့ တမင်ဂျစ်ကျတော့ မိုးအေးက သော်ကရဲ့ လက်ကို ဆိတ်ပြီး…

"သော်က‥၊ နှင် လှုလည်ည မလုပ်နဲ့နော်‥၊ နှင် တမင်ဂျစ်ကိုက်တာ ငါတို့သိတယ်‥၊ နော်‥ မိဖြိုး…"

"အေးလေ…"

www.burmeseclassic.com



သူမကို မျက်စောင်းဝိုင်းထိုးကြတော့ သော်က သဘောကျပြီး တဟားဟား အော်ရယ်ပါတော့သည်။ အဲလိုရယ်လေ မိုးအေး မျက်စောင်းထိုးလေပဲ..။

"သောက ရယ်မနေနဲ့..၊ နင် သွားတွေ့မှာလား..၊ မတွေ့ဘူး လား"

"မတွေ့ဘူး.."

"သောက..."

နှစ်ယောက်လုံး ဝိုင်းအော်တော့ သော်က မေမေကြားမှာစိုးလို့ တိုးတိုးလို့ လှမ်းပြောရပါသည်။ မိုးအေးကလည်း အကျပ်ကိုင်ပါသည်။

"နင် ငြင်းရင် အော်မှာပဲ၊ ပြော..."

နောက်ဆုံးတော့ သူမ အရှုံးပေးလိုက်ရပါသည်။

"အေး... တွေ့မယ်ဟယ်..၊ ကဲ... ကျေနပ်ပြီလား.."

"ဟေး..."

"ဟဲ့..."

အားရဝမ်းသာ အော်တော့ ကျွန်မ မာန်မဲလိုက်ရပါသည်။

"ကဲ.. ဒါဆို ငါ ကိုအောင်နဲ့ လှမ်းစကားပြောလိုက်ဦးမယ်"

"ဟဲ့... မိုးအေး..၊ ငါ ပြောပြီးပြီနော်၊ တွေ့ပြီလို့ မကြိုက်ဖူး ဆိုရင် ပွဲပြီး,ပြီနော်..၊ နောက်မှ ဘာညာဘာညာ ငါ အသံမကြား ချင်ဘူး..."





မိုးအေးကလည်း ခေါင်းညိတ်ပြီး...

"အေးပါ..၊ နင်ကလဲ မတွေ့ဘဲနဲ့ မငြင်းနဲ့နော်"

သူမ ဘာမှ မပြော... နောက်တော့ မိုးအေး တွေ့ကြဆုံကြဖို့ အောင်လေးနဲ့ ဆွေးနွေးနေတာ လျှစ်လျူရှုပြီး စာအုပ်ကစ်အုပ် ကောက်ကိုင်ကာ ဖတ်နေလိုက်ပါသည်။

❑ ✦ ❑



www.burmeseclassic.com

www.burmeseclassic.com



✧ အလွမ်းထုတဲ့တောကို
စိတ်တူးနဲ့ ဖြတ်သန်း...၊
တွေးရင်းနဲ့တောင် မောတယ်...၊
✧ တမ်းချင်းအသစ်တွေကို သင်ကြား
အချစ်ရေ... တမ်းတသံကို ကြားလား...၊
✧ အလွမ်းဆိုတာ...
ခတ်လိုက်သလိုလား...၊ ကားတိုက်သလိုလား...
ဒဏ်ရာမရှိဘဲနဲ့ အတွင်းကိုထိတာ...၊
အတွင်းမကြေ[illegible]ပူမယ့်...
နွေ မဟုတ်[illegible]
မျက်ရည်တွေ [illegible]ကျဆဲ...၊
✧ နောက်ဆုံးတော့
ကဝေ တစ်ကောင်ကို [illegible]ကပေးတဲ့
အချစ်ရဲ့ လက်စလက်န အား
တစ်ထောင့်တစ်ည အဆိပ်ကိုသုံး
တစ်[illegible]လုံး ယုကြုံးမရတဲ့အချစ်
မင်းလုပ်ချင်သလို လုပ်ခွင့်ရှိရင်လည်း
အခု နောက်ဆုံးပွဲ...၊
ရှုံးတော့ရှုံးမယ်...၊
အမုန်းမရှိဘဲ ရှုံးလိုက်ချင်တယ်...၊







"အဆင်ပြေပါစေလို့ ဆုတောင်းပါရစေကာဝေ..."

အောင်လေးက သူ့ပခုံးကိုပုတ်ပြီး ပြိုင်ပွဲဝင်မယ့် ကစားသမားလို ဆုတောင်းပေးသည်။

ကျွန်[illegible]တ် ရယ်နေပါသည်။ ညကတည်းက တွေ့ရမယ့်ဆိုင်၊ ဝတ်ရမယ့် အဝတ်အစားအရောင်၊ အောင်လေးနဲ့ ငြိမ်း တတွတ်တွတ်မှာသည်။ ဒီနေ့အတွက်တော့ ဦးလေးက ကျွန်တော့်ကို အော့ဖ် ပေးထားသည်။

"ငါတို့ ကိုညီနဲ့ ဟိုတစ်ခါ မင်းတို့ဆိုင်နားက လက်ဖက်ရည်ဆိုင်မှာပဲ စောင့်နေမယ် ကာဝေ..."

"အိုကေ..."

www.burmeseclassic.com



ဒီကောင်နှစ်ကောင် အိမ်ပေါ်က ဆင်းသွားတော့ ကျွန်တော် ရေမိုးချိုး အဝတ်အစားလဲပြီး အခန်းထဲကထွက်တော့ မေမေက သူ့ကို ပြုံးစိစိနဲ့ ကြည့်သည်။

"မေမေ..နော်..၊ ဘာရယ်တာလဲ..."

မေမေက တံမြက်စည်းလှည်းနေရာမှ ရယ်ချင်ဟန်ကို ထိန်းချုပ်ရင်း...

"ဟဲ့ ကောင်လေး ငါ့ဘာသာရယ်တာ ဘာဖြစ်လို့လဲ..၊ ပြောတော့ပြောသာ ငါ့သားက ဒီလိုဆိုတော့လဲ လူချောပဲ..."

"ဟာဗျာ..၊ သွားပြီ မေမေ..."

ကျွန်တော် ရှက်ရမ်းရမ်းပြီး ထွက်လာခဲ့ပါသည်။ ချိန်းဆိုထားတဲ့အချိန်က ကိုးနာရီ..၊ ဆိုင်က အေးချမ်းတိတ်ဆိတ်တဲ့ ဗိုလ်ချုပ်ပန်းခြံထဲကဆိုင်..၊ ကျွန်တော် တက္ကစီတစ်စီးကို လှမ်းတားပြီး စီးလာခဲ့ပါသည်။

ကျွန်တော် ဟိုရောက်ရင် ဘာပြောရမလဲ..။

တကယ်တော့ သူစိမ်းမိန်းကလေးတစ်ယောက်နဲ့ နဖူးတွေ့ဒူးတွေ့ ပြောရမည်ဆိုတော့ ဖိန်းတိမ်းရှိန်းတိမ်းဖြစ်တာတော့ အမှန်ပါ..။ ဘာဖြစ်လို့လဲဆိုတော့ ချစ်သူရည်းစားဆိုတဲ့ ခေါင်းစဉ်ကြီးကိုက အနေခက်တာလည်း ပါမှာပေါ့..။ ကိုယ်နဲ့ နည်းနည်းချင်းတွေ့နေကျ မိန်းကလေးဆိုရင် တွေ့ဖူးမြင်ဖူး တစ်လုံးစ နှစ်လုံးစ





ပြောဖူးလို့ နည်းနည်း ကသိကအောက် ဖြစ်ရုံလောက်ပဲရှိပေမယ့် အခုလိုကျ တော့ တော်တော်ဒုက္ခရောက်တာ အမှန်ပါ..။

"ညီလေး ပန်းခြံထဲဝင်မလား..."

ဒရိုင်ဘာ စကားသံကြောင့် တွန့်ခနဲဖြစ်သွားပြီး အတွေးတွေကို ခေါက်သိမ်းကာ ကားခ ပိုက်ဆံရှင်းပြီး တံခါးဖွင့်ဆင်းလာခဲ့ပါသည်။

❑ ✦ ❑



www.burmeseclassic.com

www.burmeseclassic.com





သော်က ကားပေါ်က တံခါးဖွင့်ဆင်းတော့ ကားမောင်းတဲ့ ဒရိုင်ဘာထိုင်ခုံက မိုးအေး လှမ်းပြောသည်။

"နင် ငါ့ဆီ ဖုန်းဆက်လိုက်နော် သော်က..၊ ငါ လာကြို မလား၊ အဆင်ပြေရင် မကြိုနဲ့ဆို မကြိုဘူး..."

မိုးအေး စကားကြောင့် ကျွန်မ မျက်စောင်းထိုးတော့ ဘေးမှာ ထိုင်နေတဲ့ မိဖြိုးက...

"ဟဲ့ အဆင်ပြေရင် ထီးဖွင့်စောင်းနော်..၊ သိတယ် မဟုတ် လား။ ဘေးဥပဒ်အန္တရာယ်တွေ ရှိတယ်.."

ကျွန်မ ပါးစပ်လုပ်ရုံ အသံတိတ် မေတ္တာပို့တော့ မိုးအေးတို့ ရယ်ပြီး ကားမောင်းထွက်သွားပါသည်။





သော်က ခပ်တည်တည်နဲ့ ပန်းခြံထဲ ဝင်လာပေမယ် ခြေဖျား ...ယ်များတွေ အေးစက်နေပါသည်။ ရုတ်တရက်ကြီး ရောက်လာ ...ည့် ထိုလူက ဘယ်လိုလူလဲ..၊ ပိန်ပိန်လား ရှည်ရှည်လား ဝဝလား ...လား..။ ပြီးတော့ ဘာစကားကို စပြောလို့ ကြိုက်ပါတယ်၊ ...ကြိုက်ပါဘူး ရွေးရမှာလား၊ အင်ရမှာလား။ ယောကျ်ားတစ် ...ယောက်နဲ့ မိန်းမတစ်ယောက်နဲ့ မသိဖူး မဆုံဖူးပဲနဲ့ 'အချစ်' ဆိုတဲ့ ...ရာကို အဓိကထားပြီး ဆွေးနွေးရမှာ တကယ်ရှက်စရာပါပဲ..။

အင်းလေ ဟိုကျရင် သူ့အလိုလို ဖြစ်သွားမှာပါလို့ အားတင်းပြီး ...ရီကိုကြည့်တော့ ကိုးနာရီဆယ့်ငါး မိနစ်ကလေးတစ်ယောက်ပေ ...ည့် အခုလို ဆယ့်ငါးမိနစ် နွာသွားတာ အကောင်းဆုံးလို့ ဆရာကြီး ...နစ်ယောက်ဖြစ်တဲ့ မိဖြိုးနဲ့ မိုးအေး သင်ကြားမှုကြောင့် သော်က ...ပွဲမိပါသေးသည်။ အဝင်က သြော်ကြိုကောင်လေးက သူမကို တံခါး ...ဖွင့်ပေးပါသည်။ အထဲရောက်တော့ ကျွန်မ မိုးအေး ပြောပြထားတဲ့ အရပ် ငါးပေကိုးလက်မ အသားလ... ...မပိန်မဝ ဆံပင်ဘေးခွဲ တိုတို၊ ကချင်ပုဆိုး ကွမ်းရိုးစင်းနက်နက်လေးနဲ့ စာအုပ်တစ်အုပ်ကို ...းပွဲပေါ်ချထားတဲ့ တစ်ဦးတည်း ထိုင်နေတဲ့လူကို လိုက်ရှာကြည့် တော့ မတွေ့..။

အခန်းမီးရောင်က ဖျော့ဖျော့အောက်မှာ စုံတွဲတစ်တွဲ တီးတိုး စကားပြောနေတဲ့ ဝိုင်းတစ်ဝိုင်းနောက် စီးပွားရေးသမား ဖြစ်ဟန်တူ



www.burmeseclassic.com

www.burmeseclassic.com



သူ၊ လူတစ်ယောက်နဲ့ အနောက်တိုင်းသားတစ်ယောက် စကားပြော... နေတဲ့ပိုင်းနဲ့ အသက်ဆယ်နှစ်အရွယ် မိန်းကလေးတစ်ယောက် ... မယားနှစ်ယောက်ပိုင်း ဒါပဲတွေ့တာကြောင့် ကဝေဆိုတဲ့လူ နေရာ... ကျနေတာ ဖြစ်မယ်လို့တွေးကာ ထောင့်နားက ကန်ကိုမြင်ရတဲ့နေ... ကိုရွေးကာ ထိုင်နေလိုက်ပါသည်။ ဝန်ထမ်းလေး အနားရောက်လာ... တော့ ကုပ်ဘူးတစ်ဘူးနဲ့ စားစရာတစ်ခုမှာကာ ဟိုတွေးဒီတွေး... တွေးမိရင်း ငြိမ်သက်နေတဲ့ ကန်ရေပြင်ကို ငေးကြည့်နေမိသည်။

အဝင်တံခါး ဖျတ်ခနဲပွင့်ဟော့ သူမ မသိမသာငေးကြည့်သည်... ကောင်မလေးနှစ်ယောက် ဝင်လာတာတွေကတော့ အတွေးကို ပြ... တွေးနေမိပါသည်။ ဒီအချိန်ဆိုရင် မိုးအေးနဲ့ မိဖြိုး မိုးအေးတို့ဆိုင်... ပြန်ရောက်နေလောက်ပါပြီ။ အခုအချိန်ဆို သူမနဲ့ ကဝေဆိုတဲ့ ... အကြောင်းကိုပြောပြီး အတင်းပြောနေမှာ သေချာပါသည်။

တံခါး တစ်ခါပွင့်တိုင်း သူမ မျက်ဝန်းတွေက ဖျတ်ခနဲ ဖျ... ခနဲ လှုပ်ရှားသွားပါသည်။ ဒါပေမယ့် ကဝေဆိုတဲ့လူက ပေါ်မလာ... နာရီကိုကြည့်တော့ အချိန်တွေ တစ်ခုပြီးတစ်ခု ဖြတ်သန်းသွားသည်...

တွေးစရာတွေလည်းကုန် ငေးစရာတွေလည်း ကုန်နေပါပြီ... အရာမယွင်းပေးတဲ့ အစားအသောက်နဲ့ မဖောက်ရသေးတဲ့ ကုပ်တစ်... ဘူးက ဒီအတိုင်း၊ နာရီကို နောက်တစ်ကြိမ်ဆက်ကြည့်မိသည်။ ဆယ့်နှစ်နာရီဆိုတဲ့ ဂဏန်းက သူမကို လှောင်ပြောင်နေသလိုပင်...၊





ရင်ထဲမှာ တင်းကျပ်လာပါသည်။ ဝန်ထမ်းကောင်လေးရဲ့ သူမကို မသိမသာ စူးစမ်းမှုက မျက်နှာပေါ်က အရေပြားတွေကို တင်းမာစေသည်။ တွေ့ကြမှာပေါ့လေ...၊ တစ်ယောက်တည်း အချိန် အကြာကြီးထိုင်ပြီး ဘာမှမစားမသောက်ဘဲ ငေးငိုင်နေတဲ့ အမျိုးသမီး ဘာအဓိပ္ပာယ်နဲ့ပါလဲ တွေးကြမလား...။

"တောက်..."

ရင်ထဲက ခက်ထန်မှုက နှုတ်ဖျားက ခပ်တိုးတိုးထွက်သွားပါသည်။ တစ်ယောက်တည်း စောင့်ဆိုင်းနေရတဲ့ တိတ်ဆိတ်တဲ့ ခံစားမှုကို ကဝေ ဆိုတဲ့လူ ဘာကြောင့် ဖန်ဆင်းခဲ့ရတာလဲ ဒါဟာ သူမကို တမင်ပြုမူခဲ့တဲ့ နှိပ်ကွပ်မှုလား...။

နဂိုကတည်းက စိတ်မဝင်စားပါဘူးလို့ ငြင်းပယ်ထားပါရက်နဲ့ အဲဒီလူကိုယ်တိုင်က တွေ့ချင်ပါသည်လို့ ချိန်းဆိုထားပြီး ရောက်မလာခဲ့တာဟာ အကြီးမားဆုံး ရိုင်းစိုင်းမှုပါပဲ...။

သူမ ဝုန်းခနဲ ထရပ်တော့ ဘေးဝိုင်းက စုံတွဲက အလန့်တကြား လှည့်ကြည့်သည်။

❑ ✦ ❑



www.burmeseclassic.com

www.burmeseclassic.com





"တော်ပါတော့ ကိုအောင်..၊ ကျွန်မတို့ ကိုယ်တိုင်ကိုယ်က များတာ၊ အေးလေ ခုလို စောစောစီးစီး သိရတော့ ကျွန်မ သူငယ်ချင်း ကံကောင်းတယ်ဆိုရမှာပေါ့.."

မိုးအေး ကိုယ့်ချစ်သူဖြစ်ပေမယ့် ကဝေရဲ့လုပ်ရပ်ကြောင့် ဘာမှ မဆိုင်တဲ့ ကိုအောင့်ကို ဒေါသတကြီး တုံ့ပြန်မိပါသည်။ ကိုအောင် နားရှိလို့သာ ကြားရပေမယ့် ယုံတောင်မယုံနိုင်ပါ။ ကဝေ ဒီလောက်ထိ ရက်စက်လိမ့်မယ်လို့လည်း မထင်ခဲ့..။

"မိုးအေးအပြစ်ပြောလဲ ကိုယ်ခံပါ့မယ်၊ ကိုယ်တို့ကလဲ ကဝေနဲ့ သော်ကကို ဖြစ်စေချင်တဲ့ဆန္ဒက အလောတကြီး ဆန်သွားတယ်လေ..၊ ဒီကောင်ကွာ..."





ပြောရင်းနဲ့ ကိုအောင် ခံပြင်းမိပါသည်။ တကယ်ဆို သူနဲ့ မိုးအေး ပတ်သက်မှုကိုထောက်ပြီး ဒီလောက်ထိလုပ်ဖြစ်ဖို့မကောင်း။ သောကာ ခဏဖြစ်ဖြစ် တွေ့လိုက်၊ ပြီးရင် ကြည့်ကောင်းရုံပြောပြီး ပြန်လာလိုက်လည်း ဖြစ်တဲ့ဟာကို..။

မိဖြိုးက မိုးအေး လူဆိုတော့ စကားပြောရင်း အများပါမှာစိုးလို့ ဝင်မပြော။ ဒါပေမယ့် သောကာ ဆီက ကြားကတည်းက အသားတွေ တဆတ်ဆတ်တုန်သည်အထိ ခံပြင်းမိပါသည်။

သော်က သူတို့ဆီရောက်လို့ ဆိုင်ထဲဝင်ဝင်ချင်းပဲ အားတင်းသမျှကို စိတ်လျှော့ကာ ပြောရင်း ရှိုက်ကြီးတငင် ငိုပါတော့သည်။ သူမနဲ့ မိုးအေးကတော့ ဒီအချိန်ဆို အဆင်ပြေပြေဟောက်ပြီလို့ တွေးမိခဲ့သည်လေ..။ အခုတော့...

"ကျွန်မ အခုကိစ္စကိုကြည့်ပြီး ကိုအောင်ကိုလဲ တဖြည်းဖြည်း ကြောက်လာပြီ ကိုအောင်..၊ ကိုအောင်လဲ ကဝေ သူငယ်ချင်းပဲ ဒီပုတ်ထဲက ဒီပဲ,ပဲ ထင်ပါရဲ့.."

မိုးအေး စကားကြောင့် အောင်လေး မျက်နှာ ပျက်သွားကာ...

"မဟုတ်ဘူး..၊ အဲဒီလောက်ထိ ရမ်းသန်းပြီး မစွပ်စွဲလိုက်ပါနဲ့ မိုးအေးရယ်...၊ ဒီကောင်ကွာ အရင်က ဒီလို စိတ်ဓာတ်မျိုး မဟုတ်ဘူး..၊ ကဝေ..."

"တော်ပါတော့ ကိုအောင်ရယ်၊ ဒီလူရဲ့နာမည်ကို ကြားရတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



တင် ရွှလွန်းလို့ပါ..။ ကဲ... ကိုအောင် ပြန်ပါတော့..."

ဒီထပ်ပိုပြီး ထပ်ပြောခွင့် မရှိတော့ပြီဆိုတာ အောင်လေး သိလိုက်ပါသည်။ မိုးအေးရဲ့မျက်နှာပေါ်က ဒေါသတွေက ကာ ကိုယ်စား ထပ်ပြောရင် သူ့ဘက်လှည့်လာတော့မှာ ရိပ်မိလိုက်တာ ကြောင့်...

"ကိုအောင် သွားမယ်..."

မိုးအေး သူ့ကို လုံးဝလှည့်မကြည့်..၊ မျက်နှာကို ခက်ထန်ထား ပါသည်။ အောင်လေး စိတ်ပေါက်ပေါက် ကဝေဆိုင်ရှိရာကို သူ့ကား ပေါ်တက်ပြီး မောင်းထွက်လာခဲ့ပါသည်။ ဆိုင်ရောက်တော့ အခြေ အနေ မကောင်းမှန်းသိသည်။ ကဝေဦးလေးလည်း ကြားပြီးလောက် ပြီထင်ပါသည်။ ကဝေကို ဆူပူမာန်မဲနေတာတွေ့ရသည်။ ဟိုကောင် က ခေါင်းငိုက်စိုက်၊ ကျွန်တော် ဒီကောင်ရှေ့ ရောက်ရောက်ချင်း ဒီကောင် ကျွန်တော့်ကို မော့ကြည့်ပါသည်။

"မင်း တော်တော် ရိုင်းစိုင်းတဲ့ကောင်ပဲ ကဝေ..၊ မင်း ငါ့ သူငယ်ချင်းလို့ ပြောရမှာ ငါ ရှက်တယ်ကွာ..၊ မင်း သော်ကမှာ ဘာအပြစ်တွေရှိလို့ ဒီလောက်ထိရက်စက်ရတာလဲ ကဝေ..၊ အေးလေ မင်းမှာမှ နှမသားချင်းမှ မရှိတာ..."

"ဟုတ်ပါရဲ့ကွာ..၊ တောက်... မင်းကို ငါ့တူလို့ ပြောရမှာ ငါ ရှက်တယ် ကဝေ..၊ ဟိုက မိန်းကလေးကွ၊ မင်းလုပ်ရပ်ကြောင့်





ဘ်ဖက်သား ဘယ်လောက်ထိ ရှက်သွားလိမ့်မလဲ မင်း စဉ်းစားမိ လား"

ကဝေဆီက ဘာသံမှ မကြားရပါ..။ သူနဲ့ ဦးလေးစကားကို န်သည်လည်း မပြော..၊ မှားသည်လည်း ဝန်မခံပါ..။ အသက်မှ ါ့ရှိပါ့မလားတောင် ထင်ရသည့် တိတ်ဆိတ်မှုနဲ့ ကဝေ...။

"မင်း လူဆိုရင် ဒီလို စိတ်ဓာတ်မျိုးမမွေးရဘူး ကဝေ..၊ ာင်းပါတယ်..ငါ့သူငယ်ချင်းဆိုတာ ဘယ်လိုအစားမျိုးလဲဆိုတာ ါကိုယ်တိုင်က လူပုံအလယ်မှာ ချပြမိတာကိုး..၊ တောက်..."

အောင်လေး ဒီကောင့်ကို လက်သီးနဲ့ဆွဲထိုးချင်လောက်အောင် ဒေါသထွက်နေမိပါသည်။ ဆိုင်ထဲက လူတွေက ကိုယ့်အလုပ်ကိုယ် လုပ်ရင်း တိတ်ဆိတ်နေကြပါသည်။ မြတ်ကိုက သူတို့ကို ကြည့်နေ ာ တွေ့ရသည်။ အောင်လေး ဘာမှ ဆက်မပြောတော့ဘဲ... ဆိုင်ထဲက ထွက်ခဲ့ပါသည်။ အောင်လေး ထွက်သွားပြီး သိပ်မကြာ င်မှာပဲ ဦးလေးက...

"မင်းနဲ့ငါ ညနေမှ ထပ်တွေ့မယ်..၊ မင်း အိမ်ကနေ စောင့်နေ ကဝေ..."

ဦးလေးထွက်သွားတော့ သူ့ဆီကို မြတ်ကိုနဲ့ ဖော်ထိုက်ရောက် လာပါသည်။ မြတ်ကိုက...

"မင်းကွာ..."



www.burmeseclassic.com

www.burmeseclassic.com



ကဝေ လေပူကို မှုတ်ထုတ်ရင်း မြတ်ကို့ကို ဆက်မပြော

လက်ကာတားလိုက်ပါသည်။ မြတ်ကို ဆက်မပြောတော့ဘဲ ဇော်

ထိုက်ကို ကြည့်သည်။ ဇော်ထိုက်က ဘာမှထပ်မပြောဖို့ မြတ်ကို့

ခေါင်းခါပြပါသည်။

"ငါ ဆိုင်သိမ်းခါနီးမှ ပြန်လာခဲ့မယ်..."

"မင်းက ဘယ်လဲ..."

ဇော်ထိုက်အမေးကို ပြန်မဖြေ..၊ အခုအချိန် သူတစ်ယော

တည်း နေချင်မိပါသည်။ သူ့ဦးလေး ပေးထားတဲ့ ကားပေါ်တက်ပြ

စိတ်ကူးတည့်ရာ မောင်းလာခဲ့ရင်း သူမောင်းနေတဲ့ လမ်းကြောင်

ပေါ်မှာ မနက်က သော်ကဆိုတဲ့ ကောင်မလေးနဲ့ ချိန်းဆိုထားရ

ပန်းခြံနားရောက်နေပြီဆိုတာ သိလိုက်တာကြောင့် ဘာမှမဆုံးဖြတ်

ခင် သူ့အလိုလို ပန်းခြံဂိတ်ဝနား ထိုးရပ်လိုက်သည်။ ဂိတ်ဝမှ

ဝင်ကြေးပေးပြီး ကားကို အရိပ်ကောင်းကောင်း သစ်ပင်နားအထိ

မောင်းလာခဲ့မိပါသည်။

လေပြည်တွေက အေးမြသင့်ပါသည်။ ငြိမ်းချမ်းတဲ့ ဒီအရပ်မှာ

နားခိုနေတာတောင် သူ့စိတ်က ကျဉ်းကျပ်နေသလိုပါပဲ..။

ငါ တောင်းပန်ပါတယ် မိန်းကလေးရယ်..၊ မင်းကို ဒီလို

စိတ်ကူးနဲ့ ရည်ရွယ်ချက်ရှိရှိ စော်ကားရိုင်းစိုင်းမိတယ် ထင်

သလား...။





တစ်ခါတစ်ခါတော့ မရည်ရွယ်ဘဲ လုပ်မိသည့်အမှားတွေများတဲ့

ဘဝမှာ အပြောင်းအလဲတစ်ခုဖြစ်လာလိမ့်မယ်လို့ ကြိုတင်မသိပဲ

ငါလည်း စိမ်လိုက်ရပါသည်..။

တစ်နေ့ တစ်ချိန်မှာတော့ အခွင့်ကြုံရင် ငါ မင်းကို တောင်းပန်

ဖို့ ဝန်မလေးပါဘူး..။ အဲဒီအခါ အပြုံးတကြီးနဲ့ မင်း ပက်ပက်စက်

စက် ပြောခဲ့မယ်ဆိုရင်လည်း ငါ ခါးစီးခံဖို့ ဝန်မလေးတော့ပါ..။

❑ ✦ ❑



www.burmeseclassic.com

www.burmeseclassic.com





အဲဒီနောက်ပိုင်း အောင်လေး ကျွန်တော့်ဆီကို အရောက်အပေါက် နည်းသွားပါသည်။ ငှီးကတော့ ကျွန်တော့်ကို ဆက်ဆံပုံက အရင်ကအတိုင်းပါပဲ..။ ကျွန်တော် ကိုယ်တိုင်ကလည်း ဒီလိုဖြစ်သွားတာ ကောင်းပါတယ်လို့ တွေးမိပါသည်။

ဘာကြောင့်လဲဆိုတော့ သူဟို့လည်း ဆက်ပြီး ကျွန်တော့်ကို သော်ကနဲ့ အဆင်ပြေစေဖို့ မတိုက်တွန်းတော့မှာကို၊ တစ်ခါတစ်ခါ အောင်လေးနဲ့ လက်ဖက်ရည်ဆိုင်မှာ တွေ့ရင် စကားတစ်လုံးစ နှစ်လုံးစ ငှီးကို ပြောသလိုလို၊ သူ့ကိုပြောသလိုလို ပြောတတ်သည်။ တိုက်ရိုက်တော့ စကားမဆိုဖြစ်ကြ..။ ငှီးဆီက စကားအရတော့ အရင်က အောင်လေးကို မိုးအေးက သူ့ကြောင့် ရည်းစား





အဖြစ်က ရပ်စဲပစ်သည်တဲ့။ ဒါပေမယ့် သော်က,က အောင်လေးမှာ အပြစ်မရှိပါဘူး အပြစ်ရှိသူက ကျွန်တော်..၊ ဒါကြောင့်မို့ အောင်လေးနဲ့ မိုးအေးရဲ့ချစ်သူရည်းစား ပြတ်စဲကြတာဟာ ဘာမှအဓိပ္ပာယ်မရှိဘူးလို့ ပြောတာကြောင့် ပြန်ပြီးအဆင်ပြေခဲ့ပါတယ်လို့ ကြားရသည်။

ဦးလေးကဆို သူ့ကိုတွေ့တိုင်း အစတုန်းကလို ခေါ်သထွက်တာတွေ၊ အတည်ကြီးနဲ့ စ,နောက်တာတွေ မရှိတော့ပါ။ သူ့ကိုမြင်တာနဲ့ အလိုလို မျက်နှာကြီးတည်သွားတာ ကျွန်တော် သတိထားမိပါသည်။ အိမ်ကို တစ်ခါတလေလာတိုင်း မေမေက သူ့မောင်တို့စသလို နောက်သလိုနဲ့..။

"ဟဲ့ မောင်ချစ် နင့်တူအတွက် နင် ရှာထားတယ်ဆို..."

အဲဒီလိုပြောတိုင်း ဦးလေး ခပ်တည်တည်နဲ့ စကားလွှဲခဲ့တာတွေဟာ ကျွန်တော့်အတွက် ချောင်ပိတ်မိတဲ့ ခွေးတစ်ကောင်လိုပေါ့..။

ထပ်ပြီးပိုဆိုးသွားတဲ့ပြဿနာက ဝင်းမာအေးနဲ့ အေးအေးနိုး နေလယ်နေ့ခင်း လူပါးတာနဲ့ သူတို့နားက လက်ဖက်ရည်နဲ့ စား သောက်ဖွယ်ရာမျိုးစုံရောင်းတဲ့ဆိုင်မှာ လက်ဖက်သုပ်သွားစားရင်း ရေနွေးကြမ်း ငရုတ်သီးစိမ်းတို့ကို တရှူးရှူး တရှဲရှဲစားရင်း မိန်း ကလေးပီပီ အတင်းပြောနေကြပါသည်။

ကံဆိုးချင်တော့ သော်က,က သူတို့ဘက်အရင် ထမင်းရှိုး

www.burmeseclassic.com



မပါလို့ ဒီဆိုင်မှာ လက်ဖက်ရည်နဲ့ ဆီချက်ခေါက်ဆွဲစားရင်း သူ
ကျောပေးထားတဲ့ဝိုင်းက ကောင်မလေးတွေရဲ့စကားကို နားထော
မိပါသည်။

"အမှန်က ကဝေ တမင်လုပ်လိုက်တာ ဖြစ်မယ်ဟ..."

"နင့်ကိုလား..."

"ဟာ..မှုဟဲ့..၊ နင်နော်..."

ရယ်သံတွေ ကြားရပါသည်။ ကဝေဆိုတဲ့ အသံကြားလို့ အာ
ဟောင်းက ပြန်နှာချင်ပေမယ့် စားပြီးပြီးချင်း ပိုက်ဆံရှင်းပြီး ထ
ထွက်သွားရင် ကောင်မလေးတွေအမြင်အရ အခုထိ ခံစားနေရတုန်းပဲ
လား ထင်သွားမှာ စိုးတာကြောင့် မထဖြစ်ပါ..။

"ကဲ.. ပြောစမ်းပါဦး..."

"ဟဲ့... နင်က လိုက်နှောက်နေတာကိုး..."

ဝင်းမာအေးက သူမရဲ့ ထင်မြင်ယူဆချက်တွေကို ပြောပြနေပါ
သည်။

"မြတ်ကိုဆီက စကားအရ ကဝေမှာ ကြိုက်နေတဲ့ ကောင်မ
လေး တစ်ယောက်ရှိတယ်တဲ့..."

ဝင်းမာအေးက စိတ်ကူးယဉ်ဆန်ဆန် ဇာတ်လမ်းတစ်ပုဒ်ကို
အပိုစာသားလေးထည့်ပြီး ဂန္ထဝင်ဝတ္ထုကြီးတစ်ပုဒ်လို မှန်းသန်းပြီး
ပြောပါတော့သည်။





"ကားတော့ပါတယ်ဟ..၊ ကားအက်ဆီးဒင့်နဲ့ တူတယ်..၊
အဲလိုဖြစ်သွားပြီး ကောင်မလေးနဲ့ ကဝေနဲ့ ဝေးသွားကြတာတဲ့.."

"ကားအက်ဆီးဒင့်ဖြစ်လို့ အဝေးကြီး ဝေးသွားကြတာ
သား.."

အေးအေးစိုးကလည်း အုတ်အုကြောင်နဲ့ မေးခွန်းထုတ်တော့
ဝင်းမာစိုး ဘာပြောရမှန်းမသိ..။ နောက်တော့ ခပ်တည်တည်နဲ့
ရှိုးပါတော့သည်။

"ဟာ..အဲဒါပြောတာ မဟုတ်ဘူး၊ အိမ်ပြောင်းသွားတာ.."

"ဟာ... ဘာဆိုင်လို့လဲဟာ၊ ကားအက်ဆီးဒင့်ဖြစ်တာနဲ့ အိမ်
ပြောင်းသွားတာနဲ့..."

"ဟဲ့... ကဝေကြောင့် ကားအက်ဆီးဒင့်ဖြစ်လို့ သူ့မိဘတွေက
ဒေါ်နာပြီး ခွဲလိုက်ကြတာနေမှာပေါ့"

"ဒါဆို မသော်ကခင်နဲ့ ချိန်းထားတာကို မသွားရတဲ့အကြောင်း
ရင်းက..."

သော်က နှုတ်ခမ်းကိုက်ရင်း နားစွင့်မိပါသည်။

"ဩော်... ဒါလား..၊ ဟိုဟာ... ဟာ..."

"ဘာလဲ..."

တဖက်က အသံတိတ်သွားပါသည် ခဏကြာမှ...

"ချိန်းထားတဲ့နေ့က ဇော်ထိုက်နဲ့ မြတ်ကို ပြောနေတာ အား



www.burmeseclassic.com

www.burmeseclassic.com



အက်ဆီးဒင့်ဖြစ်တဲ့ကောင်မလေး ပြန်တွေ့ပြီတဲ့..၊ ကဝေက သော် ကိစ္စ သိပ်အရေးမကြီးပါဘူးတဲ့၊ စောင့်နေလို့ကြာရင် ပြန်လှည့်သွာ မှာတဲ့၊ ဟို ကားအက်ဆီးဒင့်ဖြစ်တဲ့ ကောင်မလေးက တွေ့ဖို့အရေ ကြီးတယ်တဲ့..."

"တောက်..."

သူမ တောက်ခေါက်ရင်း ထရပ်တော့ ဝင်းမာအေးနဲ့ အေးအေ စိုး သော်ကကိုမြင်ကာ ပါးစပ်အဟောင်းသားနဲ့ မျက်လုံးပြူးမတင် ဝင်းမာအေးက သူပြောချင်တာပြောပြီးလို့ လန့်ဖျပ်နေပါတယ်။

သော်က က တစ်ထောင်တန်ကို စားပွဲပေါ်ချပြီး ပြန်အမ်းငွေ ကို စောင့်ယူမနေတော့ဘဲ သူတို့ရှေ့က ဖါ်သနဲ့ ဖြတ်လျှောက်သွာ ပါသည်။

"ဟဲ့... လန့်သွားတာပဲ..၊ မသော်ကခင် ကြားသွားပြီလာ မသိဘူး"

"ကြားသွားလဲ ဘာဖြစ်လဲ ဝင်းမာရယ်..၊ ဒါ တကယ့်အဖြ တွေပဲဟာ..."

ဝင်းမာအေးက အေးအေးစိုးကို ငေးကြည့်ပြီး သံယောင်လိုက် ပါသည်။

"တကယ့်အဖြစ်တွေ..."

"အေးလေ..."





အေးအေးစိုးက ပြောလိုက်ပေမယ့် သူမစိတ်ထဲမှာ စားပွဲထိုး ကမယူသေးတဲ့ ပိုက်ဆံတစ်ထောင်ကိုကြည့်ပြီး ပိုတဲ့ငွေကို နှမြော နေပါသည်။

ပိုတဲ့ ပိုက်ဆံကို သူတို့ လက်ဖက်သုပ်ဖိုး ရှင်းလိုက်လည်း ဖြစ်တဲ့ဟာကို..၊ မသကာ စိတ်ဆိုးနေလည်း သူမတို့ လက်ဖက် သုပ်ဖိုး ရှင်းသွားလိုက်လည်း စိတ်ဆိုးမပြေလောက်ပါဘူး..။

❑ ✦ ❑



www.burmeseclassic.com

www.burmeseclassic.com





အေးအေး အစ်မမိုး နိုင်းလိုက်တဲ့ ဗိုလ်ချုပ်ဈေးက ဆိုင်ဧ မမဥူကို ငွေသွားပေးပြီး ပြန်အလာမှာပါ..။ သူတို့ဆိုင်နဲ့ ဗိုလ်ချုပ် ဈေးက နီးသည်မို့ ပလက်ဖောင်းအတိုင်း လမ်းလျှောက်လာခဲ့မိပါ သည်။ အေးအေး အပြင်ကို နိုင်းလို့ကတော့ ကြိုက်သလောက်နိုင် ကြိုက်ပြီးသားပဲလေ..။ ပလက်ဖောင်းအတိုင်းလျှောက်ရင်း လမ်း ဘေး ပလက်ဖောင်းဈေးသည်တွေကို ဝယ်မလို့ ဈေးစစ်ရှုတဲ့ ဗီလင်ကို ကြိုက်တာကို အေးအေးကို နိုင်းလိုက်ရင် ကြာမယ်ဆိုတာ အစ်မမိုးအေးလည်း သိတာပေါ့။ ဒါပေမယ့် ဒီနေ့မှ ပစ္စည်းတွေ ရောက်လာတဲ့အတွက် လေဘယ်တွေခွဲ၊ ဆိုင်တွေ၊ ဈေးနှုန်းတွေ သတ်မှတ်ရွေးချယ်ရမှာမို့ ခပ်တုံးတုံးအအဖြစ်တဲ့ အေးအေးကို မနိုင်း တော့ဘဲ မမဥူဆီ လွှတ်လိုက်တာပါ။





အေးအေး ဟိုငေးဒီငေး လျှောက်လာရင်း သူမ တည့်တည့်က လျှောက်လာတဲ့ လူနှစ်ယောက်ကိုကြည့်ပြီး ဇဝေဇဝါ ဖြစ်နေပါ သည်။ ဘယ်မှာ တွေ့ဖူးပါလိမ့်လို့လည်း စဉ်းစားနေပါသည်။

"တောက်..၊ အရေးထဲဆို ဦးနှောက်မေ့ပြီ၊ အမေ ငါ့ကို မွေးတုန်းက ဦးနှောက်ရော ထည့်ပေးလိုက်ရဲ့လား မသိဘူး..၊ အမေ့ကိုမေးဖို့ အရေးထဲ မေ့နေပြန်ပါပြီ.."

သူလိုပဲ ရှေ့ကလာတဲ့ နှစ်ယောက်ထဲက မြတ်ကိုက အေးအေး ကို ကြည့်ကာ...

"ဟေ့ကောင်.. ကဝေ..."

"ဘာလဲ..."

"ငါတို့ ရှေ့တည့်တည့်က လျှောက်လာတဲ့ ကောင်မလေးကို သတိထားမိလား..."

ကဝေ သူ့ကို ခပ်တိုးတိုးပြောလိုက်တဲ့ မြတ်ကိုကြောင့် ရှေ့ တည့်တည့်ကို ကြည့်မိတော့...

"ဟိုက်!..."

"ဘယ်သူလဲ..၊ မင်း သိလား..."

"မင်း ခပ်တည်တည်နေ..."

အေးအေးကလည်း ပေစောင်းပေစောင်းနဲ့ အနားက ဖြတ် လျှောက်သွားတဲ့ နှစ်ယောက်ကိုလည်း ပြန်ငေးကြည့်ရင်း ကျော်သွန်



www.burmeseclassic.com

www.burmeseclassic.com



သွားပါသည်။ ဖြစ်ချင်တော့ နောက်တစ်ကြိမ် လည်ပြန်ငေးအကြည့်မှာ ပလက်ဖောင်းမြောင်းပေါက်ကို သတိမထားမိဘဲ ခြေကွဲကျသွားပါသည်။

"အမယ်လေး… မြေမှုံပြီတော့…"

အလန့်တကြား အော်မိတော့ ဘေးနားက ဦးလေးကြီးက သူမကို ဆွဲထူပေးရင်း…

"ဘာတွေ သောကတွေများပြီး ငေးကြက်နေတာလဲ သမီးရယ်.."

"ရှင်…"

အလန့်တကြား မျက်လုံးကြီးပြူးပြီး အေးအေး ပြောတော့ ဦးလေးကြီး လန့်သွားပါသည်။ အမှန်က သော်က ဆိုတဲ့ စကားတစ်ခွန်းဟာ အေးအေးအတွက် မေ့လျော့နေတဲ့ မှတ်ဉာဏ်တွေကို လင်းလက်စေပါသည်။

"ဝမ်းသာလိုက်တာ ဦးလေးကြီးရယ်..၊ ကျေးဇူးပဲ…"

ပြောပြီး ထော့နင်းထော့နင်းနဲ့ လျှောက်သွားတဲ့ အေးအေးကို ကြည့်ပြီး ဦးလေးကြီး နားမလည်နိုင်ပဲ ခေါင်းတခါခါ အေးအေး ခြေထောက်နာတဲ့ ဒဏ်ရာကိုလည်း မေ့သွားမတတ် ပျော်ရွှင်မိပါသည်။

တစ်လမ်းလုံး နှုတ်က တတွတ်တွတ်..။ သိပြီ..၊ ဟိုတစ်ခါ





…ရှေ့မှာ မယောင်မလည် ဆိုင်ကိုကြည့်နေတဲ့ နှစ်ယောက်၊ …ဟီ.. အစ်မမိုးတောင် ပြောသေးတယ်၊ နင်တို့အစ်မ သော်ကရဲ့ …ောင်လေးလားမှ မသိတာ၊ ဟီ..ဟီ.. ငါ့မှတ်ဉာဏ်တွေ ပြန်…ောင်းလာပြီ..။

အေးအေး ဝမ်းသာအားရနဲ့ တတွတ်တွတ်ပြောရင်း ဆိုင်ကို …ပြန်လျှောက်သလို အေးအေးကို ကျော်လွန်သွားတော့ မြတ်ကိုက …ဆေကို မေးမိပါသည်။

"အဲဒီကောင်မလေးက ဘယ်သူလဲ…"

"ဟိုတစ်ခါကွာ..၊ မင်းရယ် ငါရယ် ကားပေါ်မှာ တွေ့ခဲ့တဲ့ …ကောင်မလေးကို လိုက်ရှာရင်း အမျိုးသမီး အဝတ်အထည်၊ အသုံး…အဆောင်ရောင်းတဲ့ဆိုင်ရှေ့မှာ ရပ်ပြီး ကားပေါ်က ကောင်မလေးများ ဒီဆိုင်မှာ အလုပ်လုပ်လား မသိဘူးဆိုပြီး ရှာသေးတယ်လေ…"

မြတ်ကို စဉ်းစားဟန်ပြုပြီး…

"သြော်… မှတ်မိပြီ…"

"အဲဒီဆိုင်က ကောင်မလေး…"

"အဲဒါ ဘာဖြစ်လဲ…"

"မင်း မသိလို့..၊ အဲဒီဆိုင်က ငါ့သူငယ်ချင်း အောင်လေးရဲ့ ရည်းစားဆိုင် ဟိုတစ်ခါ အောင်လေး မအားလို့ ငါ ကားလက်မှတ် သွားပေးသေးတယ်လေ…"



www.burmeseclassic.com

www.burmeseclassic.com



မြတ်ကိုက ခေါင်းညိတ်ပြပါသည်။

"အဲဒီဆိုင်ရောက်တော့ ဒီကောင်မလေးက ငါ့ကို မမှတ်မိဘူး ဆေဇေဝါနဲ့ အခုလို ကြည့်နေတာ..၊ သိသွားရင် မကောင်းဘူးကွ.."

"ဘာဆိုင်လဲကွာ..."

"ဟ...တစ်မျိုးထင်သွားမှာပေါ့..၊ မင်းနဲ့ငါက ကောင်မလေး မှန်သမျှ လိုက်ကြောင်တယ်ထင်သွားမှာပေါ့၊ ရှက်စရာကြီးကွ.."

ကျွန်တော့်စကားကြောင့် မြတ်ကို နားမလည်သလိုကြည့်ရင်း...

"မင်းကိုက ကြံဖန်ပြီး ရှက်နေတာပါကွာ..၊ အဲလိုလိုက်ကြောင်နေရင် သော်ကကိစ္စ မင်း ငြင်းမလား.."

"ထားလိုက်ပါကွာ.."

"မထားနဲ့..၊ ဟို..."

"တော်ပါတော့ မြတ်ကိုရယ်..၊ အမြန်ပြန်ကြရအောင်၊ ဆိုင်ရောက်လို့ ဦးလေး ရောက်နေရင် နှစ်ယောက်လုံး အပြင်ထွက်လို့ အော်နေဦးမယ်.."

ဦးလေးဆိုတဲ့အသံကြောင့် မြတ်ကို ကြောက်လန့်ဟန် ပခုံးကျုံ့ပြသည်။

အေးအေး ဆိုင်ထဲရောက်တော့ အဝတ်စပုံတွေကြားမှာ ဗီတ်စကို လိုက်တိုင်းရင်း မိုးအေး လှမ်းမေးပါသည်။

"အဆင်ပြေလား..၊ နင့်ကို နိုင်းလိုက်တာ ခပ်လန့်လန့်ပဲ





အေးအေး"

အေးအေးက မိုးအေး စကားကြောင့် သူ့ကို အထင်သေးတာပဲလို့ စဉ်းစားမိကာ မျက်နှာ ရှုံ့မဲ့ပြသည်။

"ပိုက်ဆံလဲ ပေးပြီးပြီ..၊ မှာလိုက်သေးတယ်..."

အေးအေးရဲ့နောက်ဆက်တွဲ စကားကြောင့် မိုးအေး အေးအေးကို မော့ကြည့်ကာ...

"ဘာလဲ..၊ နင် မေ့သွားပြန်ပြီလား..."

အေးအေးကို သွတိပေးလိုက်သလိုဖြစ်သွားတာကြောင့် မေ့တော့မလို ဖြစ်မိသေးသည်။ နောက်မှ သတိရကာ ပိုက်ဆံအိတ်ထဲက မမဥ္ဇူ ရေးပေးလိုက်တဲ့စာရွက်ကို ထုတ်ပေးမိလိုက်ရင် ငါ ဒီနေ့ မမေ့တော့ပါလားလို့ ဂုဏ်ယူမိပါသေးသည်။ အေးအေး ပေးလိုက်တဲ့စာကြောင့် မိုးအေး ပြုံးမိကာ...

"ဒီတစ်ခါတော့ အေးအေးက တော်သွားပြီ..၊ တွေ့လား... အေးအေးက သူမေ့တတ်တာကို သိလို့ စာရွက်နဲ့ ရေးခိုင်းလိုက်တာ..."

မိုးအေး ချီးကျူးတော့ အေးအေး တဟဲဟဲနဲ့ ပျော်နေပါသည်။ ကျန်တဲ့လူတွေက အေးအေးကိုကြည့်ကာ ရယ်ချင်နေသည်။ အေးအေး ပေးတဲ့စာ ဖတ်ပြီးတော့....

"ကဲ... နားလို့ရပြီ..၊ ကော်ဖီသောက်ချင်ရင် ဓာတ်ဘူးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်”

အေးအေးက မသွားသေးဘဲ ရပ်မြဲရပ်နေတာကြောင့် မိုးအေး ပြန်မော့ကြည့်ရင်း…

“ဟဲ့… ဘာလုပ်နေတာလဲ…”

“ဟို… အစ်မကိုပြောစရာရှိတာ မေ့နေလို့…”

ခုနပဲ ရှီးမွှမ်းရသေးတယ်၊ ခုချက်ချင်း မေ့ပြန်ပြီဆိုတော့ အားလုံးရယ်မိကြပါသည်။ အေးအေး တော်တော်တင်းသွားပါသည်။ နောက် ဦးနှောက်ကို မရမက စဉ်းစားရင်း…

“ဟာ… သတိရပြီ…၊ ဟိုလမ်းမှာ အစ်မဆီလာတဲ့လူနဲ့ နောက်တစ်ယောက်ကိုတွေ့တယ်…၊ သူတို့က ဘယ်သူတွေလဲ သိလား အစ်မမိုး…”

မိုးအေး အေးအေးစကားကြောင့် မျက်မှောင်ကြုတ်မိရင်း…

“ဟဲ့… ဘယ်သူ့ကို ပြောတာလဲ…”

အေးအေး ပါးစပ်နားမှာ တစ်နေတဲ့အဖြေကို စဉ်းစားရခက်နေပါသည်။ ပြီးတော့ ခေါင်းကိုကုတ်ရင်း…

“ဟိုဥစ္စာ အစ်မမိုး ဒီကို လာသွားတဲ့လူ…၊ သူက ဟိုဥစ္စာနဲ့ ပတ်သက်တယ်လို့ အစ်မမိုး ပြောဖူးသေးတယ်လေ…”

“ဘယ်ဥစ္စာလဲ…”

“ဟိုဥစ္စာ… အစ်မမိုးရာ…၊ အစ်မမိုး သိတယ်လေ…”





“ဟဲ့… ငါ ဘာကို သိရမှာလဲ…”

“ဟိုဒင်းလေ…၊ သူဇာ နင်လဲသိတဲ့ ဟိုဥစ္စာလေ…”

အေးအေး ပြောရင်း မျက်ရည်ဝဲချင်လာပါသည်။ တောက်… ဒီနေ့ ငါမမေ့တော့ဘူးလို့တွေးပြီးမှ အရေးကြုံမှ မေ့တတ်တဲ့ဦးနှောက်ကို တုံ့နဲ့ ထုချင်ပါသည်။ သူဇာလည်း သူ့ကိုပါ ဟိုဥစ္စာခိုင်းနေတဲ့ အေးအေးကြောင့် စိတ်ပျက်မိကာ…

“နင်က ငါ့ကို ဘာဥစ္စာခိုင်းတာလဲ အေးအေးရယ်…”

အေးအေးမျက်ရည်ဝဲတာမြင်တော့ မိုးအေး စိတ်မကောင်းဖြစ်မိကာ ဆူမိတော့…

“ကဲ… ညီမလေး အေးအေး၊ ခဏနား… သတိရမှ အစ်မမိုးကိုပြော ဟုတ်လား…”

မိုးအေးရဲ့ ကရုဏာစကားကြောင့် ကျန်တဲ့သူတွေက အေးအေး မျက်ဝန်းကို သတိထားမိကာ မရယ်ကြတော့ပါ…။

အေးအေးဆိုတာ အဲဒါပဲလေ…။

❑ ✦ ❑



www.burmeseclassic.com

www.burmeseclassic.com





"ကဝေ…"

လက်ဖက်ရည်ဆိုင်က လှမ်းခေါ်လိုက်တဲ့ အသံကြောင့် အလုပ်က ပြန်လာတဲ့ ကဝေ ဆိုင်ထဲကို ကြည့်တော့ ငဦး လက်လှမ်းပြပြီး ခေါ်နေတာကို တွေ့ရပါသည်။

ငဦးနဲ့ထိုင်နေတာက အောင်လေး…။

ကဝေ အောင်လေးရှိတော့ နေရထိုင်ရခက်တာမို့ မသွားချင်ပေမယ့် မသွားရင်လည်း တစ်မျိုးထင်မှာစိုးလို့ သွားမိပါသည်။ ငဦးကတော့ ပုံမှန်အတိုင်းပါပဲ…။

"ကဝေ ပျောက်ချက်သား ကောင်းလှချည်လား၊ ဩော်… ဆောရီး…"





ငဦး သဘောရိုးနဲ့ ပြောလိုက်ပေမယ့် ကဝေ တစ်မျိုးထင်သွားမှာ စိုးတာကြောင့် တောင်းပန်လိုက်မှ ပိုဆိုးပါသည်။ ငဦး သဘောရိုးနဲ့ ပြောလိုက်မှန်း ကဝေသိပါသည်။

"ရပါတယ်ကွာ…၊ အောင်လေး ပြန်ထွက်လို့ နီးပြီလား…"

နှုတ်မဆက်ရင် မကောင်းမှာမို့လို့ ကဝေ မေးမိမေးရာ မေးမိပါသည်။ အောင်လေးကလည်း စကားမပြောတာ ကြာတာကြောင့် အိုးတိုးအမ်းတမ်း…။

"အေး… စားပြီးပြီ…၊ မဟုတ်ပါဘူး နီးပြီကွ…"

ငဦး ရယ်ချင်စိတ်ကို မနည်းကျိတ်မှိတ်နေရပါသည်။ ဒီနှစ်ကောင်အကြောင်း သူသိတာပေါ့…။ ငယ်ပေါင်းတွေပဲဟာ… တစ်ဦးရှိရင် တစ်ဦးအကြောင်းကို စုံစမ်းနေကြ၊ ရှေ့တင်မှာသာ ခပ်တည်တည်ကြီး လုပ်နေကြတဲ့ဟာ…။

"လုပ်မနေပါနဲ့ မင်းတို့နှစ်ယောက်က ပြတ်နိုင်တာလဲ မဟုတ်ဘူး…၊ ဒီလိုလုပ် မင်းတို့ သွေးပူသွားအောင် ငါနဲ့လိုက်ခဲ့ကြ…"

"ဘယ်လဲ…"

"လိုက်ခဲ့စမ်းပါကွာ…"

ငဦး ခေါ်ရာနောက်ကို နှစ်ယောက်လုံး လိုက်လာကြပါသည်။ ဒီကောင်ခေါ်သွားတာက ဘီယာဆိုင်…။

"ဟောကောင်…"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…နှစ်ယောက်လုံး လျှာမရှည်နဲ့ ထိုင်…"

ဦးက ဘီယာနဲ့ အမြည်းတွေကို မှာပါသည်။ တစ်ခွက်နှင့် ခွက် သောက်ပြီးတော့ သွေးနည်းနည်းပူလာကာ… နှုတ်ရဲလာ သည်။ အရင်ဆုံး ကဝေ အောင်လေးကို လက်ကမ်းပေးကာ–

"အောင်လေး… ဖြစ်ခဲ့သမျှတွေအတွက် ငါ တောင်းပန် တယ်"

ဦး ဒီလိုဖြစ်ဖို့ ကြိုသိပြီးသား…။ အဲဒါကြောင့် တမင်ခေါ် ခဲ့ခြင်း ဖြစ်ပါသည်။ အောင်လေးကလည်း ဟန်မဆောင်နိုင်တော့–

"ခွေးမသား သူငယ်ချင်းအရင်းကြီးတွေပဲ ခေါ်ပေါ့ကွာ၊ မင်း မခေါ်တော့ ငါက ဘယ်လို စ,ခေါ်ရမလဲ.."

အောင်လေးစကားကြောင့် ဦးက တဟားဟားအော်ရယ် သည်။

"မဟုတ်ပါဘူးကွာ…၊ ငါက မင်း ဆက်ပြီး စိတ်ဆိုးနေတယ် အောက်မေ့လို့…"

"စိတ်ဆိုးပြေတာ ကြာလှပြီကွ.."

အခုမှ မပြောရတဲ့ စကားတွေကို ဖောင်ဖွဲ့ကာ ရယ်မောပြောဆို မိပါသည်။ ဒါပေမယ့် သူတို့ စကားဝိုင်းမှာ သော်က မိုးအေးတို့ရဲ့ ဇာတ်ကြောင်းတွေ ကွေ့ဝိုက်ရှောင်ရှားပြီး ပြောနေမိတာ ဦး သတိ ထားမိပါသည်။





"ခွေးကောင်လေး..၊ အလုပ်အပ်သွားပြီး ပြန်ပေါ်မလာတော့ ဘူး"

နောက်ကနေ ကဝေ့ ဇက်ပိုးကိုအုပ်ပြီး ပြောလိုက်တဲ့ အသံ ကြောင့် ကဝေ လှည့်ကြည့်တော့ ပန်းချီဆရာ ကိုမျိုးခြယ်…။

"ဟာ ကိုကြီးမျိုး..၊ လာထိုင်…"

ကိုကြီးမျိုးက ဝင်ထိုင်ပါသည်။ ကိုကြီးမျိုးလက်ထဲမှာ တစ်ပေ ခန့်လည်း ကတ်ထူစက္ကူ..။

"ရော့… မင်းအပ်ထားတဲ့ပုံ..၊ ဟောကောင်… ငါ အပြင်းပဲ သောက်မှာနော်.."

"မှာလေ..၊ ကြိုက်သလိုမှာ…"

"ဘာပုံလဲ ကဝေ…"

ဦးက လှမ်းမေးတော့ ကဝေ အောင်လေးကို လှမ်းကြည့်မိ တော့ အောင်လေး နားလည်စွာ ပြုံးကာ…

"မင်းရဲ့ ကားပေါ်က ကောင်မလေးရဲ့ စိတ်မှန်းပုံတူ မဟုတ် လား..၊ လုပ်ပါ..၊ ငါ့ကို အားနာမနေနဲ့…"

"ကျေးဇူး သူငယ်ချင်း…"

ကဝေ မစုတ်ပြဲအောင် ကတ်ထူနှစ်ခုနဲ့ ဖုံးအုပ်ထားတဲ့ စိတ်ကူး ပုံတူကို ဖွင့်ကြည့်မိသည်။

အောင်လေး ကဝေရဲ့ မျက်ဝန်းတွေကို အမှတ်တမဲ့ ကြည့်မိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီကောင် မျက်ဝန်းထဲမှာ သူ တစ်ခါမှ မမြင်ဖူးတဲ့ အရိပ်အ ရိပ်ဝေလဲ့ဖြာနေသည်။

စိတ်ကူးနဲ့ရေးဆွဲထားတဲ့ ပုံတူကိုတောင် ဒီလောက်ဖြစ်နေ တကယ့်သက်ရှိဆိုရင် အောင်လေး သက်ပြင်းချရင်း ကဝေ ရင်က ချစ်ခြင်းကို နားလည်မိလာပါသည်။

"မင်း စိတ်ကူးထဲက ပုံနဲ့ တူရဲ့လား ကဝေ..."

"အင်း...၊ တူတော့တူတယ်.. ဒါပေမယ့် လိုသေးတယ် ဒါပေမယ့် အဆင်ပြေပါတယ်.."

ကိုကြီးမျိုးက ခေါင်းညိတ်ရင်း တစ်ကျွက်မော့ကာ...

"အေးပေါ့ကွာ..၊ ဓာတ်ပုံမရှိပဲ မင်းပြောတဲ့ အတိုင်းဆွဲရတော့ ဒီလောက်ထိရတာပဲ ကံကောင်း..."

"ငါ ကြည့်လို့ရမလား ကဝေ..."

ငဦးက လှမ်းတောင်းတော့...

"ရပါတယ်ကွာ..၊ ပြောရမယ့်လူတွေမှ မဟုတ်တာ.."

အောင်လေး ဘာမှမပြောမိအောင် အတတ်နိုင်ဆုံးနေသည်။ ဘာဖြစ်လို့လဲဆိုတော့ ကဝေ အနေခက်မှာ စိုးတာကြောင့်ပါ..

ငဦး ဖွင့်ကြည့်တဲ့ပုံကို အောင်လေး လှမ်းအကဲခတ်တော့ စိတ်ထဲမှာ စနိုးစနောင့် ဘယ်သူနဲ့ တူသလဲ ဇဝေဇဝါဖြစ်မိပါသည်။

"မြင်ဖူးသလိုပဲ..."





ငဦးက အတည်လား နောက်တာလား မသိ ပြောတာကြောင့် ဆေ ရယ်သည်။ ငဦး ပြန်ပေးတဲ့ပုံကို ကဝေ ထိခိုက်ပြုရှသွားမှာ တာကြောင့် တယုတယ ပြန်ဖုံးပြီး ရင်ခွင်ထဲမှာ အပ်ထားတော့ ဦးက အောင်လေးကို အပြုံးနဲ့ မျက်စပစ်ပြသည်။ အောင်လေး... ဝေကို ကြည့်ပြီး ပြောမိသည်။

"မင်း ရင်ထဲမှာရှိတဲ့ အချစ်ကို ငါ လေးစားသွားပြီ သူငယ် ချင်း..၊ အဲဒီအတွက် ဂုဏ်ပြုတဲ့သဘော..."

ခွက်ကို ဝိုင်းမြှောက်ကြပါသည်။

❏ ✦ ❏



www.burmeseclassic.com

www.burmeseclassic.com



✧ အသေလွမ်းပါတဲ့ အနမ်းတွေလည်း
ဘယ်ချောင်းမှာ ပျော်မွေ့လို့
ဘယ်လို အိပ်တောင်းနေလဲ...။

✧ ခေါင်လိုက်ရှည်လျား မျှော်လင့်ချက်များစွာ
ထစ်တစ်ပင်လို ဆက်၍ ဆက်၍ ရှင်သန်
မြန်ရှာတွေ့မယ့်လမ်းကို
အပင်များက ကြည့်မယ်...။







"ဟော့လူ..."

ကျွန်တော် ကားစောင့်ရင်း ကားတစ်စီးပေါ်က လှမ်းကြည့်သော ကားအတူစီးဖက် မိတ်ဆွေ ကိုမြင့်နိုင်..၊ သူက ကားထဲမှာ ...

"ခင်ဗျား မနက်ဖြန် ၃၄ လမ်းအလယ်ဘလောက်က ရွှက်သစ် ... တိုက်မှီရောင်းတဲ့ဆိုင်ကို လာခဲ့..."

"ဘာကိစ္စလဲဗျ..."

"ခင်ဗျား ကောင်မလေး ဘယ်မှာ အလုပ်လုပ်လဲ..."

စကားတောင် မဆုံးလိုက် လိုင်းကားက မောင်းထွက်သွားသာကြောင့် ကိုမြင့်နိုင်က လှမ်းအော်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် နေ့လယ် ဆယ့်နှစ်နာရီ မထိုးခင်နော်..."

"စိတ်ချ..."

ရင်ထဲမှာ ဖော်မပြနိုင်တဲ့ပီတိက လှကို လန်းဆန်းစေပါသည်။ ကံကြမ္မာက အနေခက်အောင် ကျီစယ်ပေမယ့် အခု လမ်းဖွင့် တော့ သူ့ အဲဒီအခွင့်အရေးကို အမိဖမ်းမှာပါ..။

မနက်ဖြန်ဟာ ထာဝရလှပတဲ့ ဥယျာဉ်တစ်ခုလို ကျွန်တော့် စောင့်ကြိုနေခဲ့ပါပြီ..။

မင်း ပြောင်းလဲနေပြီလား ကောင်မလေး..။

ရင်ထဲမှာ အရာရာဟာ လှပနေပါသည်။ အဲဒီစိတ်ပျော်ရွှင်မှု ဘယ်အထိပါလဲဆိုရင် ဆိုင်ကိုရောက်တဲ့အထိပါ..။ သီချင်း တအေးအေးနဲ့ ပျော်ရွှင်တက်ကြွစွာ ဟိုလှကို ဝိုင်းကူလိုက် ဒီလှ ဝိုင်းကူလိုက်နဲ့ သူ့ကိုကြည့်တော့ အားလုံးက ရိပ်မိလာပါသည်။

"ကဝေ.. နင် ဘာဖြစ်နေတာလဲ..၊ သိန်းထီပေါက်လို့ လား..."

"သိမ်းထားတဲ့ ထီဟော..."

ဟုတ်တယ်လေ..၊ ကားပေါ်က အမည်မသိ ကောင်မလေး ဟာ ပျောက်ဆုံးနေတဲ့ သိန်းထီလေးတစ်ခုပါ..။ အနိုင်းဆမ အနန္တအဆုံးထိ တန်ဖိုးလေးတစ်ခု...။

"ဟေ့ကောင် ဘာဖြစ်တာလဲ..."





"ဟဲ.. ဟဲ.. နေ့လယ်ကျရင် အားလုံး စားချင်တာစား..၊ ဒကာခံမယ်..၊ ကိုလှအေး ဆိုင်မှာနော်..."

ဝင်းမာအေးက ထုံးစံအတိုင်း ထင်ရာမြင်ရာ လျှောက်ပြောနေ ပါသည်။

"ကဝေ ထီပေါက်တာထင်တယ်..၊ ညနေက ထီဆိုင်ရှေ့မှာ ရပ်နေတာတွေ့တယ်.."

ဝင်းမာအေး အကြောင်းကို သိနေတဲ့ စန္ဒီဇော်က မျက်စောင်း ထိုးရင်း...

"နင်ကတော့ လုပ်ပြီ..၊ အဲဒါ မြတ်ကိုနဲ့အတူ ပြန်မလို့ စောင့်နေတာဟဲ့..၊ အဲလောက် ခန့်မှန်းချက်ကောင်းနေရင် ဝီလျှံဟီလ် နိုင်မှာ ဝင်လုပ်ပါလား.."

စန္ဒီ့စကားကို ကိုဇော်ထိုက်ကလည်း ထောက်ခံပါသည်။

"ဝင်းမာ နင့်စကားကို ယုံတာဆိုလို့ ငါတို့ထဲမှာ အေးအေးမိုး တစ်ယောက်ပဲရှိတာ၊ အေးအေးမိုးကို သွားပြော..."

ဝင်းမာကို တစ်ယောက်တစ်ပေါက် နှိပ်ကွပ်နေတုန်း မြတ်ကို က ကဝေကို မေးမိသည်။

"ဟေ့ကောင်.. ဘာတွေဖြစ်လို့ ဒီလောက်ပျော်နေတာလဲ.."

"ငါ... မနက်ဖြန်ဆိုရင် ကားပေါ်က ကောင်မလေး ဘယ်မှာ ရှိလဲ သိရပြီလေ..၊ ငါ ပျော်သင့်လား မင်း တွေးကြည့်ပေါ့..."



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်...၊ တကယ်..."

မြတ်ကိုတောင် တအံ့တသြဖြစ်တယ်ဆိုတော့ ကျွန်တော် ဘယ်လောက်ပျော်နေမလဲဆိုတာ တွေးကြည့်ပေါ့လေ..။

နေ့လယ်ရောက်တော့ ကျွန်တော် သူတို့စားချင်တာကို ကိုရှအေးဆိုင်ကို ဖုန်းနဲ့ လှမ်းမှာပါသည်။

အဲဒီအချိန် ဦးလေးရောက်လာတော့ ကျွန်တော် မနေနိုင်မထိုင်နိုင်..။

"ဦးလေး ဘာစားချင်လဲ..၊ ကျွန်တော် ဒီနေ့ ကျွေးပါရစေ ဟဲ.. ဟဲ..."

ကျွန်တော်ရဲ့ မျက်နှာပိုးမသေနိုင်တဲ့ အပြော်စကားကြောင့် ဦးလေးက ကျွန်တော့်ကို အကဲခတ်ရင်း...

"ဒီကောင် ဘာတွေဖြစ်နေတာလဲ..၊ ကဝေ..."

"ဗျာ..၊ ဦးလေး..."

ဦးလေး မျက်မှောင်ကြုတ်ရင်း...

"မင်း ထီထိုးတတ်လား..."

"ကြုံကြိုးစည်ရာ ဦးလေးရာ..."

"ဒါဆို နှစ်လုံးထီ..."

"ဆောရီး..."

"ဘောလုံးပွဲ..."





"ဘောလုံးဆိုတာ လေးထောင့်ကြီးလား..."

ဦးလေး မျက်မှောင် တဖြည်းဖြည်းကုပ်သွားရင်း...

"ကဲ... မစဉ်းစားတတ်တော့ဘူးကွာ..."

"စဉ်းစားမနေနဲ့..၊ စဉ်းစားချင်ရင် ဗောက်တောက်ကြော်တို့ ကြက်သားစဉ်းကော..၊ ငါးခူစဉ်းကောတို့ စား..."

"ဒါဆိုလဲ ငါးခူစဉ်းကောကွာ..၊ ဟေ့ကောင် ငါ ပိုက်ဆံ မပေးရပါဘူးနော်.."

"စိတ်ချ စားစမ်းပါ ဦးလေးရာ..."

ကျွန်တော် ဦးလေးအတွက် လှမ်းမှာပြီး...

"ဒီကောင် အပြင်ခွင်က မိတ္တူဆွဲခတွေ တော်တော်ရလိုက်လို့ ထင်တယ်..."

ဦးလေး စကားကြောင့် ကျွန်တော်တို့ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်တော့ ဦးလေးက တဟင်းဟင်း ရယ်လာရင်း...

"အံ့သြသွားလား..၊ ငါက ကမ္ဘာပတ်လာတဲ့ကောင်ပါကွာ..၊ မင်းတို့ကို တမင်စားပါစေဆိုပြီး လွှတ်ပေးထားတာ..၊ ငါ့ပစ္စည်းတွေ မခိုးမဝှက်ရင် ပြီးရော..."

"တကယ်နော်..."

"အေးပါဟ..၊ ငါ လူကြီးပါ..၊ ဟေ့ကောင်တွေ လောဘ မကြီးစေနဲ့နော်..."



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပျော်ရွှင်စွာ အော်ဟစ်ကြတော့ ဦးလေးက တပြုံးပြုံး နောက်တော့ စားကြရင်း မြတ်ကိုရဲ့ဖွမှုကြောင့် ကျွန်တော်ကျွေးရော အကြောင်းရင်းကို သိသွားရသည်။ ဦးလေးက သေချာပြောပါသည်။

"မင်း ရင်ထဲက နှစ်နှစ်ကာကာဖြစ်တဲ့ ဟာလေးဆိုရင် ပြော အောင်လုပ်..၊ အကျင့်သီလကောင်းလို့ကတော့ ငါကိုယ်တိုင်ပေးစား ပြီး တိုက်ခန်းတခန်းနဲ့ ကားတစ်စီး လက်ဖွဲ့မယ်.."

"တကယ်နော်..၊ ဦးလေး..."

"ငါ လူကြီးပါ..."

ဦးလေးက ဒီနေ့ သဘောတွေကောင်းနေပါသည်။ ကျွန်တော် ဆိုင်ကပြန်တော့ လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်ကြရင်း ငဦးကို ပြောပြမိတော့ ငဦးကလည်း ဝမ်းသာနေပါသည်။ အောင်လေးကို မတွေ့တာကြောင့်...

"အောင်လေးရော..."

"သူ့သဘောက ဘော်ဒါတွေနဲ့ဆိုလား ထွက်သွားတာပဲ..၊ မကြာသေးဘူး..."

"မူးဦးမှာပေါ့..."

ငဦးက ရယ်သည်။

"ပြန်မယ်ကွာ..."

"ဟ.. စောလှချည်လား..."





"စောစောအိပ်ပြီး မနက်ဖြန် စောစောဖြစ်လာဖို့ အရေးကြီး တယ်"

"ရှုးပါကွာ..."

ကျွန်တော် ငဦးစကားကြောင့် သဘောကျစွာရယ်ပါသည်။ မနက်ဖြန် အမြန်ရောက်ပါတော့လို့ ကျွန်တော် ဆုတောင်းပါသည်။

ပြီးတော့...

မနက်ဖြန် အဆင်ပြေခြင်းနဲ့ တွေ့ပါစေ..။

❑ ✦ ❑



www.burmeseclassic.com



"သား..၊ သား... ထဦး..."

မေမေရဲ့ အဆက်မပြတ် တံခါးခေါက်သံကြောင့် အိပ်ချင်မှုးတူး နဲ့ ထရင်း...

တံခါးဖွင့်ပေးတော့ မေမေက စိုးရိမ်တကြီးနဲ့ပြောသည်။

"သား အောင်လေး အစာအိမ်ပေါက်ပြီး သွေးတွေအန်လို့.."

"ဗျာ..."

"ဟုတ်တယ် အိမ်ရှေ့မှာ အောင်လေး ညီမနဲ့ သူ့အမေစောင့်နေ တယ်..၊ ကားမောင်းမယ့်သူမရှိလို့ သားကို လာခေါ်တာ..."

ကျွန်တော် ပုဆိုးတစ်ထည် အမြန်လဲပြီး အင်္ကျီကောက်စွပ်ကာ အမြန် အိမ်ပေါ်ကဆင်းတော့ အောင်လေးအမေနဲ့ညီမကို တွေ့ပါသည်။

"အန်ကယ်ရော အန်တီ..."





"မင်း အန်ကယ် ခရီးထွက်နေတယ် သားရဲ့..."

"ဟိုမှာ ဘယ်သူ ကျန်ခဲ့လဲ.."

မပြေးရုံတမယ် လျှောက်လာရင်း မျက်ရည်အဝဲသားနဲ့ အောင် လေးအမေ ပြောပြပါသည်။

"ဘေးအိမ်က လူတွေရှိတယ်..၊ ဒီကောင်လေး မူးရူးပြီး ပြန်ရောက်ပြီး အခုလိုဖြစ်တာပဲ..."

နာရီကိုကြည့်တော့ မနက်သုံးနာရီ ရှိပါပြီ..။ လမ်းမီးတွေက ထိန်လင်းနေလို့ တော်ပေသည်။ ဟိုရောက်တော့ ဟိုကောင် သတိ လစ်တစ်ချက်,မလစ်တစ်ချက် သွေးတွေက မြင်မကောင်း..။ ဘေး အိမ်က ဦးမြဦးက အောင်လေးကို ပွေ့ချီပြီး ကားပေါ်တင်သည်။ ကျွန်တော် အောင်လေးအမေကို ကားသော့တောင်းပြီး...

"တက်..၊ အန်တီ..."

ဦးမြဦးက လူကြီးမို့လို့ စနစ်ကျသည်။ သူ့မိန်းမ ဒေါ်စန်းကို လှမ်းမှာသည်။

"အစန်း... လိုအပ်တာ မှန်သမျှ ထည့်လာခဲ့..၊ မိမော်ကို အိမ်မှာ သမီးတို့နဲ့ ထားခဲ့..."

"ဟုတ်ကဲ့.. ကိုမြ၊ စိတ်ချသာသွား..."

ကားကို အပြင်းမောင်းလာတော့ ဦးလေးမြဦးက ပုံမှန်မောင်းဖို့ သတိပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကို မောင်းရမလဲ ဦးလေး.."

ဦးလေးက အနီးဆုံးမှာရှိတဲ့ အထူးကု ပုဂ္ဂလိက ဆေးရုံတစ်ခု ကို ပြောပြတော့ ကျွန်တော် ခေါင်းညိတ်ကာ မောင်းလာခဲ့ပါသည်။ ဆေးရုံရောက်တော့ အော်ပရေးရှင်းတန်းလုပ်..၊ အရေးထဲ သွေးလို နေတာကြောင့် ကျွန်တော့်သွေးနဲ့ အောင်လေးသွေး အမျိုးအစား တူတာကြောင့် သွေးသွင်းခွင့်ရခဲ့ပါသည်။

ကျွန်တော်ရယ်..၊ ဦးမြဦးရယ်..၊ အောင်လေးအမေရယ်.. အရေးပေါ်ခွဲစိတ်ခန်းရှေ့မှာ ရပ်စောင့်နေမိပါသည်။ အောင်လေး အမေ ဘုရားတရွတ်သံက တုန်တုန်ယင်ယင်..၊ ကံတရားကို စကား ပြောခွင့်ပေးမယ့်အဖြေက ခွဲစိတ်ခန်းတံခါးဝက မီးရောင်လား.. ခဏကြာတော့ အန်တီစန်း လိုအပ်တာတွေထည့်ပြီး ရောက်လာ ပါသည်။

ခွဲစိတ်ပြီးစီးတဲ့အချိန်က မနက်ခြောက်နာရီကျော် အောင်လေး ကံကောင်းသွားခဲ့ပါသည်။

❑ ✦ ❑







"သား နေပေးလို့ရမလား မသိဘူး.."

"ဘာဖြစ်လို့လဲ အန်တီ..."

"ဟိုလေ လူခွဲမရှိတော့ အရေးအကြောင်းဆိုရင် တိုင်ပင်စရာ ဆိုလို့ သားပဲရှိတာ..."

ကျွန်တော် မျှော်လင့်တဲ့ မနက်ဖြန်ကတော့ ရောက်ပါပြီ..။ သက်ပြင်းကို အန်တီ မသိအောင် ကျိတ်ချရင်း...

"ဟာ... ရပါတယ် အန်တီ..."

"ဒါဆို အန်တီ အိမ်ခဏပြန်ဦးမယ်..."

ကျွန်တော် ခေါင်းညိတ်ပြပြီး အောင်လေး ခုတင်ဘေးကနေ ဝင်ထိုင်ပြီး အောင်လေးကို ကြည့်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်လေးက ခွဲစိတ်တဲ့အရှိန်ရယ်၊ မေ့ဆေးဒဏ်ရယ်ကြောင့် တုတ်တုတ်မျှ မလှုပ်..။ တံခါးဖွင့်သံကြောင့် ကျွန်တော်လှည့်ကြည့်တော့ မိုးအေးနဲ့ ငဦး..။

"ဟာ..၊ လာ..."

ကျွန်တော် အလိုက်တသိ နေရာဖယ်ပေးပါသည်။ မိုးအေးက ငိုထားမှန်းသိသာသည်။ မျက်ဝန်းတွေက မို့နေပါသည်။ မိုးအေး အောင်လေးကို နှုတ်ခမ်းကိုက်ကာ ငေးကြည့်ရင်း...

"အခြေအနေ ဘယ်လိုလဲ ကဝေ..."

မိုးအေး အမေးကြောင့် ကျွန်တော် ဖြေမိသည်။

"ကောင်းသွားပါပြီ..၊ ဒီကောင် ဘီယာတွေသောက်ပြီး အစာအိမ်ပေါက်တာပေါ့..၊ ဖြစ်စက သွေးက ဒလဟောပဲ..."

"ငါလဲ မနက်မိုးလင်းလို့ လက်ဖက်ရည်ဆိုင်က ကြားမှ မိုးအေးကို ဖုန်းဆက်မေးပြီး တန်းလာတာ..၊ အောင်လေး အိမ်သွားတော့လဲ ဘယ်သူမှ မရှိဘူးလေ၊ ဦးလေးမြဦး ပြန်လာမှ အခန်းနံပါတ်မေးပြီး ထွက်လာတာ..။ ဒါနဲ့ မင်း ဟိုကိစ္စ..."

ငဦးက မနေ့က ပြောထားတဲ့ စကားကို သတိရပြီးပြောတော့ သူ့ ခေါင်းခါရမ်းလိုက်ရင်း...

"ပျောက်မသွားတဲ့ ကိစ္စပဲ ငဦး..၊ နောက်နေ့ သွားလဲ တွေ့ရမှာပါ"





မိုးအေးက အောင်လေးနားမှာ ထိုင်ရင်း အောင်လေးကို ငေးနေ...

"ကိုဦး..၊ ဟိုလေ..."

မိုးအေး ကျွန်တော့်ကိုလှမ်းကြည့်ပြီး ပြောရခက်နေဟန်ရှိသည်။

"အောက်က နှစ်ယောက်ကို ပြန်လွှတ်လိုက်ပါလား..၊ မိုးအေး မှာ နေခဲ့ဦးမယ်လို့.."

ကျွန်တော် ခေါင်းငုံ့သွားပါသည်။ အောက်မှာ မိဖြူးနဲ့ သော်က ဘာမှန်း ကျွန်တော် ရိပ်မိသည်။ ကျွန်တော့်ကို မတွေ့ချင်တဲ့ သော မိုးအေးက အားနာနေဟန်ရှိပါသည်။

"ဟိုလေ တစ်မျိုးမထင်နဲ့နော်..."

"ရပါတယ်..."

ကျွန်တော် သက်ပြင်းချမိပါသည်။ သူပြုလုပ်ခဲ့တဲ့ ကိစ္စတစ်ခု နောက်ဆက်တွဲမပြီးဆုံးသေး..။ မျက်ဝန်းကို မှိတ်မိကာ သက်ပြင်း ချမိပါသည်။ နောက်တစ်ရက်ပေါ့ ကောင်မလေးရယ်...။

❑ ✦ ❑



www.burmeseclassic.com

www.burmeseclassic.com





"ကိုမြင့်နိုင် ဒီနေ့မနက်ပဲ ဆိုင်က သူ့ဌေးခိုင်းလိုက်လို့ ခရီးထွက်သွားပါတယ်…"

"သြော်…"

လွဲချော်ခြင်းက အခုထိ မပြီးဆုံးသေးပါ‥။ ကျွန်တော့်အတွက် မုံးပေါလအော လွဲချော်မှုတွေက အခုထိ လွဲချော်ချင်နေကြတုန်း။ စိတ်ပျက်လက်ပျက်နဲ့ ဆိုင်ရှိရာ ပြန်ရောက်တော့ ကျွန်တော့်အမူအရာ ကိုကြည့်ကာ မြတ်ကိုက မေးသည်။

"မင်းပုံစံက ဘာဖြစ်နေတာလဲ ကဝေ…"

"ကိုမြင့်နိုင် ခရီးထွက်သွားတယ်တဲ့ကွာ…"

ကျွန်တော့် စကားကြောင့် မြတ်ကို စိတ်မကောင်းဟန်ရှိသည်။





"မင်းတို့အဖြစ်ကလဲကွာ‥၊ ဓာတ်သိမ်းပိုင်းတောင် ရောက်ခါ နေပြီ ကပ်လွဲ၊လွဲတုန်း‥၊ နှစ်လုံးထိကျနေတာပဲ…"

မြတ်ကိုရဲ့ ကရုဏာဒေါသက ဘယ်သူ့ကို ရည်ရွယ်မှန်းမသိ ‥။ နားစွန်နားဖျားကြားတဲ့ စန္ဒီက…

"သိပ်လဲစိတ်ဓာတ်မကျပါနဲ့ဟယ်၊ သူပြန်လာရင် နင်သိရမှာပေါ့၊ င် တွေ့လိုက်တော့ အဖြေတောင်းမနေနဲ့ တအားသာ ပြေးဖက်လိုက်"

"တကယ်နော်…"

"မြတ်…ကို…"

မြတ်ကိုက စန္ဒီကို ပိုးနေမှန်းသိတာကြောင့် စန္ဒီ အနီးနားက ဘော်ဘူးနဲ့ မြတ်ကို ကို ကောက်ပေါက်ပါတော့သည်။

ရယ်သံတွေကြားမှာ ကျွန်တော် မပျော်နိုင်‥၊ အိပ်မက်တွေ ဆပ်လောင်းရှင်သန်မယ့်နေ့ဟာ ဘယ်နေ့လဲ ကောင်မလေး‥။ ပျော် ရွှင်နေကြတဲ့ ချစ်သူရည်းစားတွေကိုမြင်တိုင်း ငါ့နှလုံးသား အပိုင်း ပိုင်း အဖြတ်ခံရသလို နာကျင်မိပါသည်။

လွဲချော်ခြင်း ခြေစမ်းပွဲမှာ ငါဟာ ထူးချွန်တဲ့ တိုက်စစ်မှူးဖြစ်မှာ သေချာပါတယ်လေ‥၊ မင်းနဲ့ တွေ့ခွင့်ရတဲ့ အချိန်ခဏလေးတွေကို ငါ့ရင်မှာ အမိက, အစိတ်အပိုင်းမှာ သိမ်းထားပါတယ်‥။

ဝန်ခံရရင် ငါ တစ်ရက်မှ မမေ့သေးဘူး ကောင်မလေး…။

❑ ✦ ❑



www.burmeseclassic.com

www.burmeseclassic.com



✧ ဆိုးဝါးမှုတွေ ကုန်လို ထမ်းပိုးရင်း
နေနဲ့လက ငါ့အမြင်မှာ
နိမိတ်ဆိုးအကွာရာနဲ့ ငါ့သဝမှာ လင်းနေဆဲ…
တစစ်စစ်ဝိုက်နေတဲ့ အမှုန်အမွှား ဆူးစတွေကို
ရင်ဘတ်မှာ ထုပ်
ငါ သစ္စာဆိုချီ…။
တစ်နေ့မှ မေ့ရတာ မှန်တန်ပါက…
လက်ညှိုးညွှန်ရာ အချစ်ရှိပါစေ…။







"ဟာ.. လာ ကဝေ…"

လူနာက တော်တော်ကြီးကို ကောင်းနေပါပြီ။ ဦးက လူနာ စားမယ့် အစားအသောက်တွေ တဝတပြဲ စားနေတော့…

"လူနာက ဘယ်သူလဲ..၊ မင်းလား ဦးလား…"

ကျွန်တော့်စကားကြောင့် အောင်လေးက ရယ်သည်။ ဦးက ပလုတ်ပလောင်းနဲ့…

"လူနာစားချင်သောက်ချင်အောင် ငါက အရင်စားပြတာ…"

ကျွန်တော် ဦးလက်မောင်းကို လှမ်းထိုးတော့…

"မင်းကွာ ပျောက်ချက်သား ကောင်းနေတာ…"

အောင်လေးက အပြစ်တင်သံနဲ့ ပြောတော့…

www.burmeseclassic.com



"ငါ တမင် မလာတာပါကွာ.."

သော်ကတို့လာရင် သူကြောင့် အနေခက်မည်ကို ရည်ရွယ်ပြီး ပြောတော့ အောင်လေး မျက်နှာမကောင်းစွာ...

"အဲလောက်ကြီး မဟုတ်ပါဘူးကွာ.."

အောင်လေးရဲ့ အဲလောက်ကြီးက အားရစရာမကောင်း ကျွန်တော့် စကားလွှဲချင်တာကြောင့်...

"မင်း ဘယ်နေ့ ဆင်းရမှာလဲ..."

အောင်လေးက မိုးရွာလာတာကြောင့် ပြတင်းပေါက်ကို လှမ်းကြည့်သည်။

ကျွန်တော်ထပြီး ပြတင်းတံခါးကို ပိတ်တော့...

"မနက်ဖြန် ဆင်းရပြီတဲ့..၊ မနေနိုင်ပါဘူးကွာ.. အခုချက်ချင်းကို ဆင်းချင်နေတာ..၊ ဆေးရုံမှာ အကြာကြီးနေရတော့ ငြီးငွေ့လာတယ်ကွာ.."

ဥဩက လှမ်းစ,နေပါသေးသည်။

"ဘီယာ သောက်မလား၊ ငါ သွားဝယ်ပေးမယ်..."

"ခွေးကောင်..၊ မင်း သောက်ပါလား..."

"ပိုက်ဆံပေးလေ..၊ သောက်ပြီးသားပဲ..."

ကျွန်တော် ဒီကောင်နှစ်ကောင်ကို ကြည့်ပြီး သဘောကျနေပါသည်။





အပြင်မှာ မိုးက အတော်ကို ကောင်းနေပါသည်။

"မင်း အခြေအနေရော ဘယ်လိုလဲ ကဝေ..."

အောင်လေးကို ဥဩ ပြောပြထားပုံရပါသည်။

"ဘာကိုလဲ..."

အောင်လေးက ကျွန်တော့်ကို ကြည့်ကာပြုံးသည်။

"ဟေ့ကောင် ဟန်ဆောင်မနေနဲ့..၊ ဥဩဆီက ငါ အကုန်သိပြီးပြီ"

ကျွန်တော် သက်ပြင်းချသည်။

"အရေးကြီးတဲ့လူက ပြန်မရောက်သေးဘူး.."

"ဘယ်သူလဲ..၊ မင်းနဲ့ ကားအတူစီးတဲ့လူလား..."

"အင်း..."

"မင်းတို့ ဇာတ်လမ်းကလဲကွာ..၊ တွေ့မလို... တွေ့မလိုနဲ့ မင်းအစား ငါ ရင်မောတယ် ကဝေ..."

ဥဩ စကားကြောင့် အောင်လေးက ဖြေသိမ့်ပါသည်။

"တွေ့မှာပါကွာ..၊ သိပ်မကြာတော့ပါဘူး၊ မင်းအကြာကြီး စောင့်လာပြီးပြီပဲ၊ အခုမှ ဒီ တစ်ရက်နှစ်ရက်အတွက် စိတ်လောနေတယ်.."

အောင်လေးစကားက လက်ခံစရာရှိပေမယ့် ကျွန်တော် လက်မခံနိုင်..။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်..၊ မင်းတို့ပြောသလို အကြာကြီး စောင့်လာတာ မှန်တယ်...၊ အဲဒီ အကြာကြီးတုန်းက သူက ဘယ်မှာနေလို့ ဘယ်လိုရှာရမှန်း မသိဘူးလေ..၊ ငါ အတွေးနဲ့ လွမ်းခွင့်ရှိတယ်၊ အခု သိရပြီဆိုတော့ အဲဒီတစ်ရက်၊နှစ်ရက်က နှစ်ပေါင်းများစွာ ထက်ကြာအောင် စောင့်ရသလိုပဲ သူငယ်ချင်း..."

အောင်လေး... ကဝေကို စာနာပါသည်။

"ဟိုအိမ်ထဲက ဘာလဲ..."

ငဦးက ပန်းသီးတစ်လုံးကို ကိုက်ရင်း ဗီရိုဘေးမှာ ထောင်ထားတဲ့အိတ်ကို မေးတော့...

"အလွမ်းပြေပေါ့ကွာ..၊ ကိုမျိုးခြယ် ဆွဲပေးတဲ့ပုံ..."

"ပြပါဦးကွာ..၊ နှစ်ထပ်ရှိလို့ မှတ်မိအောင်..."

အောင်လေး... စိတ်ပြေလက်ပျောက် ကြည့်ချင်လို့ ပုံကိုလှမ်းတောင်းတော့ ကဝေ လှမ်းယူပေးမိပါသည်။ အောင်လေးက ပုံကို ဆွဲလှန်တော့...

"ဖြည်းဖြည်း ပြဲသွားပါဦးမယ်ကွာ.."

"မပြဲပါဘူးကွာ..၊ မင်းကိုက ပိုကိုပိုနိုင်လွန်းတယ်"

"ပိုတဲ့ပစ္စည်းဆို ပေးကွာ..၊ လွှင့်မပစ်နဲ့..."

ငဦး စကားကြောင့် ကျွန်တော်က လက်ထဲက ထမင်းချိုင့် အလွတ်ကို ရုတ်တရက် ပစ်ပေးလိုက်သည်။





"ရှေ့..."

"ခွပ်..."

"အမယ်လေး..၊ ဟ..."

ငဦး မျက်နှာရှုံ့မဲ့ကာ ခေါင်းကိုပွတ်ရင်း ထမင်းချိုင့်ကို ဘေးက ဗီရိုအသေးလေးပေါ် လှမ်းတင်ပါသည်။ အောင်လေး ပုံကို တစိမ့်စိမ့်ကြည့်ရင်း...

"ဒီပုံက... သော်..."

စကားသံက အဆုံးထိ မရောက်လိုက်ရှာ..။

အခန်းတံခါးပွင့်သံနှင့်အတူ မိုးအေးက ရုတ်တရက် ကျွန်တော်တို့ကို မြင်လိုက်တော့...

"ဟော...လူစုံတက်စုံပါလား..၊ ဟင်..."

မိုးအေး အခုမှ သတိရသွားပုံနဲ့ နောက်ကို လှည့်ကြည့်ပေမယ့် မမီလိုက်ရှာပါ..။

နောက်မှာ မိုးအေးကိုကျော်ပြီး ဝင်လာသူက သော်က..၊ နောက်မှာ မိဖြိုး...။

သော်က အရင်ဆုံး မြင်ရတာက သူမတို့ကို ကျောပေးပြီး ထိုင်နေတဲ့ လူ..၊ နောက်ပြီး လက်ထဲမှာ စက္ကူချပ်ကိုကိုင်ကာ ခုတင်ပေါ်မှာ လှဲနေရင်း သူမတို့ကို ငေးစိုက်ကြည့်နေတဲ့ အောင်လေး..။

နောက်ပြီး ပါးစပ်ထဲကို ပန်းသီးထည့်ရင်း မျက်လုံးအပြူး



www.burmeseclassic.com

www.burmeseclassic.com



သားနဲ့ ကြည့်နေတဲ့ ကိုဦး . . .။

ကျောပေးပြီး ထိုင်နေတဲ့လူက တဖြည်းဖြည်း လှည့်ကြည့်လိုက်ချိန်မှာ . . .

"ဟင် . . ."

"မင်း . . ."

မျက်ခနဲ ဖြစ်စေနိုင်တဲ့ အံ့ဩမှုအရှိန် ကဝေ ရုတ်တရက် ရပ်လိုက်မိသလို စကားကို ဆက်လို့မရ . .။

သူမရှေ့က ကောင်လေးက ကျောက်ရုပ်တစ်ရုပ်လို ဖြစ်သွားကာ သူမကို ငေးစိုက်ကြည့်နေသည်။ အံ့ဩဆန်းကြယ်လွန်းသည်။ ဝမ်းသာလွန်းလို့ သော်က မျက်ရည်စိမ့်လာချိန်မှာ . . .

"ကဝေ . . . ဒီဓာတ်ပုံထဲက ကောင်မလေးက သော်က . . ."

အောင်လေးရဲ့ စကားတစ်ခွန်းဟာ သော်ကအတွက် မိုးပေါက်ကွဲသလိုပါပဲ . .။

"ဘယ်လို . . ."

"သူက . . ."

နှစ်ဦးသား ပါးစပ်များက စကားကိုယ်စီ . .။

ဝမ်းသာမှုတွေ ပြောင်းလဲကုန်ပြီ . .။ သော်က လုံးဝ မျှော်လင့်မထားတဲ့အဖြစ် . .။ မျက်ရည်တစ်စက်က ပါးပေါ်သိမ့်ကျလာသည်။

ဒါဟာ ခုနကြောင့်လား . .၊ အခုကြောင့်လား . . .။





နှုတ်ခမ်းများက ဆတ်ဆတ်တုန်နေတဲ့ ကောင်မလေးကို ကျွန်တော် ဘာပြောရမှန်း မသိအောင် ဖြစ်နေပါသည်။

"ကျွန်တော် . . ."

"မဟုတ်ဘူး . . ."

သော်က မျက်ရည်တစ်စက်စက်ကျရင်း အခု အဖြစ်အပျက်တွေကို မယုံကြည်နိုင်အောင် ဖြစ်နေမိပါသည်။

"သော်က . . ."

မိုးအေးရဲ့ ခေါ်သံနဲ့အတူ သူ့ကို လှမ်းထိန်းတော့ သူမ မျက်ဝန်းက မျက်ရည်စက်တွေက အတားအဆီးမဲ့ ဖြိုကျလာပါသည်။

"ဘာတွေလဲ သော်က . .၊ ငါတို့ကို ပြောပြစမ်း . ."

"ဟင့်အင်း . . ."

ရင်ထဲမှာ ဆက်ပြောနိုင်ရန် အားမရှိတော့ပါ။

သူမ မျှော်လင့်ထားတဲ့လူ . .၊ အတွေ့ချင်ဆုံးလူဟာ သူမကို စော်ကားရိုင်းစိုင်းခဲ့တဲ့ ကဝေ . .တဲ့ . .။ ဘာတွေ ဖြစ်ကုန်တာလဲ . .။

"သော်က . .၊ ကျွန်တော် ရှင်းပြတာ နားထောင် . . ."

"ရှင် မပြောပါနဲ့ . .၊ တော်ပါတော့ . . ."

"ကဝေ . . ."

အောင်လေးရဲ့ သတိပေးသံ . .။

သော်က ကြာရှည်ရပ်တည်ရန် ခံနိုင်ရည်မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



မိုးအေး ဖမ်းဆုပ်ထားတဲ့ လက်များကြားက ရှန်းထွက်ကာ တံခါးကိုဖွင့်၍ အပြင်ကို ပြေးထွက်လာပါသည်။ ဆေးရုံကော်ရစ်တာတစ်လျှောက် မျက်ရည်တွေကျရင်း ပြေးထွက်လာတဲ့ သော်ကကို ဆရာဝန်တွေ၊ လူနာတွေ၊ လူနာလာကြည့်သူအပါအဝင် အားလုံးဟာ စိတ်ဝင်တစား လှမ်းကြည့်ပြီး တစ်မျိုးတွေးမိမှာပါ..။ လူနာတစ်ခုခုဖြစ်လို့ ထင်မှာပေါ့လေ..။

ဆေးရုံထဲက ပြေးထွက်ပြီး မိုးရေတွေကြားထဲမှာ သူမ ရပ်လိုက်သည်။ သူမခြေလှမ်းတွေဟာ နှေးကွေးသွားခဲ့သည်။ မိုးရေတွေကြားထဲမှာ ထီးမပါဘဲ မိုးရေတွေစိုရွှဲနေတဲ့ မိန်းကလေးတစ်ယောက်ကို အထူးအဆန်း လှမ်းကြည့်နေကြပါသည်။

"သော်က..."

အနီးကပ်ဆုံး လှမ်းခေါ်လိုက်တဲ့အသံကြောင့် သူမ ဆတ်ခနဲ တုန်လှုပ်သွားပါသည်။

အံကို ကြိတ်မိသည်။ လက်သီးတွေ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမြဲ..။ ကဝေ မိုးရေတွေကြားထဲလျှောက်ရင်း သူမ ရှေ့မှာ ရပ်မိသည်။

"သော်က ချိန်းခဲ့တဲ့နေရာကို ကိုယ် ဘာကြောင့် မလာတာလဲ သိလား..."

"မသိချင်ဘူး..၊ မပြောနဲ့..."





သူမ နားနှစ်ဖက်ကိုပိတ်ပြီး အရူးတစ်ယောက်လို အော်ဟစ်မိပါသည်။

"မသိလို့ မဖြစ်ဘူး သော်က..၊ ဒီအကြောင်းတွေသိမှ ဖြစ်မှာ..."

"မပြောနဲ့..."

မျက်ရည်တွေ မိုးရေနဲ့ ရောထွေးနေပေမယ့် သူမ ငိုနေမှန်း ကဝေ သိသည်။ ဆတ်ဆတ်ခါ နာကျင်နေသည့် အထိမခံနိုင်တဲ့ ကျားနာတစ်ကောင်ရဲ့ မျက်ဝန်းတွေ သော်ကဆီမှာ ရှိနေသည်။

"သူငယ်ချင်း..."

ကဝေ ခေါ်သံကြောင့် လှမ်းကြည့်တော့ ထီးအကြီးကြီးတစ်ချောင်းကိုကိုင်ပြီး သူတို့ဆီ မပြေးရုံတမယ် လျှောက်လာတဲ့ အောင်လေးနဲ့ မိုးအေး..။

မိုးအေးက ထီးကို အောင်လေးကိုပေးပြီး သူမပါ မိုးရေအစိုခံကာ သော်ကဆီသွားပြီး ခပ်လှမ်းလှမ်းမှာ ရပ်ထားတဲ့ မိုးအေးရဲ့ကားဆီ ခေါ်သွားပါသည်။

နောက် ကားစက်နိုးကာ မောင်းထွက်သွားပါသည်။

"သူငယ်ချင်း ခေါင်းအေးအေးထားပါကွာ..၊ လာ... ငါ့အဝတ်အစားတွေ လဲလိုက်..."

လူနာက သူကို ပြန်နှစ်သိမ့်နေရတဲ့အဖြစ်..၊ ဆေးရုံရှေ့ရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ အမိုးအောက်မှာ မိဖြိုးနဲ့ ဦးက သူတို့ကို မေးသည်။

"မိုးအေးနဲ့ သောကရော..."

အောင်လေး သက်ပြင်းချကာ...

"ပြန်သွားကြပြီ..၊ နင် ဘယ်လို ပြန်မလဲ..."

"ငါ လိုက်ပို့ပေးလိုက်မယ်..၊ ငါ့မှာ ကားပါတယ်"

"ငါ လိုက်မောင်းပေးမယ်၊ ကဝေ.. မင်း ဒီပုံနဲ့ဆို ကားမောင်းလို့ မဖြစ်ဘူး"

"ဆေးရုံမှာ လူနာစောင့်မှ မရှိတာ..."

အောင်လေးက ခေါင်းခါရင်း...

"မလိုဘူး ရတယ်..၊ ငါက ကောင်းနေပြီ၊ ခဏနေရင် မေမေ လာလိမ့်မယ် သွားကြ..၊ တော်ကြာ ဒီကောင် ဖျားလိမ့်မယ်"

လူတွေက စုရုံးစုရုံးနဲ့ သူတို့ကို ကြည့်နေကြပါသည်။

ဒါဟာ အလွမ်းဇာတ်ဝင်ခန်းပေမယ့် အလွမ်းရုပ်ရှင်ကား မဟုတ်ပါ။ ကိုယ်တိုင်ကိုယ်ကျ ဇာတ်နာခံရတဲ့ အလွဲချော်ဆုံး ဖြစ်ရပ်တစ်ခု..။

ကား စ,မောင်းလာတော့ အားလုံး တိတ်ဆိတ်နေကြပါသည်။

"ဘာတွေ ဖြစ်ကုန်ကြတာလဲ ကဝေ..."

ဦးရဲ့အမေးကို သူမဖြေ..၊ ဦးက ထပ်မေးပြန်သည်။

"မင်းပြောတဲ့ ကားအတူစီးဖူးတဲ့ ကောင်မလေးဆိုတာ သော်က





ဆိုတာ တကယ်လား ကဝေ..."

ကျွန်တော် ခေါင်းညိတ်ပြရုံသာရှိသည်။

နောက်ခန်းက မိဖြိုး က ပထမဦးဆုံး စကားစ,ပြောလာပါသည်။

"ဘာတွေမှန်း မသိပါဘူးဟယ်..၊ ငါ အစက နင်တို့ချိန်းတဲ့ ကိစ္စကြောင့် တွေ့တွေ့ချင်း ပြဿနာဖြစ်တယ်ပဲထင်တာ၊ နောက်မှ ငါမသိတဲ့ အကြောင်းတွေ၊ စကားတွေ ပါလာတော့ ဘေးကလူတောင် ရှုးချင်ချင်ဖြစ်လာတယ်"

ကျွန်တော့်ဆီက စကားသံထွက်မလာ..၊ အခုအချိန်မှာ ကျွန်တော် ရှင်းပြချင်စိတ်လည်း ရှိမနေခဲ့ပါ။

ကျွန်တော်ပြောရင် ယုံကြည်ပေးနိုင်မယ့်လူ မရှိဘူးလို့ ထင်နေခဲ့ပါသည်။

"ဟော့ကောင် ပြောလေကွာ..၊ မင်းပြောမှ သိရမှာပေါ့.."

စကားတစ်ခွန်းစ,ထုတ်ဖို့ ကျွန်တော် အတော်ကို အားယူရပါသည်။

"အခုအချိန်မှာ ငါပြောရင် ယုံကြမှာမို့လို့လား ဦး..၊ ငါ့အထင်တော့ ငါပြောမယ့် စကားတွေအတွက် ငါ့ဘက်က ယုံကြည်ပေးမယ့်လူ တစ်ယောက်မှ မရှိဘူးလို့ ငါ ယုံကိုယုံနေခဲ့တယ်"

"မဟုတ်တာတွေ..."



www.burmeseclassic.com

www.burmeseclassic.com



"အေးလေဟယ်..၊ နင်တို့ဖြစ်ခဲ့တဲ့ကိစ္စကို ငါ့ကိုပြော...၊ နင်မှန်ရင် နင့်ဘက်ကနေ သော်က ကို ငါ ဝိုင်းပြောပေးမယ်.."

ကျွန်တော် ခေါင်းခါလိုက်တော့ ငြိမ်းနဲ့ မိဖြိုး စိတ်ပျက်လက်ပျက်ပြောကြပါသည်။

"ဘယ်လိုကောင်မှန်း မသိဘူး..၊ မင်းအရူးပဲ..."

"ဟုတ်ပါ့..."

ဟုတ်ပါတယ်..၊ ကျွန်တော် ချစ်မိခဲ့တဲ့အတွက် အရူးဖြစ်ခဲ့ရပါတယ်။ လူလည်း ရူးခဲ့တယ်..၊ နှလုံးသားလည်း ရူးခဲ့ပါတယ် သော်က...။

❑ ✦ ❑





✧ ချင့်ချိန်တွေးပါ...
ဆိုးဝါးစွာ နာကျင်မှုအတွက်
အလွမ်းဆည် ဆေးမဖြစ်..၊
တေးသီချင်းအသစ်ကို ပြန်ရေး...
ရင်ဘတ်က သွေး
အတွရာ သရုပ်ဖော်ရင်း
သစ္စာဆိုကြေး...
လက်ညှိုးညွှန်ရာ... အချစ်ရှိစေ..။



www.burmeseclassic.com

www.burmeseclassic.com





အောင်လေး ဆေးရုံကဆင်းဆင်းချင်း ဦးနဲ့အတူ ကျွန်တော့်အိမ် ရောက်ချလာပါသည်။

ကျွန်တော် မနေ့က မိုးမိတဲ့ဒဏ်ကြောင့်လား..၊ အလွမ်းဒဏ်ကြောင့်လားမသိ ဖျားပါတော့သည်။

"မနေ့က မင်းပြန်သွားပြီးကတည်းက မင်းကိစ္စကို သိချင်နေတာ..၊ ဘာတွေ ဘယ်လိုဖြစ်ကြတာလဲ ကဲဝေ..."

ဒီနေ့ အိမ်မှာ ဘယ်သူမှ မရှိ..။ ဖေဖေက ရုံး၊ မေမေက သူညီမအိမ် သွားကြပါသည်။

"ငါ့အကြောင်းကို ငါ ဘယ်က စ,ပြောရမှန်းကို မသိဘူး အောင်လေး..."





"လုပ်ပြန်ပြီ..၊ ကဲ... ပြောချင်တဲ့ နေရာက စ,ပြောကွာ.."

သက်ပြင်းဟာ ကျွန်တော်ပြောချင်တဲ့ အကြောင်းအရာတွေဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ..။

"ငါ တွေ့ချင်တဲ့ ကားစီးဖော် ကောင်မလေးက သော်ကမှန်း ငါ မသိခဲ့သလို.. မိုးအေးရဲ့သူငယ်ချင်းမှန်းလဲ ငါ မသိခဲ့ဘူး"

"အေးလေ..၊ မင်းတို့က တော့လွဲလွဲနေတာကိုး၊ အကောင်းတည်းတသာ မင်း သော်ကနဲ့တွေ့လိုက်ရင် ဒီပြဿနာဟာ ဒီလောက်ဖြစ်စရာ အကြောင်းမရှိဘူး..."

အောင်လေး စကားကြောင့် ဦးက အခုလိုပြောပါသည်။

"အေးကွာ..၊ ကံကြမ္မာများ လှည့်စားလိုက်တာ လက်တစ်လုံးခြားဆိုတာ ဖြစ်မယ်.."

"ငါလဲ စာတ်ပုံကြည့်ရင်း ဘယ်သူနဲ့တူမှန်းမသိဘူး၊ တွေးနေတာ အသိထဲက တစ်ယောက်ယောက်ဖြစ်မယ် ထင်သား..."

အောင်လေး စကားကြောင့် ဦးက ရယ်ရင်း...

"ဟုတ်ပါ့ကွာ..၊ ဟို ဂျာနယ်နောက်ဖုံးမှာ ကြည့်ရတဲ့ 3D ပုံကို ကြည့်ရသလိုပဲ.."

ခြောက်သွေ့တဲ့ နှုတ်ခမ်းကို ကဆေ လျှာနဲ့သပ်ရင်း...

"သူ့ကို ရှာရတာလဲ 3D ထဲမှာ ရှာရသလိုပါပဲကွာ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါ မေးမယ်.. မေးမယ်နဲ့ မမေးဖြစ်တဲ့ကိစ္စတစ်ခု ရှိတယ် ကဝေ..."

ငဦးစကားကြောင့် ကျွန်တော်က ဘာလဲဆိုတဲ့ အဓိပ္ပာယ်နဲ့ မေးဆတ်ပြသည်။

"မင်း ဘာကြောင့် သော်ကနဲ့ ချိန်းထားတာကို မသွားတာလဲ..၊ ငါ့အထင်တော့ မင်း ငါတို့မသိအောင် တစ်ခုခုဖုံးထားသလိုပဲ၊ ဟိုး... မင်း မပြောနဲ့ဦး၊ ဒီကိစ္စက အရေးကြီးတယ်နော်..၊ ဒီပြဿနာ အဖြေဟာ မင်းနဲ့ သော်ကနဲ့ နီးစပ်ဖို့ အကောင်းဆုံး အခွင့်အရေးပဲ.."

ကျွန်တော် ပြောပြဖို့ နှုတ်တွန့်နေချိန်...

"ပြောလိုက်ပါ ကဝေ..၊ ငါ ခွင့်ပြုပါတယ်..."

အသံနဲ့အတူ အိမ်ပေါ်ရောက်လာသူက မြတ်ကို..။ မြတ်ကိုက သူတို့ဝိုင်းမှာ ဝင်ထိုင်ရင်း...

"မင်း ငါ ရောက်လာလို့ အံ့ဩသွားလား..၊ ဆိုင်ကိုကိုအောင်လေး ဖုန်းဆက်ပြီး မင်းတို့ဖြစ်တဲ့ကိစ္စတွေပြောပြလို့ ငါ မင်းအိမ်ကို လှူစုံအောင် တမင်ချိန်းလိုက်တာ..၊ ကဲ... ငါပဲ ပြောပြလိုက်ပါ့မယ်"

မြတ်ကိုဆီက စကားကို အောင်လေးနဲ့ ငဦး စိတ်ဝင်တစားနားထောင်နေကြပါသည်။





"ဒီလိုဗျ..၊ အဲဒီနေ့က ကဝေ့ဦးလေးက ကဝေ သော်ကနဲ့ ချိန်းထားတဲ့ဆိုင်ကိုသွားဖို့ အားပေးလိုက်ပြီးသား..၊ ကျွန်တော်ကလည်း ကားမောင်းတတ်ခါစဆိုတော့ ဒီကောင် ဂျီပူတာနဲ့ ဦးလေးမသိအောင် ဒီကောင့်ဆီက ကားယူပြီး ချိန်းထားတဲ့လူဆီ အသွားလမ်းမှာ ကား ကားချင်း တိုက်မိပါလေရော..."

"ဩော်..."

အောင်လေးက ခေါင်းတညိတ်ညိတ်..။

"ဖြစ်ချင်တော့ ကျွန်တော်က စ,တိုက်တော့ ကျွန်တော့်အမှား..၊ တစ်ဖက်လူကိုလဲ လျော်ရမယ်..၊ ကားလဲ ပြင်ရဦးမယ်လေ၊ တစ်ဖက်လူကို ကျွန်တော် လျော်နိုင်ပေမယ့် ဒီကားကို အမြန်ပြင်ဖို့က ပိုက်ဆံက ပြတ်နေပြီလေ၊ ဦးလေးသိရင် မိုးမီးလောင်မှာသိတော့ ကျွန်တော် ဒီကောင့်ဆီ ဖုန်းဆက်လိုက်မိတယ်၊ အဲဒီအချိန်မှာ ဒီကောင် သော်ကနဲ့ ချိန်းထားတယ်ဆိုတာ ကျွန်တော် နောက်မှ သိရတာ..၊ ဒီကောင်က အဲဒီကိစ္စကို ဖုံးထားတယ်လေ..."

"ဟင်..၊ ဒါဆို မင်းက..."

ငဦးက အံ့ဩဟန်နဲ့ ကျွန်တော်ကိုကြည့်တော့...

"ငါ ပန်းခြံထဲတောင် ရောက်နေပြီ ငဦး၊ ဒါပေမယ့် ငါတို့က ဒီကောင့်ကိစ္စလောက် အရေးမကြီးဘူးလို့ထင်လို့ ငါဆုံးဖြတ်

လိုက်တာ''

ကျွန်တော့် စကားကြောင့် အောင်လေးက ခေါင်းခါရင်း…

''ဒါဆိုလဲကွာ..၊ အဖြစ်မှန်ကို ဖွင့်ပြောလိုက်ပေါ့..''

''ဒါ… ကျွန်တော့်အမှားပါ ကိုအောင်လေး…''

''ဘယ်လို…''

မြတ်ကို စကားကြောင့် အောင်လေး တအံ့တသြနဲ့ မေးပါသည်။

''ဟုတ်ပါတယ်..၊ ကျွန်တော် ဦးလေး အလုပ်ထုတ်ပစ်မှာကြောက်တာနဲ့၊ ပြီးတော့ ဒီကောင်ကိုယ်တိုင်ကလဲ ကားစီးတဲ့ ကောင်မလေးဟာ သော်က မဟုတ်ဘူးထင်တော့ နှစ်ယောက်လုံး ဒီကိစ္စကို ဘယ်သူမှဖွင့်မပြောကြေး ကတိခံပြီး ငြိမ်နေလိုက်တာ..၊ အခုတော့ မပြောလို့ မဖြစ်တော့ဘူးလေ..၊ ဒီမနက်ပဲ ဦးလေးကို ဒီအကြောင်းတွေဖွင့်ပြောပြီးလို့ ဦးလေးက အစကတည်းက မပြောရ မလားဆိုပြီး ဆူလိုက်တာဗျာ…''

အခုမှ အောင်လေး သက်ပြင်းချမိပါသည်။

ဘာမဟုတ်တဲ့ ကတ်သီးကတ်သတ် အပြောင်းအလဲလေးတကြောက်စရာပါလားလို့ တွေးမိရင်း…

''ကဲ… ကိုယ်တော်၊ မျက်နှာကြီးမှိုင်တွေတော်မူမနေနဲ့၊ ကဲ… ထ…''





ကျွန်တော် မတ်တတ်ထ,ရပ်တဲ့ အောင်လေးကို မော့ကြည့်ပြီး…

''ဘယ်လဲ…''

''ဟော့ကောင် ထ,မှာသာ ထစမ်းပါ..''

အခုအချိန်မှာတော့ လူငယ်တွေ စိစဉ်တဲ့အတိုင်းပေါ့..''

www.burmeseclassic.com





"ကဲ... အရေးတကြီးခေါ်တယ်ဆိုလို့ ဘာများလဲ၊ ဟဲ့ ကဝေ နင် နေမကောင်းဘူးလား.."

လှုရှင်းတဲ့ဆိုင်လေးထဲ လှမ်းခေါ်ပြီး ချိန်းတော့ မိုးအေး ရောက်ချလာပါသည်။

"ဟုတ်တယ်လေ..၊ မနေ့က မိုးရေထဲက အမုန်းတရားရုပ်ရှင်ကားကြီး ရိုက်ပြီးကတည်းက ဒီကောင် ဖျားတာပဲ.."

မနေ့ကကိစ္စကို ရည်ရွယ်မှန်းသိတော့ မိုးအေး ပြုံးရုံသာ ပြုံးသည်။





"ဟို တစ်ယောက်ကိုလဲ ငါ့အိမ်ခေါ်သွားပြီး အဝတ်အစားလဲ၊ အငှားကားတစ်စီးငှားပြီး အိမ်ပြန်ပို့ပေးရတယ်၊ ဘယ်လိုမှချော့လို့မရဘူး၊ ညာလေ သူပြောတာလဲ မှန်ပါတယ်..၊ ဟို..."

ပြောရမှာ စိုးရွံ့နေပုံကြောင့် ကျွန်တော်က...

"ပြောပါ..၊ ဘာမှ အားမနာပါနဲ့"

"ပွင့်ပွင့်လင်းလင်း ပြောမယ်ဟာ..၊ သူ့ရင်ထဲမှာ ရှိနေတဲ့သူနဲ့ သူ အမုန်းဆုံးလူဟာ တစ်ယောက်တည်းဖြစ်နေတော့ ပို အခံရဆိုးတာပေါ့၊ ငါလဲ မတတ်နိုင်တာ ခွင့်လွှတ်ပါ ကဝေ..."

ကျွန်တော့်ကို ဒီလောက်ထိ စကားပြောကြတာကိုပဲ မိုးအေးကို ကျေးဇူးတင်မိသည်။

သူဘို့က သူတို့သူငယ်ချင်းလေ..။

"မိုးအေး တတ်နိုင်ပါတယ်..."

"ဘာကိုလဲ ကိုအောင်..."

အောင်လေး၊ မြတ်ကိုနဲ့ ငဦး အလှည့်ကျ ဖြစ်ရပ်တွေကို မိုးအေးကို ရှင်းပြတော့ မိုးအေး ပါးစပ်အဟောင်းသား..။

'ဟင်...' 'ဟယ်...' ဆိုတဲ့ စကားသံတွေ အံ့ဩမှုမျက်ဝန်းနဲ့ သူ့ကို လှမ်းလှမ်းကြည့်တာတွေ ခဏခဏ..။

"အဲဒါတွေက.. တကယ်..."

"မလိမ်ပါဘူးဗျာ..၊ မယုံရင် ကားပြင်တဲ့နေ့က ကားပြင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘောက်ချာ၊ ကားပြင်တဲ့ ဝပ်ရှော့ကို လိုက်မေးကြည့်...''

မြတ်ကိုက အဆင်သင့်ဆောင်ထားတဲ့ ကားပြင်တဲ့ ဘောက်ချာကို ထုတ်ပေးသည်။

''အဲဒါမှ မယုံရင် ကားချင်းတိုက်မိတဲ့လူရဲ့ ဖုန်းနံပါတ်ရှိတယ် ခဗျ- -----''

ဖုန်းနံပါတ်ကို ရွတ်ပြတော့...

''ယုံပါတယ်ဟာ..၊ မယုံနိုင်စရာကောင်းအောင် ယုံပါတယ်ဟယ်..၊ တကယ်ပဲဟာ နင်တို့အဖြစ်က...''

ဘယ်လိုမှ မမျှော်လင့်ထားတဲ့ ဇာတ်လမ်းကို ကြားရတော့ မိုးအေးတောင် ကဝေ အတွက် ဝင်ခံစားပေးမိပါသည်။

''ကဝေ.. သော်ကကို ဘယ်လောက်ချစ်သလဲဆိုရင် သော်ကကို ငြင်းပယ်တဲ့အထိပဲ မိုးအေး...''

''ဟာ.. ကိုအောင့်စကားက ရှုပ်နေတာပဲ..''

အောင်လေး စကားကြောင့် မျက်နှာရှုံ့မဲ့စွာပြောတော့ အောင်လေး တဟားဟား ရယ်ရင်း...

''ဟုတ်တယ်လေ..၊ ခဏတာ အချိန်ကာလပိုင်းလေးမှာ တွေ့ရတဲ့ ဘယ်သူဘယ်ဝါမှန်းမသိတဲ့ သော်ကကို သူ ချစ်မိခဲ့တဲ့ အချစ်က သော်ကမှန်း မသိတဲ့ သော်ကကို ငြင်းလိုက်တဲ့အထိပဲ..''





''ပြောရင်းနဲ့ လုပ်ပြီ...''

မိုးအေးက အပြုံးနဲ့ အောင်လေးကို မျက်စောင်းထိုးသည်။ ဦးက ရယ်ကျဲကျဲနဲ့...

''အဲဒါပေါ့..၊ ကဝေသောကာ...''

ဦးရဲ့ ခေါင်းစဉ်ကြောင့် မြတ်ကိုကလည်း အခုလို ပြောသည်။

''ပြည့်ပြည့်စုံစုံဆိုရင် ကဝေတစ်ကောင်ရဲ့သောက.. ပေါ့ဗျာ''

''ကဲ... ကဝေတွေ၊ သောကတွေက အသာထား..၊ မိုးအေးမင်း အလှည့်ရောက်ပြီ...''

''နေဦး..၊ မိုးအေး မေးဖို့ မေ့နေတာ၊ အဲဒီပြဿနာတစ်ခုကလဲ ရှိတယ်...''

''ဘာလဲ...''

''ကဝေတို့ဆိုင်က ကောင်မလေးနှစ်ယောက်..၊ တစ်ယောက်က ဟို... ကောင်တာမှာ ထိုင်နေတဲ့ သေးသေးပုပုလေး၊ ကျန်တစ်ယောက်ကတော့ မသိဘူး..''

''ဝင်းမာအေး...''

မြတ်ကိုက ပြောတော့ မိုးအေးက စဉ်းစားရင်း...

''ဟုတ်လိမ့်မယ်..၊ ကျန်တစ်ယောက်က မသိဘူး၊ အဲဒီနေတာ



www.burmeseclassic.com

www.burmeseclassic.com



နင်တို့ဆိုင်နဲ့ သောကတို့ ကုမ္ပဏီကြားမှာ ဆိုင်ရှိတယ်လေ..၊ အဲ ဆိုင်မှာ သောကာ ထမင်းချိုင့်မပါလို့ နေ့လယ်စာသွားစားရင်း သောက နောက်ကျောဝိုင်းကို ရောက်လာတယ်..၊ သောကရှိ အဲဒီကောင်မလေးနှစ်ယောက်လုံး မသိကြဘူး၊ သူတို့ ပြောနေ တာ ကဝေက အရင်ကရည်းစားရှိတယ်တဲ့..၊ အဲဒါကြောင့် သော ကို ငြင်းလိုက်ကြတာတဲ့..."

"အေးလေ...အခုပဲ ရှင်းပြီးပြီပဲ မိုးအေးရယ်..."

"နေပါဦး ကိုအောင်ရယ်..၊ စကားဆုံးအောင် နားထော ပါဦး"

မိုးအေး စကားဖြတ်ပြောတော့ စိတ်မရှည်စွာ ပြောသည်။

"နင်တို့နှစ်ယောက်က ကားအတူစီးရင်း ကားအက်ဆီးဒင့် ဖြစ်လို့ ကောင်မလေးက တစ်ခုခုဖြစ်သွားလို့ ကောင်မလေး မိဘ တွေက စိတ်နာပြီး အိမ်ပြောင်းသွားကြလို့ ဝေးသွားကြသလိုလို.. နင်က အဲဒီကောင်မလေးကို လိုက်ရှာနေသလိုလို ပြောနေကြတာ သောက ကြားပြီး ပိုဆိုးသွားတာပေါ့ဟ..."

မိုးအေးစကားဆုံးတော့ ကျွန်တော် စိတ်ပျက်လက်ပျက် ခေါင်း ခါသလို မြတ်ကိုက...

"တောက်..၊ အဲဒီပြာမကလေးက..၊ ဒီလို မမိုးအေးရေ.. ဝင်းမာအေးက စိတ်ကူးယဉ်သမား၊ ကျွန်တော်နဲ့ ဖော်ထိုက်





ားတိုက်တဲ့ကိစ္စကို နားစွန်နားဖျားကြားပြီး အခုလို ပုံကြီးချဲ့တော့ ာပဲ၊ အဲဒီကိစ္စ စိတ်မပူနဲ့..၊ သူတို့ကိုခေါ်ပြီး ရှင်းပြခိုင်းပေး ယ်..."

"ဩော်... မသိပါဘူးဟယ်..၊ ဒါပေမယ့် သော်က၊က အဲဒီသတင်းကြောင့် ပိုဆိုးသွားတာဟ..."

"ကဲ... ကိစ္စတွေ အားလုံးတော့ရှင်းပြီ၊ ကဲ... ခေါ်မိုးအေး င်များအလှည့်..."

အောင်လေးစကားကြောင့် မိုးအေးက အောင်လေးကို တဲတောင် တွက်ပြီး...

"ဘယ်လိုဖြစ်နေလဲ မသိဘူး..၊ ကာယကံရှင်ထက် သူက ဖြစ်နေတယ်"

"ဟာ..၊ မဖြစ်လို့ ဖြစ်မလား၊ ဒီကောင့်ပုံစံကြည့်ဦး... ရိုက် သတ်ထားတဲ့ကြက်က မသေမရှင်ဖြစ်ပြီး ဝမ်းနုတ်ဆေး ထပ်စားမိ တဲ့ပုံနဲ့..."

ကျွန်တော် ရှက်ရယ်ရယ်တော့ မိုးအေးက ကျွန်တော့်ကို ပြုံး ကြည့်ပြီး...

"ဘာမှမပူပါနဲ့ ကဝေ..၊ ရှင်ရဲ့ လေးစားစရာကောင်းတဲ့ အချစ်ကို ကျွန်မတို့ကလဲ ပြန်ကူညီရမှာပေါ့..၊ ဒါပေမယ့် အခုချက် င်းကြီးတော့ မဖြစ်ဘူး၊ သောကကို နားဝင်အောင် ပြောပြရှင်းပြရ



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်..၊ မနက်ဖြန် ဟိုကောင်မလေးနှစ်ယောက်ကို လာခေါ်မယ်ပြီးမှ..."

မိုးအေးရဲ့စကားက ကျွန်တော် မျှော်လင့်နေတဲ့ မနက်ဖြန်..။

အဲဒီမနက်ဖြန်ဟာ တကယ်ဖြစ်လာပါစေလို့ ကျွန်တော် မျှော်လင့်နေမိသည်။

❑ ✦ ❑







"အဲဒီကိစ္စတွေက တကယ်ပါ သောကရယ်..၊ ငါ မလိမ်ပါဘူး..."

မိုးအေး ရုံးပိတ်ရက်မှန်းသိသည်မို့ သော်ကကို ညာတာပါတော့နဲ့ မမွေ့က လူရှင်းတဲ့ဆိုင်ကို ခေါ်လာပြီး ကလေး လွဲချော်မှုတဲ့အကြောင်းတွေကို ရှင်းပြပါတော့သည်။

စ,ရှင်းပြခါစက သော်က တ နားမထောင်ဖူးလေး..ဘာလေး၊ ထပြန်မှာနော်...တွေ ဘာတွေ လုပ်ပါသေးသည်။

မိုးအေးက အတင်းထိုင်ခိုင်းပြီး ဇွတ်ရှင်းပြတော့မှ တဖြည်းဖြည်း ငြိမ်ပြီး စိတ်ဝင်စားလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို... ဟိုကောင်မလေးနှစ်ယောက် ပြောတဲ့စကားက..."

"အဲဒါတွေ ရှင်းပြဖို့ ကောင်မလေးနှစ်ယောက်ကို မိဖြိုးသွားခေါ်တယ်..."

မိုးအေး မိဖြိုးကို တမင် သူတို့နဲ့မလိုက်ခိုင်းဘဲ အရင်သွားခေါ်ခိုင်းခဲ့တာပါ..။

"ဟော... လာပြီ.."

မိဖြိုးရဲ့ကားဝင်လာကာ ဆိုင်ခပ်လှမ်းလှမ်းမှာရပ်ပြီး ကဝေတို့ဆိုင်က ကောင်မလေးနှစ်ယောက်နဲ့အတူ ဆင်းလာပါသည်။ သူတို့ဝိုင်းမှာ ကောင်မလေးနှစ်ယောက်က မရဲတရဲ ထိုင်သည်။

"ကဲ... ညီမလေးတို့ ဘာစားမလဲ"

ဝင်းမာအေးက အပြစ်ရှိသူမို့ မျက်စိကလယ်ကလယ်နဲ့...

"ဟို.... မစားတော့ဘူး"

မိုးအေး ရယ်ချင်မိကာ...

"စားပါ.. အားမနာပါနဲ့..၊ လွတ်လွတ်လပ်လပ်နေ..."

ဝင်းမာအေးနဲ့ အေးအေးစိုးက မကောင်းတတ်၍ လက်ဖက်ရည်ပဲ မှာကြပါသည်။

"ဟို... ဒီကအစ်မ မသော်ကကို တောင်းပန်ပါတယ်၊ ဆိုင်ကိုမနေ့က ကဝေ ရောက်လာပြီး ဒေါသတကြီးနဲ့ ကျွန်မကို ဆူလိုက်





တာ ပြောမနေပါနဲ့တော့ အစ်မရယ်..."

မိုးအေးနဲ့ မိဖြိုးက ရယ်ကြပါသည်။ ဝင်းမာအေးက ဟိုကြည့်ဒီကြည့်လိုက်ပေါ့..။

သော်က သူမ သိချင်နေတာကို မေးမိပါသည်။

"ညီမပြောတော့ ကဝေက ကားစီးရင်း သူ့ကောင်မလေးနဲ့ကားတိုက်ကြတယ်ဆို..."

အေးအေးစိုးက ဝင်းမာအေးကို ဇာတ်ကောင်နဲ့ 'ပြော...'ဆိုတဲ့အဓိပ္ပာယ်နဲ့ လှမ်းကွက်တော့ ဝင်းမာအေး မျက်လုံးလေး ကလယ်ကလယ်နဲ့...

"ဟို... အဲဒါ ကျွန်မ တစ်ခါ ဖြတ်ကိုနဲ့ ကဝေ စကားပြောတာ နားစွန်နားဖျား ကြားမှုတယ်လေ..၊ ကားစီးတဲ့ ကောင်မလေးဆိုတာရယ်..၊ ကားအက်ဆီးဒင့်ဖြစ်တာ... မတွေ့ဘူး...ဆိုတာပေါင်းပြီး စိတ်ကူးယဉ်ပြီး ဇာတ်လမ်းဆင်လိုက်တာ..."

မိုးအေးနဲ့ မိဖြိုးက မျက်ရည်ထွက်မတတ်ရယ်တော့ သော်ကတောင် ပြုံးမိပါသည်။

အေးအေးစိုးကလည်း ဝင်းမာအေးကို မျက်စောင်းထိုးရင်းဝင်ပြောလာပါသည်။

"ဟုတ်တယ် မသော်က..၊ ဝင်းမာအေး ဆိုင်မှာ ဒီအတိုင်းပဲသူစကားကိုယုံတာဆိုလို့ ကျွန်မပဲ ရှိတယ်..၊ သူက ဟိုစကားအစ



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားအစ ဆွဲပြီး ပုံကြီးချဲ့တာ အရမ်းတော်တယ်..၊ ကဝေကဆို သူ့ကို နာမည်ပေးထားတယ်..၊ ကျောက်တံတား တင်မောင်ဆွေတဲ့...''

''ဘာလဲ ကျောက်တံတား တင်မောင်ဆွေ...''

မိုးအေးက နားမလည်နိုင်သောကြောင့် မေးတော့ အေးအေးမိုးက ရှင်းပြပါသည်။

''ဟိုလေ...၊ ဓာတ်ပုံ ပုံကြီးချဲ့ တော်တာ...''

ရယ်သံတွေ ဆူညံသွားပါသည်။

သော်က အခုမှ စိတ်ထဲမှာ ရှင်းသွားသလို ကဝေ သူမအပေါ် ချစ်တဲ့ အချစ်ကို အရမ်းလေးစားမိသည်။

ကဝေက သူမကို အမြဲတမ်းရှာနေခဲ့သည်တဲ့..။ အဲဒီအတွက် ကဝေ ပေးဆပ်ခဲ့ရတဲ့ နစ်နာမှုတွေက ရင်နာစရာပါ..။

''ဟုတ်တယ်ဟ..၊ ကဝေလောက် နင့်ကိုချစ်တာ ငါမတွေ့ဖူးသေးဘူး..''

''ကဲ... ဒေါ်သော်က..၊ သောကတွေ ရှိပါသေးလား၊ ငိုဦးလေ...''

''နင်..နော်...''

သော်က ရှက်ကိုးရှက်ကန်းနဲ့ပြောတော့ မိဖြိုးက မျက်စောင်းထိုးရင်း...





''ဘာ... နင်နော်လဲ..၊ အစကတော့ တငိုငို တရယ်ရယ်နဲ့ ကဲ... သွားကြရအောင်...''

''ဘယ်လဲ...''

''ကဝေတို့ဆီလေ..၊ အခုလောက်ဆို ဟိုက လည်ပင်း ညောင်ရေအိုးလောက် ဖြစ်နေပြီ..''

''ကျွန်မတို့ ပြန်တော့မယ်နော်''

''အစ်မ လိုက်ပို့ပေးမယ်လေ...''

ဝင်းမာအေးတို့က အတင်းငြင်းပြီး ပြန်သွားကြပါသည်။ သူမနဲ့ မိုးအေးက ကားတစ်စီး..၊ မိဖြိုးက သူ့ဘာသာ တစ်စီး မောင်းလာပါသည်။

သူမတို့ ဦးတည်မောင်းနှင်လာတဲ့ဆိုင်က သူမနဲ့ ကဝေ လွဲချော်ခဲ့တဲ့ ပန်းခြံထဲကဆိုင်..။

ပန်းခြံထဲကိုဝင်ပြီး ကားကို အဝင်မှာရပ်ကာ သုံးယောက်သား ဆိုင်ရှိရာကို တန်းတန်းမတ်မတ် လျှောက်သွားကာ ဆိုင်ရှေ့က အပြင် မြက်ခင်းပိုင်းတစ်ပိုင်းမှာ ဝင်ထိုင်ပါသည်။

''ဒီကောင်တွေကလဲ နောက်ကျလိုက်တာဟာယ်..၊ ယောကျ်ားလေးဖြစ်ပြီး စောစောမရောက်ဘူး..''

ကျွန်မ ရင်တွေ တဆတ်ဆတ် ခုန်နေပါသည်။ စ,တွေ့ရင် သူမက အရင် တောင်းပန်ရမလား..။ အင်းလေ... ကဝေ့ချစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



တရားတွေအတွက် ကဇော့နှလုံးသား အမောပြေအောင် သူ့အ
အရင်ဝေဘင်းယန်သင့်ဘာပေါ့..။

မိုးအေးက နာရီ ဟကြည့်ကြည့်..၊ လမ်းကို တမျှော်မျှော်—
နောက် မနေနိုင်တဲ့အဆုံး ဖုန်းဆက်သည်။

"ဟဲလို.. ကိုအောင်လား၊ ဘာလို့ကြာနေတာလဲ၊ ဘယ်လို—
ရောက်နေပြီ..၊ အင်း..၊ အင်း..."

ဖုန်းကို ပြန်ပိတ်ပြီး...

"ဟဲ့... ရောက်နေပြီတဲ့၊ သောက နင်သွားလိုက်လေ.."

"ဟာ..."

ရှက်ကိုးရှက်ကန်းနဲ့ မျက်နှာထားရခက်စွာ သူမ ခေါင်း
တခါခါနဲ့ငြင်းတော့ မိုးအေးက မျက်လုံးပြူးပြီး...

"ဟဲ့.. အခုကိစ္စမှာ ကဇော့ဘက်က အများမဟုတ်ဘူး၊ နင်တ
စိတ်ဆိုးဒေါသတွေ ဖြစ်နေတာလေ..၊ သွားစို့..."

"အေးလေ..."

နောက်တော့ မိဖြိုးနဲ့ မိုးအေးရဲ့ တောင်းဆိုမှုကြောင့်...

"ကဲ... ကဲ.. ငါက ဘယ်ကိုသွားရမှာလဲ..."

မိုးအေးက သက်ပြင်း စောင့်အောင့်ချပြီး...

"ကဲ.. လာ... မယ်မင်းကြီးမ..၊ သူတို့က ရောက်နေပြီ..၊
ဆိုင်က မျက်နှာစာနှစ်ခုဆိုတော့ ဟိုဘက်အပေါက်က သူတို့၊ ငါတို့





ကိုပဲ ရှေ့မှာထိုင်ပြီးစောင့်နေတာ..၊ အခုထိကို လွှဲချင်တုန်း..."

သူမ မိုးအေး စကားကြောင့် ပြုံးမိပါသည်။

အခုထိ နည်းနည်းလေးဖြစ်ဖြစ် လွှဲလိုက်ရမှ ကျေနပ်တဲ့ ကံ
တရား၊ ကြည့်စမ်းပါဦး..။

"ဟဲ့.. ဘာပြုံးတာလဲ..၊ လာ... နောက်မှ ကဇော့ရင်ခွင်ထဲ
မှာ ပြုံး..."

"နင်နော်..."

"အောင်မယ်..၊ ဘာ... နင်နော်လဲ..၊ မယုံရင်ကြည့်နေ မိဖြိုး၊
ငါ့စကား မှန်၊မမှန်..."

မိဖြိုးက ရယ်သည်။

ကျွန်မကို အပြင်ကပတ်ပြီး တစ်ဖက် နောက်ကျောကိုသွား
တော့ အောင်လေး၊ ငဦးနဲ့ မြတ်ကိုက ပြူးတူးပြဲတဲ ကြည့်သည်။
ငဦးက...

"ဟိုကောင်ရော..."

"ဘယ်သူလဲ..."

မိဖြိုးက ကြောင်တောင်တောင်နဲ့ပြောတော့ အောင်လေးက...

"ကဝေလေ..၊ နင်တို့ဆီ သွားတာပဲ..."

"မလာပါဘူး..."

မိဖြိုးက ကြောင်တောင်တောင်နဲ့ မိုးအေးက မေးအော်ပြရင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပြောတော့...

"ဆိုင်ထဲကနေ သွားတာပဲ..."

"လုပ်ပြီ..."

မိုးအေး သူမ လက်ကိုဆွဲပြီး ဆိုင်ထဲကနေ ဖြတ်သွားပြီး သွားတော့ အရင်ထိုင်တဲ့နေရာမှာ မတွေ့..။

အဲဒါနဲ့ပဲ အပြင်ကနေပတ်ပြီး ပြန်လျှောက်လာတော့ ကဝေ အပါအဝင် အားလုံး ဘာတွေသဘောကျပြီး ရယ်နေမှန်းမသိ..။

သူမ ခေါင်းကုတ်ရင်း မြေကြီးကိုကြည့်ကာ ကဝေ့ကို မော့မကြည့်ရဲ..။

"ကဲ... ကိုကဝေ..၊ မလွဲသွားအောင် ဟိုးခပ်လှမ်းလှမ်းကို ခေါ်သွားတော့..."

ကဝေကလည်း မြန်ပါ့..။ ပြုတ်တူထက်တောင်ဆိုးတဲ့ သူ့ရဲ့ လက်နဲ့...

"လာ... သောကပေးတဲ့ သော်ကရေ..."

"အို..."

ကဝေ သော်က လက်ကိုဆွဲကာ ကန်စပ်ဆီ ပြေးသွားပါသည်။ ကဝေ စိတ်ထဲမှာ ကုလားကားလို သီချင်းဖွင့်ပြီး က,ရင်းပြေးရင် ကောင်းမလား စဉ်းစားမိသေးသည်။

ထိုင်ခုံမှာ ထိုင်ပြီး ကန်ရေပြင်ကိုကြည့်ရင်း သူမကို ရင်ခွင်ထဲ





မှာ ဆွဲဖက်ထားမိပါသည်။

သူမက ရှုန်းနေသေးသည်။

"နေပါဦး...၊ ဒီမှာ အသက်ရှူကျပ်လို့..."

"ပြန်ရင် ရင်ကျပ်ပျောက်ဆေး ဝယ်တိုက်မယ် စိတ်ချ..."

ကဝေရဲ့ နောက်တိနောက်တောက် စကားကြောင့် သော်က ရယ်သည်။

"ခဏဖယ်ပါဦး..."

"မဖယ်ပါဘူး..."

"သြော်... ရှင်က တရားဝင် ရည်းစားစကားမပြောဘဲနဲ့ ကျွန်မကို ဘာလို့ ဖက်ထားတာလဲ..."

"ပြောပြီးပြီလေ..."

သူမက မျက်ခုံးလေးတွန့် စဉ်းစားရင်း...

"ဘယ်တုန်းကလဲ..."

ကဝေ သူမကို လွှတ်ပေးပြီး သူမ မျက်ဝန်းတွေကြည့်ကာ ပြုံးသည်။

"စတွေ့ကတည်းကကို မျက်ဝန်းတွေက ပြောနေတာပဲ..၊ ကားစီးတဲ့ ခရီးသည်မလေးကို ချစ်တယ်... ချစ်တယ်နဲ့..."

"သွားပါ.."

"သွားလဲပါတယ်..၊ လျှာလဲပါတယ်..၊ သီချင်လည်း..."



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ကဝေနော်..၊ ကဲဝေ..."

သူမ အသံတွေ တိတ်ဆိတ်သွားအောင် ကဝေ ဖန်တီးနိုင်ခဲ့ပါသည်။

ကဝေ ဒီတစ်ခါတော့ လုံးဝ မလွဲချော်တော့ပါ...။

ဘာကြောင့်လဲ သိချင်လား...။

ဒီနှိုင်းခ



BURMESE CLASSIC .com

www.burmeseclassic.com